# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ကဆုန်လဆန်း(၁၃)ရက် ၊ သောကြာနေ့ ၊ (9-5-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၀၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်


၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံ သမ္မတ H.E. Mr. Kassym – Jomart Tokayev နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံ သမ္မတ H.E. Mr. Kassym-Jomart Tokayevနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၁၉၄၁–၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန်အတွက် မော်စကိုမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေပိုင်းတွင် ကာဇက်စတန်နိုင်ငံ သမ္မတ H.E. Mr. Kassym – Jomart Tokayev နှင့် Ritz Carlton ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၁၆ ကော်လံ ၁




ရတနာပုံ
၂၀၂၅ ခုနှစ် မေ ၉ ရက်
အယ်ဒီတာ့အာဘော်

# ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး တိုးမြှင့်မှုအပေါ် ကြိုဆိုထောက်ခံ

မြန်မာနိုင်ငံ၌ ယခုနှစ် မတ် ၂၈ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိအလွန်ပြင်းထန်သည့် မန္တလေးလျှောင်ကြီးနှင့် နောက်ဆက်တွဲလျှောင်ငယ်များလှုပ်ခတ်မှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် လျှောင်ဒဏ်သင့်ခဲ့ရသည်။ ယခုအခါ လျှောင်ဒဏ်သင့်ဒေသများတွင် ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပေသည်။

မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် အလွန်ပြင်းထန်သော မန္တလေးလျှောင်ကြီးနှင့် နောက်ဆက်တွဲ လျှောင်ငယ်များ လှုပ်ရှားမှုကြောင့် လျှောင်ဒဏ်သင့်ဒေသများ၌ လမ်းတံတားများ၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူများအသက်သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ထိုကဲ့သို့သော ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများကြောင့် ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အနေဖြင့် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်အနေဖြင့် လျှောင်ဒဏ်သင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတော်နှင့်နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ပိုမိုလျင်မြန်စွာဖော်ဆောင်နိုင်ရန်၊ ရေရှည်တည်တံ့ပြီး စစ်မှန်သည့်ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်စေရန်နှင့် တည်ငြိမ်အေးချမ်းမှုကိုရေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ် မေ ၆ ရက်မှ ၃၁ ရက်ထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထပ်မံတိုးမြှင့်ထုတ်ပြန်လိုက်သည်။

ယာယီပစ်ခတ်တိုက်ခိုက်မှု ထုတ်ပြန်ကြေညာထားသည့်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများအား နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့် ထိခိုက်ပျက်စီးစေခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီးစေခြင်း၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအား တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်းများ၊ ငြိမ်းချမ်းရေးကို ထိခိုက်ပျက်စီးစေမည့် အင်အားစုဆောင်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း၊ နယ်မြေချဲ့ထွင်ခြင်းများကို မပြုရန်နှင့် ထိုကဲ့သို့ဆောင်ရွက်လာပါက တပ်မတော်အနေဖြင့် ပြည်သူလူထုကိုကာကွယ်သောအားဖြင့် လိုအပ်သည့်အရေးယူတုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ လျှောင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်ဒေသများတွင် ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အနေဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတကာမှလည်း ကူညီမှုများဆောင်ရွက်ပေးနေချိန်လည်းဖြစ်သည်။ ပြည်သူများအကျိုးစီးပွားကို ပိုမိုလျင်မြန်စွာဖော်ဆောင်နိုင်ရေး၊ ရေရှည်တည်တံ့ပြီး စစ်မှန်သည့်ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်စေရန်နှင့် တည်ငြိမ်အေးချမ်းမှုကိုရေးရှုလျက် တပ်မတော်အနေဖြင့် ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလ ထပ်မံတိုးမြှင့်မှုအပေါ် ဝမ်းမြောက်စွာ ထောက်ခံကြိုဆိုပါကြောင်း ရေးသားလိုက်ရပေသည်။

# အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၀၂၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မုန်ညင်းစိုက်ခင်းကို တွေ့ရစဉ်။

**အင်းတော် မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၀၂၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အင်းတော်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ၄၀၂၅ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို မေလ တတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အင်းတော်မြို့နယ်အတွင်း ဟင်းသီးဟင်းရွက်ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေစိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးမဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားပါမယ်" ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန်၊ တောင်သူများအနေဖြင့် ဟင်းသီးဟင်းရွက်များကို တိုးချဲ့စိုက်ပျိုးနိုင်ရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အင်းတော်မြို့နယ်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာသုံးစွဲရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။ (၂၀၆)

# ကျုံပျော်မြို့နယ်တွင် ဒေသထွက် ပဲတီစိမ်းများ အရောင်းအဝယ် ကောင်းမွန်နေ

**ကျုံပျော် မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ဒေသထွက် ပဲတီစိမ်းများ ဝယ်ယူမှု အားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မေလ ပထမပတ်မှ ယနေ့ထိ ပဲတီစိမ်းများ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ပဲတီစိမ်းများ ဝယ်ယူမှုအားကောင်းလာခြင်းသည် ဒေသထွက်ပဲတီစိမ်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု များပြားလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

''ဒေသထွက် ပဲတီစိမ်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ မေလ ပထမပတ်လောက်ကစပြီး သိသိသာသာကို ဝယ်ယူမှု အားကောင်းလာတာ ဖြစ်ပါတယ်။ အခု ဝယ်ယူမှုအားကောင်းနေတဲ့ ဒေသထွက် ပဲတီစိမ်းဟာ အရည်အသွေးကောင်းတဲ့အတွက် ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပဲအထွက်နည်းတာကြောင့်လဲ အဝယ်လိုက်ပြီးအရောင်းသွက်နေတာ ဖြစ်ပါတယ်''ဟု ကျုံပျော်မြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ပဲတီစိမ်း ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိပြီး ပဲတီစိမ်းအပြင် မတ်ပဲ၊ ပဲစင်းငုံ၊ ပြောင်းနှင့် စပါး၊ ဆန် စသည့်ရာသီထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိကြောင်း ကျုံပျော်မြို့နယ်မှ ပဲမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# အမရပူရမြို့နယ် သာလှအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မန္တလေး မေ ၈**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ တမုတ်ဆိုးကျေးရွာအုပ်စု သာလှအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက မြစိမ်းရောင် ကျေးရွာ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၁၉၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၇၆ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၃၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သဲကုန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကွင်းဆင်းစစ်ဆေး

**သဲကုန်း မေ ၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဖန်ခါးပင်ကျေးရွာနှင့် ကိုယ်ကြီးမြုပ်ကျေးရွာတို့၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးရန်ရှင်းအောင်နှင့် ဝန်ထမ်းများက ဖန်ခါးပင်ကျေးရွာနှင့် ကိုယ်ကြီးမြုပ်ကျေးရွာတို့၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖန်ခါးပင်ကျေးရွာ၌ တစ်ဖက်လျှင် လမ်းအရှည်ပေ ၅၂၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၉ ဒသမ ၀၄ သန်းဖြင့် လည်းကောင်း၊ ကိုယ်ကြီးမြုပ်ကျေးရွာ၌ တစ်ဖက်လျှင် လမ်းအရှည်ပေ ၅၇၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၁ ဒသမ ၈၇ သန်းဖြင့် ယခုနှစ် ဖေဖော်ဝါရီလ တတိယပတ်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

အဆိုပါ ကျေးရွာနှစ်ရွာတွင် ကွန်ကရစ်ဘီးလမ်း ခင်းခြင်း လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာတော့မည် ဖြစ်ကြောင်း ခေတ္တမြို့နယ်ဦးစီးမှူး ဦးရန်ရှင်းအောင်ထံမှ သိရသည်။

**အေးမြတ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဧရာဝတီတိုင်းဒေသကြီး စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (ARYEA) က ဆေးပဒေသာပင်အလှူငွေကျပ် ၁၂၀၀၀၀၀ နှင့် ဆေးပစ္စည်းမျိုးစုံ၊ အချိုရည်၊ ငါးသေတ္တာဘူးတို့ကိုလှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့်တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# မြောင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၁၂၅ ကေစိုက်ပျိုးပြီးစီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**စစ်ကိုင်း မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၁၂၅ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၁၁၂ ကေ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၁၂၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြောင်မြို့နယ် နွေသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၄၁၁၂ ကေ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၄၁၂၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးလျက် ရှိပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက် ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေတိုးပွား၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ကော့မှူးမြို့နယ် ကျုံဖာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့မှူး မေ ၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစား စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးရရှိပြီး မိသားစုစားဝတ်နေရေးကို အထောက်အကူပြုနိုင်ရန်အတွက် ကျုံဖာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမကြိမ်မြောက် ထုတ်ချေးပေးခြင်းကို မေ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက စီမံကိန်းရန်ပုံငွေကျပ် ၃၉ သန်းကို ကျုံဖာကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျုံဖာကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေး မွေးမြူရေး၊ အခြားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို ငွေကျပ် ၃၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်ထံမှ သိရသည်။

**အထွေး**

# မအူပင်မြို့နယ်တွင် ဆောင်းသီးနှံမတ်ပဲ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၂၅ ဒသမ ၁၂ တင်း ထွက်ရှိ

**မအူပင် မေ ၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မအူပင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၆၁၃၀၇ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော မတ်ပဲခင်းများ ယခုနှစ် မတ်လပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် မတ်ပဲ ကေအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းခဲ့သည့် မတ်ပဲ တစ်ကေလျှင် ၂၅ ဒသမ ၁၂ တင်း ထွက်ရှိကြောင်း သိရသည်။

''ဆောင်းသီးနှံ မတ်ပဲကေ ၆၀၀၀၀ ကျော်ထိ စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ မတ်ပဲ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ အသီးအနှံတွေမှာလဲ ပိုးမွှား အန္တရာယ်ကင်းရှင်းပြီး အထွက်နှုန်းကောင်းပါတယ်။ ဆောင်းသီးနှံ မတ်ပဲများ လျာထားချက်ပြည့်မီ ကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံတွေ မစိုက်မီ အချိန်ကတည်းက စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းတွေ၊ နည်းပညာပေးလုပ်ငန်းတွေကိုဆောင်ရွက်ပေးခဲ့ပါတယ်''ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

မတ်ပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေတိုးပွား၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# အခါလည်းစုံ လကဆုန် ဂုဏ်ရည်ပြည့်ဝ မြတ်ဗုဒ္ဓ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

“သင်းမြေနံ့သစ်ကြိုင်။
စံကားရွှေဝါနှင့် ညောင်သီတာရေတော်သွန်းချိန်မို့၊
ရွှန်းဝေလို့လှိုင်။
မြိုင်မြစ်စုံ – ယမုန်ခပါတဲ့၊
ပြည်အမရမဏ္ဍိုင် – ခရိုင်နယ်တစ်ဝိုင်း။
သို့ချိန်ဆီ – ရင့်ကျူးပဋိဂ်နှင့်၊
တိမ်ပန်းချီ ပွေလို့ရေးပေလိမ့်၊
ဆေးရင့်ပြာလှိုင်း။ ။

(ဦးကြင်ဥဖွဲ့ – လေးချိုးသဖြန်)

“ပွဲခါညောင်ရေ၊ သွန်းမြဲပေတည့်၊ ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်"ဆိုသည့်အတိုင်း ဗုဒ္ဓဘာသာဝင်တိုင်း အလေးထား ထိန်းသိမ်းစောင့်ရှောက်ကြရမည့် ကုသိုလ်ရေးရာအဖြာဖြာနှင့် ပြည့်စုံနေသောလသည် ကဆုန်လမြတ်ဖြစ်သည်။ ဘာသာယဉ်ကျေးမှုထုံးဓလေ့အရ မမေ့အပ်သော ဗုဒ္ဓနေ့(ကဆုန်လပြည့်နေ့)သည် ပို၍မွန်မြတ်လှသည်။ ကဆုန်လသည် ရာသီသဘာဝအရလည်း အခြားသောလများထက် ပို၍ထူးခြားနေပါသည်။

**လတကာထက် ထူးခြားမှု**

ကဆုန်လသည် မြန်မာ့ဆယ့်နှစ်လတွင် ဒုတိယမြောက်လဖြစ်ပြီး နွေရာသီ၏အပူပြင်းဆုံးသော အလယ်လဖြစ်သည်။ **“တန်ခူးရေကုန်၊ ကဆုန်ရေခန်း”**ဟူသောဆိုစကားနှင့်အညီ ပူပြင်းခြောက်သွေ့လွန်းသဖြင့် မြေပြင်ရှိရေများကုန်ခန်းလေ့ရှိကြောင်း **“ကဆုန်၊ နယုန် – ဆွေ့ဆွေ့ခုန်”** ဟူသောဆိုစကားနှင့်အညီ မြေပြင်သည် ဆွေ့ဆွေ့ခုန်လောက်အောင် အပူရှိန်ပြင်းထန်လေ့ရှိကြောင်း မှတ်တမ်းတင်ထားခဲ့ကြသည်။

**အဖုံဖုံအလီလီ ကဆုန်လအမည်**

**“ကဆုန်”**၏ အဓိပ္ပာယ်မှာ **"က"** – မြန်မာတို့နှင့် အနွယ်တူ၊ တိဗက်၊ တရုတ်နှင့် ထိုင်းဘာသာစကားများအရ **“ရေ”**ဟု အနက်ရသည်။ **“ကု”**ဟုလည်း ခေါ်တွင်သည်။ **“ဆုန်”** – ရှမ်း၊ ကရင်နှင့်အနွယ်တူ တရုတ်ဘာသာစကားတို့အရ **“သွန်းခြင်း၊ လောင်းခြင်း”**ဟု အနက်ရသည်။ **“စုန်၊ ဆီနနှင့် ဇုန်”**ဟုလည်း ခေါ်တွင်ကြသည်။ **“ကဆုန်၊ ကုဆုန်”**လကို **“ရေသွန်းလ၊ ရေလောင်းလ၊ ရေဖျန်းလ"**ဟူ၍အဓိပ္ပာယ်ကောက်ယူခဲ့ကြသည်။ နောက်ပိုင်းတွင် **“ညောင်ရေသွန်းလ”** ဟု သတ်မှတ်ခေါ်တွင်လာခဲ့ကြသည်။

ပုဂံခေတ် (သက္ကရာဇ် ၄၆၉)တွင် ရေးထိုးခဲ့သည့် ထီးလှိုင်ရှင်ကျောက်စာမှာ **“ကုဆုန်”** ဟု ရေးထိုးထားသည်။ **“ကုဆုန်”**မှ **“ကဆုန်”** သို့ ရွေ့လျော့သွားခဲ့ကြောင်း၊ အချို့ကျောက်စာများတွင် **“ကူဆုန်၊ ကဆုန်၊ ခုဆုန်၊ ခူဆုန်”**ဟူ၍ အဖုံဖုံခေါ်ဆိုခဲ့ကြကြောင်း၊ ညောင်ရေသွန်းပွဲတော်ကို ပုဂံပြည်သို့သာသနာတော်ရောက်သည့်အချိန်မှအစပြုခဲ့ကြောင်း၊ မြန်မာလအမည်များ သုတေသနပြုချက်အရ မှတ်သားခဲ့ကြသည်။

**“ဝေါဟာရလီနတ္ထဒီပနီကျမ်း”**တွင် မြန်မာသူရဲကောင်းတို့က **“ကဆုန်လ”** ဟုခေါ်ဆိုခဲ့ကြပြီး၊ မြန်မာပညာရှိတို့က “ကံ ဥဒကံ ဆိန္ဒတီတိ ကဆိနံ"= ကံဥဒကံ=ရေကို၊ ဆိန္ဒတိ=ဖြတ်တတ်၏။ ဣတိတသွာ= ထို့ကြောင့်၊ သောမာသော = ထိုလသည်၊ ကဆိနံ = ကဆုန်လမည်၏ဟု ကြံစည်ပြောဆိုခဲ့ကြသည်။ ကန်၊ ချောင်း၊ ဆည်၊ မြောင်း၊ အင်း၊ အိုင်တို့တွင် ရေပြတ်သောလ၊ ရေခန်းခြောက်သောလဖြစ်သောကြောင့် **“ကဆုန်လ”**ဟု သတ်မှတ်ခြင်းဖြစ်သည်။ ကျမ်းပြုဆရာများ၏ဆိုလိုရင်းမှာ **“ကဆိန”**ဟူသောပါဠိမှ ကဆုန်လဖြစ်လာကြောင်း **က** = ရေဟော။ **ဆုန်(ဆိန)** = ပြတ်ခြင်း၊ ကဆုန်လသည် ရေပြတ်သောလဟူ၍ပင်။ ပူပြင်းလှသော ကဆုန်လနှင့်ပတ်သက်၍ **“မဃဒေဝလင်္ကာ”**တွင် **"အတာကူးသား၊ တန်ခူး၊ ကဆုန်၊ ပူဟုန်တက်ကြွ၊ ဝဿန္တနှင့် တဝထိုမြို့၊ တပို့တပေါင်း၊ ကြက်ဆောင်းမာသ၊ သိသိရ၍၊ လုံ့လကြိုးကုတ်၊** အားထုတ်ပြင်းစွာ၊ မပြုရာတည့်”ဟု ဆေးပညာအယူအဆကို ဖော်ညွှန်းပြဆိုခဲ့သည်။ ဆိုလိုသည်မှာ လောကသည် အလွန်ပူပြင်းခြောက်သွေ့နေကြောင်း၊ ရေကန်၊ ရေအိုင်တို့တွင် ရေသောက်သော သားငှက်တို့များပြားစွာ စုဝေးရောက်ရှိနေကြကြောင်း၊ အစပ်၊ အခါးအရသာရှိသော အသီးအရွက်အမြစ်တို့သည် အားရှိကြောင်း၊ အချဉ်၊ အငန်ဟူသော အစားအစာများနှင့် ပင်ပန်းလွန်းသောအလုပ်တို့ကိုရှောင်ကြဉ်သင့်ကြောင်း သတိပေးထားခြင်းဖြစ်သည်။

ကဆုန်လ၏ ပူပြင်းခြောက်သွေ့ ဆွေ့ဆွေ့ခုန်ပုံများကို စာပန်းချီခြယ်သခဲ့ကြသကဲ့သို့ ကဆုန်လ၏ လဝက် ဒုတိယပိုင်းတွင် မိုးသံလေသံများ ခြိမ့်ခြိမ့်ညံခဲ့ကြသည်ကိုလည်း ရေးဖွဲ့ထားကြပါသေးသည်။ နေမင်း၏ပူပြင်းမှုဒဏ်ကို မိုးနတ်မင်းကလည်း တုံ့ပြန်သည့်အနေဖြင့် မိုးထစ်ချုန်းပြလေ့ရှိခဲ့သည်။ မိုးဖွဲဖွဲလေးရွာသွန်းပေးသဖြင့် မြေသင်းနံ့လေးက မွှေးနေကြလေ့ရှိသည်။ ထို့ကြောင့် **“ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့”**ဟုစပ်ဆိုခဲ့ကြသည်။ ကုန်းဘောင်ခေတ် ဉာဏ်ဝန်ကြီးဦးဖြေက **“တောတောင်ငယ်ပတ်ခြံ၊ မြေသင်းပျံ့လည်း၊ ရနံ့ကြူးကြူး၊ မိုးသားမြူးနှင်၊ ထွေထူးမျိုးခေါ်၊ စည်ကြီးကျော်လို့၊ ထီးဆော်ညံ့ညံ့၊ မိုးပွဲပဲခံတော့.."**ဟုလေးချိုးစပ်တင်စားဂုဏ်ပြုခဲ့သည်။ **“အရှင်အဂ္ဂသမာဓိ”**၏ နေမိဘုံခန်းပျို့တွင်လည်း **“ပန်းမန်ငုံကင်း၊ သုတ်လေညင်းနှင့်၊ မြေသင်းနံ့နံ့၊ တပျံ့ပျံ့ပျူး၊ မင်းလွှင်မြူးလျက်၊ တန်ခူးလည်းကုန်၊ လကဆုန်သည်၊ ပစ္စုန်ရိုက်မြည် ချုန်းချုန်းတည်း”**ဟု စပ်ဆိုခဲ့သည်။

**ကဆုန်လပြည့်(ဗုဒ္ဓနေ့)**

ကဆုန်လ၏ လောကီထူးခြားချက်များအပြင် လောကုတ္တရာ ဗုဒ္ဓသာသနာ၏ မွန်မြတ်ထူးခြားချက်များကလည်း များစွာရှိသည်။ ထို့ကြောင့် **“အခါလည်းစုံ ၊ လကဆုန်”** ဟုဆိုရိုးရှိခဲ့သည်။

**“ဆု၊ ဖွား၊ ပွင့်၊ စံ၊ ဤလေးတန်၊ မှတ်ရန်ကဆုန်လ”**
**"ဗျာဒိတ်၊ ဖွား၊ မြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း"**

ဟူ၍ စာဆိုပညာရှင်များက **“ကဆုန်လပြည့်နေ့”**နှင့် ပတ်သက်၍ အထူးဝိသေသပြု ညွှန်းဆိုခဲ့ကြသည်။

၁။ **"ဆု၊ ဗျာဒိတ်"**နှင့်ပတ်သက်၍ ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရားရှေ့အရောက် ဝမ်းလျားမှောက်ကာ နိယတဗျာဒိတ်ကို ခံယူတော်မူခဲ့သည်။ (ဆုတော်တောင်းခြင်း)

၂။ **"ဖွား"**နှင့်ပတ်သက်၍ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့် (သောကြာနေ့)ဝယ် ချမ်းမြေ့စုံညီ၊ လုမ္ဗိနီ၌ မဟီလှိုက်ဆူ ဖွားမြင်တော်မူခဲ့သည်။

၃။ **"ပွင့်၊ မြင်၊ ဗောဓိပင်"**နှင့် ပတ်သက်၍ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် (ဗုဒ္ဓဟူးနေ့)တွင် ဖွားဖက်တော် မဟာဗောဓိပင်၊ ရွှေပလ္လင်၌ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ထို့ကြောင့် ကဆုန်လပြည့်နေ့ကို **"ဗုဒ္ဓနေ့"**ဟုလည်း သတ်မှတ်ပူဇော်ခဲ့ကြသည်။

၄။ **"စံ"**နှင့်ပတ်သက်၍ မြတ်စွာဘုရားရှင်သည် ဝါတော်လေးဆယ့်ငါး၊ သက်တော်ရှစ်ဆယ်၊ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့် (အင်္ဂါနေ့)တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ ဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူခဲ့သည်။

**❖ပူပြင်းခြောက်သွေ့ပြီး ရေကုန်ရေပြတ်သော လမြတ်ကဆုန်တွင် ဗုဒ္ဓသာသနာနွယ်ဝင် မဟာဗောဓိပင်များ မညှိုးနွမ်းကြစေရေးအတွက် မြတ်ဗုဒ္ဓကိုရည်မျှော်ပူဇော်ကန်တော့ကြသည့်အလား ပင်ပွား၊ ဆင့်ပွား၊ ညောင်ဗုဒ္ဓဟေပင်များကို ရေသွန်းလောင်းခဲ့ကြသည်။ ကဆုန်လပြည့်နေ့တိုင်း တောရောမြို့ပါမကျန် အကြီး၊ အငယ်၊ အလတ်သုံးပါးမရွေး တစ်ဦးချင်းစီရော၊ အသင်းအဖွဲ့အလိုက်ပါ ရေအိုးကိုယ်စီရွက်ကြလျက် ဗောဓိပင်များရှိကြရာသို့ အိုးစည်ဗုံမောင်း၊ အကအခုန်စုံလင်စွာဖြင့် စီတန်းလှည့်လည်သွားလာကြကာ ရေစင်သွန်းလောင်းကြလေ့ရှိသည်။❖**

ကဆုန်လပြည့်နေ့၏ ထူးခြားချက်များတွင် ဖွားဖက်တော်ခုနစ်ပါးပါဝင်သည်။ **“ကာဠု၊ ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍက၊ သောဏ္ဏနှင့်ဗုဒ္ဓဟေ”**ဟူသော ဖွားဖက်တော် ခုနစ်ပါးဖြစ်သည်။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသော ကဆုန်လပြည့်နေ့တွင် မွေးဖွားပေါ်ပေါက်လာကြသောကြောင့် ဖွားဖက်တော်များဟု ဂုဏ်ပြုသတ်မှတ်ထားခြင်းဖြစ်သည်။ (၁) ကာဠု = ကာဠုဒါယီအမတ်၊ (၂) ယသော်= ယသောဓရာမင်းသမီး၊ (၃) ညီတော် = ညီတော် အာနန္ဒာ(မင်းသား)၊ (၄) ဆန္န = ဆန္နအမတ်(မြင်းထိန်း) မြင်းမိုးဆွဲမောင်ဆန်၊ (၅) ကဏ္ဍက = မြင်းရတနာ၊ (၆) သောဏ္ဏ = ရွှေအိုးကြီး လေးလုံး၊ (၇) ဗုဒ္ဓဟေ = ညောင်ဗုဒ္ဓဟေ(မဟာဗောဓိပင်) စသည့်ဖွားဖက်တော် ခုနစ်ပါးသည် မြတ်စွာဘုရားရှင်အတွက် ကုသိုလ်ကောင်းမှုအထောက်အပံ့များဖြစ်ကြသည်။ ထိုဖွားဖက်တော် = ခုနစ်ပါးအနက် **“ဗောဓိပလ္လင်၊ ရွှေညောင်ပင်” (ညောင်ဗုဒ္ဓဟေ) (ညောင်နီပင်)**သည်ကား ကဆုန်လပြည့်နေ့တွင် မြတ်ဗုဒ္ဓအားရည်မျှော်မှန်းဆရေသွန်းလောင်းပူဇော်ကြသည့် **“ညောင်ရေသွန်းပွဲတော်”**နှင့်ဆက်စပ်ထင်ဟပ်နေသည်။

**မဟာဗောဓိပင်နှင့် ညောင်ရေသွန်းပွဲတော်**

မြတ်စွာဘုရားရှင်တို့ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင်သိမြင်တော်မူရာ သစ်ပင်ထူး သစ်ပင်မြတ်များကို မဟာဗောဓိပင်များဟု ခေါ်ဆိုခဲ့ကြသည်။

ပါဠိလို **ဗောဓိ** မြန်မာပြန်သော် **“သိမြင်တော်မူခြင်း၊ သိမြင်တော်မူရာ”**ဟုအဓိပ္ပာယ်ရ၏။ **“အရိယာမဂ်၊ သဗ္ဗညုတာဉာဏ်နှင့် ဗောဓိပင်”**ဟူသောအနက်အဓိပ္ပာယ်သုံးမျိုးတို့ကို ဟောကြားထားရာ သဗ္ဗညုတရွှေဉာဏ်တော်သည် ဗောဓိမည်ကြောင်း မြတ်စွာဘုရားရှင်တို့ ပွင့်တော်မူရာသစ်ပင်ကိုကား ဗောဓိဟု ခေါ်ဆိုကြောင်း မှတ်တမ်းပြုထားကြသည်။

ဝိပဿီဘုရားရှင်သည် **“သခွတ်ပင်”**၊ သိခီဘုရားရှင်သည် **“သရက်ပင်”**၊ ဝဿဘူဘုရားရှင်သည် **“အင်ကြင်းပင်”**၊ ကကုသန်ဘုရားရှင်သည် **“ကုက္ကိုပင်”**၊ ကောဏာဂုံဘုရားရှင်သည် **“ရေသဖန်းပင်"** ကဿပဘုရားရှင်သည် **“ပညောင်ပင်”** ဂေါတမဘုရားရှင်သည် **“ညောင်ဗုဒ္ဓဟေပင်" (ညောင်နီပင်)** စသည့်အပင်များ၌ ပွင့်တော်မူခဲ့ကြသည်။ နောင်ပွင့်လတ္တံ့သော အရိမေတ္တေယျဘုရားရှင်လက်ထက်တွင် **“ကံ့ကော်ပင်”** ၌ ပွင့်မည်ဟုဆိုကြသည်။ ဘုရားရှင်အဆူဆူပွင့်တော်မူရာ သစ်ပင်များကို သာသနာတော်အလိုအရ **“ဗောဓိပင်”**များ၊ **“မဟာဗောဓိပင်များ”** ဟုအလေးအမြတ်ထား၍ ရေသွန်းလောင်းပူဇော်ကန်တော့ခဲ့ကြသည်။ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူခဲ့ရာ ညောင်ဗုဒ္ဓဟေပင်ကိုအစွဲပြုကာ **“ဗောဓိရွှေညောင်”**ဟု အပြောအရေးများနေကြခြင်းဖြစ်သည်။

ပူပြင်းခြောက်သွေ့ပြီး ရေကုန်ရေပြတ်သော လမြတ်ကဆုန်တွင် ဗုဒ္ဓသာသနာနွယ်ဝင် မဟာဗောဓိပင်များ မညှိုးနွမ်းကြစေရေးအတွက် မြတ်ဗုဒ္ဓကိုရည်မျှော်ပူဇော်ကန်တော့ကြသည့်အလား ပင်ပွား၊ ဆင့်ပွား၊ ညောင်ဗုဒ္ဓဟေပင်များကို ရေသွန်းလောင်းခဲ့ကြသည်။ ကဆုန်လပြည့်နေ့တိုင်း တောရောမြို့ပါမကျန် အကြီး၊ အငယ်၊ အလတ်သုံးပါးမရွေး တစ်ဦးချင်းစီရော၊ အသင်းအဖွဲ့အလိုက်ပါ ရေအိုးကိုယ်စီရွက်ကြလျက် ဗောဓိပင်များရှိကြရာသို့ အိုးစည်ဗုံမောင်း၊ အကအခုန်စုံလင်စွာဖြင့် စီတန်းလှည့်လည်သွားလာကြကာ ရေစင်သွန်းလောင်းကြလေ့ရှိသည်။ ပျော်ရွှင်ကြည်နူးစရာကောင်းလှသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုတစ်ရပ်ဖြစ်နေလေပြီ။

ညောင်ရေသွန်းပွဲတော်ကို မြတ်စွာဘုရားသက်တော်ထင်ရှား ရှိတော်မူစဉ်ကတည်းကပင် စတင်ပေါ်ထွန်းခဲ့ပြီး သာဝတ္ထိပြည်တွင် ပသေနဒီကောသလမင်းကြီးဦးဆောင်ကာ ညောင်ရေသွန်းပွဲတော်ကို ကျင်းပခဲ့သည်။ မြန်မာရာဇဝင်၊ ပင်းယခေတ်တွင် ပေါ်ပေါက်လာသော ပြည်မင်းမျက်နှာရှည်ကာချင်းတွင် **“စံကားဝတ်စုံမြေ၊ သွန်းညောင်ရေ၊ ထုံးလေတန်စကူး၊ နွေလဆန်း၊ ဆန်းလဦး၊ ဝတ်ဆံရွှေသား၊ စံကားပွင့်လှဦး"** ဟုရေးစပ်ခဲ့ရာ ပုဂံခေတ်၊ ပင်းယခေတ်ကတည်းက ညောင်ရေသွန်းပွဲတော် ကျင်းပခဲ့ကြောင်း သက်သေတည်နေသည်။

ရှေးမြန်မာဘုရင်များကိုယ်ကိုင် ကြီးမှူး၍ ညောင်ရေသွန်းပွဲတော်ကျင်းပခဲ့ကြောင်း ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းတရားလက်ထက်တွင် မဲဇာသို့ အပို့ခံခဲ့ရသော လက်ဝဲသုန္ဒရဘွဲ့ခံအမတ်ကြီး ဦးမြတ်စံ၏မဲဇာတောင်ခြေရတုကလည်း ထင်ရှားသောသာဓကကိုပြသနေသည်။ ကဆုန်လပြည့်နေ့က မဲဇာရပ်သူတို့ ကျင်းပသွန်းလောင်းကြသည့် ညောင်ရေသွန်းပွဲသဘင်ကို မြင်တွေ့လိုက်ရသော အမတ်ကြီး ဦးမြတ်စံသည် ရတနာပူရရွှေမြို့တော်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ညောင်ရေသွန်းပွဲတော်ကိုမြင်ယောင်တမ်းတ၊ လွမ်းမောလှစွာဖြင့် **“ပွဲခါညောင်ရေ၊ သွန်းမြဲပေတည့်၊ ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆုယူသည်၊ ရွှေဂူတော်နှင့်၊ ရှုတိုင်းတင့်သား”**စသည်ဖြင့် လွမ်းမောဖွယ်ပိုဒ်စုံရတုကို ဖွဲ့ဆိုသီကျူးခဲ့သည်။

အမည်မသိစာဆိုရှင်တစ်ဦးကလည်း ပါတော်မူသွားသော အရှင်နှစ်ပါးကိုတမ်းတပြီး ဆယ့်နှစ်လစည်တော်သံကို ရေးဖွဲ့ခဲ့ရာ ကဆုန်လဖွဲ့တွင် **“လ–ကဆုန်ညောင်ရေပွဲနှင့် လွဲရှာပေါ့တစ်ကျွန်းပျော်၊ လွမ်းမိသနော်။ တူနှစ်ဖော် ရွှေပြည်တော် စံတဲ့ကျေးနှင့်၊ ဝေးကွာလို့လေး”**ဟု လွမ်းမောဖွယ်ရေးဖွဲ့ခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံဖူးစားပြောင်း ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ကျောက်မြောင်း မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်း ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဖူးစားပြောင်း ၁၅၄၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ပြောင်းအဖူးရေ ၁၅၀၀၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီက ကျောက်မြောင်းမြို့နယ်ခွဲမှာ ဖူးစားပြောင်း ၁၅၄၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ရေးနဲ့ ပိုးမွှား ရောဂါကျရောက်မှု မရှိစေရေး အတွက် အသိပညာပေးဆောင်ရွက်ခဲ့ပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဖူးစားပြောင်းသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျ အသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာအသိပညာများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဖူးစားပြောင်းသီးနှံစိုက်ပျိုးရာတွင် တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းခန့်ကုန်ကျစရိတ်ရှိပြီး တစ်ကေလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းသီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့်ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ရာ ဖူးစားပြောင်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

**"ကဆိနကို၊ ကဆုန်ဆို၊ အတိုရှေးစကား။**
**ရာသီပြိုသ၊ ခေါ်ဆိုကြ၊ ပွဲမြညောင်ရေထား။**
**ကြယ်ဝိသာခါ၊ စန်းယှဉ်လာ၊ ပန်းမှာရွှေစံကားxxx**
**သုံးလူ့ဆံကျင်၊ ဖွားပွင့်ဝင်၊ လတွင်မြတ်တစ်ပါးxxx"**

**(ရှေးစာဆိုတစ်ဦးဖွဲ့သံပေါက်)**

"ဗုဒ္ဓနေ့” ဝိသေသနှင့်ပြည့်ဝသော လမြတ်ကဆုန်၏ ရာသီအထိမ်းအမှတ်ပန်းသည်ကား **“ပန်းနံ့စံကားရွှေ ပျံ့ရှားငယ်ခြေသည်၊ နွေသမယ အချိန်၊ ညောင်ရေလတွင်မှ"**ဟုတစ်မျိုး၊ **“ညောင်ရေသွန်းသဘင်လည်း ဖွင့်၊ ပန်းစံကားဝါထိန်ထိန်လည်းပွင့်"**ဟုတစ်နည်း **“စကားငုံစီ၊ ပွင့်ခဲ့ပြီရှင့်" "စံကားရွှေဝါနှင့် ညောင်သီတာရေတော်သွန်းချိန်မို့”**ဟုတစ်ဖုံ **“ညောင်ရေတော်၊ ပွဲရတုကြုံ. . . ရွှေစံကား။ ခရားထုံသည်”၊ "အလှကြိုင်မြူး၊ ကွန့်ဖူးစံကား၊ လှိုင်ပျံ့ရှားသည်"** ဟုတစ်သွယ် စာပန်းချီခြယ်သခဲ့ကြရသည့် **“စံကားဝါပန်း"** ဖြစ်သည်။

**“အမျိုးသမီးစာဆိုတော်မယ်ခွေ”** ကလည်း ကဆုန်လဖွဲ့ အဲချင်းတွင် “ကဆုန်ငယ်မှရတု၊ မြနီလာစစ်၊ အပြာရစ်နှင့်၊ ရစ်မျက်နှာဆို၊ တောတခိုမှာ၊ ပျိုပျိုနုနုနှင့်၊ ကျီးဥမှာလဲ့ပြာ၊ စံကားထုံသင်း၊ ဂေါဇာချင်းတွင်၊ တုကင်းလွတ်ကွာ၊ ငှက်ပေါင်းသာလို့၊ ညှာခြွေဝယ်စံသည့်ယုဂန်မှာ၊ တိမ်တစ်ပုံကိုဂဠုန်လိုဝဲ"ဟု တောတောင်သာယာလှပပုံများကို ဖွဲ့ညွှန်းဆိုခဲ့သည်။

**“ဗုဒ္ဓနေ့”** ဟု အမွန်အမြတ်ထားရသည့် ကဆုန်လပြည့်နေ့၊ နေ့ထူးနေ့မြတ်ပါဝင်သော ကဆုန်လရာသီအမည်က **"ပြိုသ"** စန်းပြည့်နက္ခတ်က **“ဝိသာခါ”**၊ ယှဉ်တာရာက **“တံငါတာရာ”** ၊ ရာသီရုပ်က **“နွားလား”**၊ ရာသီပန်းက **“စံကားပန်း"**၊ ရာသီပွဲက **“ညောင်ရေသွန်းပွဲ”**၊ လပြည့်သန်းခေါင် နတ်ပေါင်းခပင်က **“သိကြားလောင်မီးပင်”** ရက်ရာဇာက **"ကြာသပတေး၊ စနေ"**၊ ပြဿဒါးက **“ဗုဒ္ဓဟူး၊ သောကြာ"** စသည်ဖြင့် နက္ခတ်ဗေဒပညာရှင် များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။

**ဓမ္မပူဇာ**

ကဆုန်လ၏ထူးခြားသောဝိသေသများစွာထဲတွင် ယူတတ်လျှင် မြတ်သည့် ဘာသာယဉ်ကျေးမှု၊ ထုံးဓလေ့၊ ဓမ္မလမ်းညွှန်ချက်များပါရှိသည်။ မြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်ခါနီး ကဆုန်လပြည့်ညတွင် ညီတော်အာနန္ဒာအား “အာနန္ဒာ. . . ငါဘုရားကို ဆွမ်း၊ သင်္ကန်း၊ ပန်းနှင့် ဆီမီးစသော လှူဖွယ်ရုပ်ဝတ္ထုပစ္စည်းတို့ဖြင့် လှူဒါန်းခြင်းဟူသော **“အာမိသပူဇာ”** ကို ပူဇော်ခြင်းသည် ငါဘုရားကို အမှန်အလေးပြုအပ်၊ မြတ်နိုးအပ်၊ ပူဇော်အပ်သည်ဟူ၍မမည်။ ယင်းအစား၊ ငါဟောကြား မိန့်ဆိုဆုံးမအပ်သော ဩဝါဒစကား၊ အဆိုအမိန့်အတိုင်း၊ ကျင့်ကြံလိုက်နာ၍ နေထိုင်ခြင်းဟူသော **“ဓမ္မပူဇာ”** ဖြင့် ပူဇော်ခြင်းသည်သာလျှင် ငါဘုရားကို မြတ်နိုးရာမည်သည်။ ပူဇော်ရာရောက်သည်။ အလေးဂရုပြုရာ ဖြစ်လေသည်။ ကောင်းသောပူဇော်ရာလည်း ခေါ်လေသည်။ ပြုပြင်စီရင်အပ်သော သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘောရှိကုန်၏။ မမေ့မလျော့သော အပ္ပမာဒတရားဖြင့်နေကြပါ"ဟု ဟောကြားတော်မူခဲ့ရာ အလေးအနက်ထားကြပြီး လိုက်နာကျင့်ကြံအပ်လှသည်။

ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့)တွင် မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော **“အာမိသပူဇာနှင့်ဓမ္မပူဇာ”**ကို ပိုင်းခြားနားလည်နိုင်ကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရသည်။

**ကျမ်းကိုး။**

- **ဆရာလှသမိန်၏ “ရှေးစာဆိုတော်များ၏ ဆယ့်နှစ်ရာသီဖွဲ့ပေါင်းချုပ်”**
- **ဝိသဇ္ဇက (ပဲခူး) ၏ မြန်မာ့ဆယ့်နှစ်လရာသီဖွဲ့**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်စပ်လျဉ်း၍**

## ကဆုန်လမြတ်

- နွေလက်ကျန် အပူရှိန်ပြေး
ရာသီအေး ကဆုန်ပါ၊
မိုးကိုမျှော် သီးနှံမျိုးကိုလ
စိုက်ပျိုးကြကာ၊
ကဆုန်လ ရာသီအခါ
ထူးမြတ်စွာ ပန်းချီဆင့်၊
ရွက်ဟောင်းကြွေ ရွက်သစ်များက
ဖွံ့ထွားရန်သင့်။

- ပန်းစံကားသည် လှိုင်လှိုင်ပွင့်
မွှေးရနံ့တင့် လကဆုန်၊
နောက်တောင်လေ တိုက်ကာမြူး
ထူးခြားဖြစ်ပုံ၊
မိုးစက်လေးက မြေရနံ့ထုံ
ရာသီကြုံတဲ့ လမြတ်မိုး၊
ဗောဓိညောင် ရေစင်သွန်းတယ်
ထွန်းကားကောင်းကျိုး။

- များသူတော် ဒါနပျိုး
ကမ္ဘည်းထိုး လမြတ်ဆောင်၊
သဒ္ဓါရှင် အလှူပြုလို့
သာဓုခေါ်အောင်၊
ကျက်သရေတင့် ဂုဏ်ထည်ရောင်
ထိန်လင်းပြောင် ဗျာဒိတ်ရ၊
ဗုဒ္ဓရှင် ဓာတ်ကြောင်းတင့်တယ်
ဖွားပွင့်စံလ။ ။

**မောင်မျိုးချစ်(အညာမြေ)**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# နိုင်ငံတကာ သတင်းများ

## ယူကရိန်းမောင်းသူမဲ့ လေယာဉ် ၁၂ စင်းကို ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်များ ပစ်ချနိုင်ခဲ့

**မော်စကို မေ ၈**

မော်စကိုမြို့သို့ ပျံသန်းလာသည့် ယူကရိန်းမောင်းသူမဲ့ လေယာဉ် ၁၂ စင်းကို ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်များက မေ ၇ ရက်တွင် ပစ်ချနိုင်ခဲ့ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံသည် မေ ၇ ရက်တွင် သုံးရက်မြောက်နေ့အဖြစ် ရုရှားနိုင်ငံ မော်စကိုမြို့သို့ မောင်းသူမဲ့လေယာဉ်များဖြင့်တိုက်ခိုက်ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။

ယူကရိန်း၏ မောင်းသူမဲ့ လေယာဉ် တိုက်ခိုက်မှုကြောင့် မော်စကိုမြို့ နယ်မြေအတွင်းရှိ လေဆိပ်နှစ်ခု၌ လေဆိပ်လုပ်ငန်းများ ယာယီရပ်တန့်ခဲ့ရကြောင်း မော်စကိုမြို့တော်ဝန် ဆာဂေးဆိုဗျာနင်က ပြောကြားထားသည်။

၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့် အထိမ်းအမှတ် အခမ်းအနားများအတွက် ရုရှားနိုင်ငံက ပြင်ဆင်နေစဉ် ယူကရိန်းနိုင်ငံက မော်စကိုမြို့ကို မောင်းသူမဲ့ လေယာဉ်များဖြင့် တိုက်ခိုက်နေခြင်းဖြစ်သည်။

မော်စကိုမြို့ ရင်ပြင်နီ၌ မေ ၉ ရက်တွင် ကျင်းပမည့် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့် စစ်ရေးပြချီတက်ပွဲ၌ တရုတ်သမ္မတ ရှီကျင့်ဖျင်အပါအဝင် နိုင်ငံတကာခေါင်းဆောင်အများအပြား တက်ရောက်ကြမည်ဖြစ်သည်။


ပြီးခဲ့သည့် ၂၄ နာရီအတွင်း ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်များအနေဖြင့် မောင်းသူမဲ့ လေယာဉ် ၅၂၄ စင်းကို ပစ်ချခဲ့ရကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက မေ ၇ ရက်တွင် ကြေညာထားသည်။

သို့ရာတွင် ယင်းမောင်းသူမဲ့ လေယာဉ်များအား မည့်သည့်နေရာများ၌ ပစ်ချခဲ့သည်ကို ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

## ရုရှားသမ္မတပူတင် တရုတ်သမ္မတရှီကျင့်ဖျင်အား ကြိုဆိုနှုတ်ဆက်



**မော်စကို မေ ၈**

၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့် အထိမ်းအမှတ် အခမ်းအနားများ တက်ရောက်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် မေ ၇ ရက်တွင် ရုရှားနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိလာကြောင်း သိရသည်။

မော်စကိုမြို့၌ ရောက်ရှိလာသည့် သမ္မတရှီကျင့်ဖျင်ကို ရုရှားသမ္မတပူတင်က ကရင်မလင်နန်းတော်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ရုရှားနှင့် တရုတ်တို့အနေဖြင့် လက်ရှိအချိန်တွင် နာဇီလက်သစ်ဝါဒကို အတူတကွရင်ဆိုင်နေကြရပြီဖြစ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံစဉ် ရုရှားသမ္မတပူတင်က ပြောကြားခဲ့သည်။

သမ္မတရှီကျင့်ဖျင်၏ လေးရက်ကြာခရီးစဉ်အတွင်း တရုတ်နှင့် ရုရှားတာဝန်ရှိသူများသည် နှစ်နိုင်ငံ သဘောတူညီချက်များ လက်မှတ်ရေးထိုးရန် စီစဉ်ထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် မေ ၉ ရက်တွင် မော်စကိုမြို့ ရင်ပြင်နီ၌ကျင်းပမည့် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့် စစ်ရေးပြချီတက်ပွဲသို့ အခြားနိုင်ငံတကာခေါင်းဆောင်များနှင့် အတူ တက်ရောက်မည်ဖြစ်သည်။

ရုရှားနှင့် တရုတ်နိုင်ငံတို့သည် အကန့်အသတ်မရှိ မဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေး ကြေညာထားသည့် နိုင်ငံများဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အစ္စရေးနိုင်ငံက လက်ဘနွန်တောင်ပိုင်း၌ လေကြောင်းတိုက်ခိုက်မှု ၁၄ ကြိမ် ပြုလုပ်



**ဘေရွတ် မေ ၈**

အစ္စရေးနိုင်ငံသည် ယနေ့တွင် လက်ဘနွန်တောင်ပိုင်း နာဘာတီယာဒေသကို လေကြောင်းတိုက်ခိုက်မှု ၁၄ ကြိမ် ပြုလုပ်ခဲ့ကြောင်း လက်ဘနွန်လုံခြုံရေးတာဝန်ရှိသူများက ပြောကြားထားသည်။

အစ္စရေးစစ်ဘက်၏ ယနေ့လေကြောင်း တိုက်ခိုက်မှုသည် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း အစ္စရေးနှင့် ဟစ်ဇ်ဘိုလာအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရယူပြီးနောက်ပိုင်း အစ္စရေးစစ်ဘက်က လက်ဘနွန်၌ ပြုလုပ်ခဲ့သည့် အပြင်းထန်ဆုံး တိုက်ခိုက်မှုများထဲတွင် ပါဝင်ကြောင်း လက်ဘနွန်တာဝန်ရှိသူများ၏အဆိုအရ သိရသည်။

အစ္စရေးနိုင်ငံနှင့် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုတို့သည် အမေရိကန်နိုင်ငံ၏ကြားဝင်ညှိနှိုင်းမှုဖြင့် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ် ရယူခဲ့သည်။

သို့ရာတွင် အစ္စရေးစစ်ဘက်သည် တစ်ခါတစ်ရံ လက်ဘနွန်နိုင်ငံအတွင်းရှိ စစ်သွေးကြွပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများ မကြာခဏပြုလုပ်ခဲ့သည်။

ပြီးခဲ့သည့် ဧပြီလကလည်း အစ္စရေးနိုင်ငံသည် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တောင်ပိုင်းရှိ အဆောက်အအုံတစ်လုံးကို လေကြောင်းတိုက်ခိုက်မှု တစ်ရပ် ပြုလုပ်ခဲ့သည်။

အဆိုပါ အဆောက်အအုံသည် ဟစ်ဇ်ဘိုလာအုပ်စုက ဒုံးကျည်များ သိုလှောင်ရာတွင် အသုံးပြုသည့် အဆောက်အအုံဖြစ်ကြောင်း အစ္စရေးစစ်ဘက်က သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## မြောက်ကိုရီးယားနိုင်ငံက တာတိုပစ် ဘလစ်စတစ် ဒုံးကျည်များအဖြစ်ယူဆရသော ဒုံးကျည်များပစ်လွှတ်



**ဆိုးလ် မေ ၈**

တာတိုပစ် ဘလစ်စတစ် ဒုံးကျည်များအဖြစ် ယူဆရသော ဒုံးကျည်များကို မြောက်ကိုရီးယားနိုင်ငံက မေ ၇ ရက်တွင် အရှေ့ဘက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်းသို့ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

မေ ၇ ရက် ဒုံးကျည်စမ်းသပ်မှုသည် ပြည်ပသို့ တင်ပို့ရောင်းချရန်ရည်ရွယ်ထားသည့် ဒုံးကျည်များကို စွမ်းရည်ပြ စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားထားသည်။

မြောက်ကိုရီးယားနိုင်ငံက မေ ၇ ရက်တွင် ပစ်လွှတ်ခဲ့သည့် ဒုံးကျည်များသည် အကွာအဝေး ကီလိုမီတာ ၈၀၀ ထိ ပျံသန်းခဲ့ပြီးနောက် ပင်လယ်ရေပြင်အတွင်း ကျရောက်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် အဆိုပါဒုံးကျည်များကို အရှေ့ဘက်ကမ်းရိုးတန်းဒေသ မြို့တစ်မြို့ဖြစ်သည့် ဝန်ဆန်မြို့မှတစ်ဆင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယား နိုင်ငံ၏ ဘလစ်စတစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပိတ်ပင်ထားသည်။

သို့ရာတွင် ပြီးခဲ့သည့်နှစ်များအတွင်း မြောက်ကိုရီးယားနိုင်ငံသည် အကွာအဝေးအမျိုးမျိုး ပျံသန်းနိုင်သော ဘလစ်စတစ် ဒုံးကျည်များကို တည်ဆောက်စမ်းသပ်မှုများ ပြုလုပ်လာခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံတပ်များ ကတ်ရှ်မီးယားနယ်စပ်၌ အပြန်အလှန်ပစ်ခတ်



**ဒေလီ မေ ၈**

ပိုင်ဆိုင်ခွင့်အငြင်းပွား ကတ်ရှ်မီးယား နယ်စပ်တစ်လျှောက်၌ မေ ၇ ရက်က အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံတပ်ဖွဲ့ဝင်များအကြား လက်နက်ငယ်များ၊ အမြောက်များဖြင့် အပြန်အလှန် ပစ်ခတ်တိုက်ခိုက် ခဲ့ကြကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ ဂျမ္မူးနှင့် ကတ်ရှ်မီးယားဒေသ၌ ဧပြီ ၂၂ ရက်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ကို အကြောင်းပြု၍ အိန္ဒိယနိုင်ငံက ပါကစ္စတန်နိုင်ငံအား ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့သည့်နေ့မှာပင် အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ဧပြီ ၂၂ ရက်တွင် ဖြစ်ပွားခဲ့ပြီး လူပေါင်း ၂၆ ဦးသေဆုံးခဲ့ရသည့် အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါကစ္စတန်နိုင်ငံသားများ ပါဝင်နေကြောင်း အိန္ဒိယအစိုးရက ကြေညာခဲ့ပြီးနောက် ပါကစ္စတန်နိုင်ငံကို မေ ၇ ရက်တွင် ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ဧပြီ ၂၂ ရက် အကြမ်းဖက် တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်မှု မရှိကြောင်း ပါကစ္စတန်နိုင်ငံက ပြောကြားထားပြီး အိန္ဒိယ၏ ဒုံးကျည်တိုက်ခိုက်မှုကို ပြန်လည်တုံ့ပြန်မည်ဖြစ်ကြောင်း ပြောကြားထားသည်။

အိန္ဒိယစစ်ဘက် အနေဖြင့် ဧပြီ ၂၂ ရက် အကြမ်းဖက်တိုက်ခိုက်မှုအတွက် လက်တုံ့ပြန်သည့်အနေဖြင့် ပါကစ္စတန်နိုင်ငံအတွင်းရှိ စစ်သွေးကြွစခန်း ကိုးခုကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အိန္ဒိယအစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။

ပါကစ္စတန်နှင့် အိန္ဒိယတို့အကြား မေ ၇ ရက်တွင် ဖြစ်ပွားခဲ့သော အပြန်အလှန်တိုက်ခိုက်မှုများကြောင့် နှစ်ဖက်သေဆုံးသူ အနည်းဆုံး ၄၃ ဦးထိ ရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ရှန်ကျိုး-၁၉ အာကာသလူသယ်ယာဉ်က အာကာသယာဉ်မှူးသုံးဦးနှင့်အတူ သိပ္ပံပညာစမ်းသပ်နမူနာပစ္စည်း ၃၇ ဒသမ ၂၅ ကီလိုဂရမ်ကိုပါ ပြန်လည်သယ်ယူလာ



ပေကျင်း မေ ၈

တရုတ်အမျိုးသားအာကာသ အေဂျင်စီ၏ ရှန်ကျိုး-၁၉ အာကာသ လူသယ်ယာဉ်သည် အာကာသ ယာဉ်မှူး သုံးဦးနှင့်အတူ တီယန် ကောင်း အာကာသစခန်းပေါ်၌ ပြုလုပ်ထားသည့် သိပ္ပံပညာ စမ်းသပ်နမူနာပစ္စည်း ၃၇ ဒသမ ၂၅ ကီလိုဂရမ်ကိုပါ ပြန်လည် သယ်ယူလာကြောင်း မေ ၇ ရက် သတင်းများအရ သိရသည်။

ရှန်ကျိုး-၁၉ အာကာသလူ သယ်ယာဉ်သည် ဧပြီ ၃၀ ရက်တွင် တရုတ်အာကာသယာဉ်မှူး သုံးဦး နှင့်အတူ တီယန်ကောင်းအာကာ သစခန်း၌ ပြုလုပ်ခဲ့သည့် သိပ္ပံ ပညာစမ်းသပ် နမူနာပစ္စည်းများ ကိုပါသယ်ဆောင်၍ ကမ္ဘာမြေပေါ် သို့ ပြန်လည်ဆင်းသက်ခဲ့ကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် တီယန်ကောင်း အာကာသစခန်းပေါ်၌ ပြုလုပ်ခဲ့ သည့် သိပ္ပံပညာစမ်းသပ်ပစ္စည်း များမှ နမူနာပစ္စည်းများကို ရှစ် ကြိမ်မြောက်အဖြစ် ကမ္ဘာပေါ်သို့ ပြန်လည်ယူဆောင်နိုင်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

ရှန်ကျိုး-၁၉ အာကာသလူ သယ်ယာဉ်က ပြန်လည်သယ်ယူ လာသည့် သိပ္ပံပညာစမ်းသပ်နမူနာ ပစ္စည်းများထဲတွင် လူသားတို့၏ အရိုးဆဲလ်များ၊ လူ့ပင်မဆဲလ်များ အပါအဝင် ဇီဝဗေဒနမူနာစမ်းသပ် ပစ္စည်း အမျိုးအစား ၂၀ ပါဝင် ကြောင်း သိရသည်။

ရှန်ကျိုး-၁၉ အာကာသလူ သယ်ယာဉ် ပြန်လည်သယ်ဆောင် လာသည့် သိပ္ပံပညာစမ်းသပ်နမူနာ ပစ္စည်းများကို တရုတ်သိပ္ပံပညာ ရှင်များက ဆက်လက်လေ့လာကြ မည်ဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် တီယန်ကောင်း အာကာသစခန်းကို တည်ဆောက် ခဲ့ပြီးနောက်ပိုင်း ၎င်းအာကာသ စခန်းပေါ်၌ သိပ္ပံပညာစမ်းသပ်မှု များ ဆက်တိုက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## အယ်လ်ဖာဒုံးပျံလွှတ်တင်မှု မအောင်မြင်ရခြင်းနှင့်ပတ်သက်၍ အမေရိကန်ဖက်ဒရယ်လေကြောင်းပျံသန်းရေးအေဂျင်စီက စုံစမ်းစစ်ဆေးနေ

ဝါရှင်တန် မေ ၈

Firefly Aerospace ကုမ္ပဏီ၏ အယ်လ်ဖာဒုံးပျံ လွှတ်တင်မှု မအောင်မြင်ရခြင်းနှင့်ပတ်သက်၍ အမေရိကန်ဖက်ဒရယ်လေကြောင်း ပျံသန်းရေးအေဂျင်စီက စုံစမ်းစစ် ဆေးမှုများ ပြုလုပ်နေကြောင်း မေ ၇ ရက် သတင်းများအရသိရသည်။

ဖက်ဒရယ်လေကြောင်းပျံသန်း ရေးအေဂျင်စီက စုံစမ်းစစ်ဆေးမှု များပြုလုပ်စဉ်အတွင်း Firefly Aerospace ကုမ္ပဏီအနေဖြင့် အယ်လ်ဖာဒုံးပျံလွှတ်တင်မှုများကို ရပ်ဆိုင်းပေးထားရမည်ဖြစ်သည်။

Firefly Aerospace ကုမ္ပဏီ သည် ဧပြီ ၂၉ ရက်တွင် အယ်လ် ဖာဒုံးပျံကို ကယ်လီဖိုးနီးယားပြည် နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်း မှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။




သို့ရာတွင် အထက်ပါမစ်ရှင်မှာ အောင်မြင်မှုမရှိခဲ့ဘဲ အယ်လ်ဖာ ဒုံးပျံ၏ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာဒေသ၌ ပျက်ကျခဲ့ ကြောင်း သိရသည်။

အယ်လ်ဖာဒုံးပျံ၏ ထိပ်ဖူး အဆင့်ဒုံးယာဉ်သည် အမြင့် ၁၉၉ မိုင်ထိ တက်ရောက်ခဲ့ပြီးနောက် ပစိဖိတ်သမုဒ္ဒရာအတွင်း ပျက်ကျ ခဲ့ခြင်းဖြစ်သည်။

Firefly Aerospace ကုမ္ပဏီ သည် အယ်လ်ဖာဒုံးပျံများကို ၂၀၂၁ ခုနှစ်တွင် စတင်လွှတ်တင် ခဲ့ရာ မစ်ရှင်နှစ်ခုသာ အပြည့်အဝ အောင်မြင်မှု ရရှိထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်း၏လေထုလွှာအတွင်း ရေဓာတ်များတည်ရှိမှုကို တွေ့ရှိထား

ဝါရှင်တန် မေ ၈

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံ ခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသည့် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ် သည် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်း၏ လေထုလွှာ အတွင်း ရေဓာတ်များတည်ရှိ မှုကို ထောက်လှမ်းတွေ့ရှိထား ကြောင်း မေ ၇ ရက် သတင်းများ အရ သိရသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီ ယိုတယ်လီစကုပ်မှ ရရှိထားသော သတင်းအချက်အလက်များအရ TOI-421b အမည်ရှိ ဂြိုဟ်၏ လေထုလွှာအတွင်းရေမော်လီကျူး များတည်ရှိနေသည်ကို တွေ့ရ ကြောင်း အမေရိကန် သိပ္ပံပညာ ရှင်များက ပြောကြားသည်။

TOI-421b ဂြိုဟ်သည် လေထု လွှာအပူချိန်မြင့်မားသည့် ဂြိုဟ် တစ်စင်းဖြစ်ပြီး ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၂၄၄ နှစ် အကွာတွင် တည်ရှိသည်။

TOI-421b ဂြိုဟ်၏ လေထု လွှာအပူချိန်မှာ ၁၃၄၀ ဒီဂရီဖာ ရင်ဟိုက် (၇၂၇ ဒီဂရီဆဲလ်စီယပ်) ထိရှိပြီး ရေငွေ့များလည်း တည်ရှိ နေကြောင်း အမေရိကန်သိပ္ပံပညာ ရှင်များက ပြောကြားသည်။

ထို့ပြင် TOI-421b ဂြိုဟ်၏ လေထုလွှာအတွင်း ကာဗွန်မိုနောက်ဆိုက်နှင့် ဆာလ်ဖာဒိုင် အောက်ဆိုက် ဓာတ်ငွေ့များလည်း တည်ရှိနေနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## ရေယုန်ကြီးရောဂါကာကွယ်ဆေးများက နှလုံးရောဂါများဖြစ်နိုင်ခြေကို လျှော့ချနိုင်

ဆိုးလ် မေ ၈

ရေယုန်ကြီးရောဂါကာကွယ် ဆေး(Shingles Vaccine) များ သည် နှလုံးရောဂါများဖြစ်နိုင်ခြေ ကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက မေ ၇ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယား သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိ ချက်အရ ရေယုန်ကြီးရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများ သည် ဆေးထိုးနှံပြီး နောင်လာ မည့် ရှစ်နှစ်အတွင်း လေဖြတ်ခြင်း၊ နှလုံးခုန် ရုတ်တရက်ရပ်တန့်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း စသည့် နှလုံးသွေးကြောရောဂါများဖြစ် နိုင်ခြေ ၂၃ ရာခိုင်နှုန်း နည်းပါး ကြောင်း သိရသည်။

အထူးသဖြင့် ရေယုန်ကြီး ရောဂါ ကာကွယ်ဆေးကြောင့် ရရှိ သည့် အထက်ပါ ကျန်းမာရေး အကျိုးကျေးဇူးများကို လူငယ်များ၌ ပို၍ထင်ထင်ရှားရှား တွေ့ရ ကြောင်း သုတေသနပညာရှင်များ က ပြောကြားသည်။

တောင်ကိုရီးယား သုတေသန ပညာရှင်များသည် အသက် ၅၀ အထက် လူပေါင်းတစ်သန်းကျော် တို့၏ ကျန်းမာရေးမှတ်တမ်းများ ကိုလေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ် ကြောင်း သိရသည်။

လူတိုင်းလူတိုင်း အနေဖြင့် အသက် ၅၀ အရွယ်တွင် ရေယုန် ကြီးရောဂါ ကာကွယ်ဆေးနှစ်လုံး ထိုးနှံထားသင့်ကြောင်း သုတေ သနပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Sputnik News
Trs : KKO

## သစ်ကြံပိုးအစားများမှုက ဆေးဝါးတချို့ကို လူ့ခန္ဓာကိုယ်က စုပ်ယူနိုင်စွမ်းအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိလာနိုင်

နယူးယောက် မေ ၈

သစ်ကြံပိုးအစားများမှုသည် ဆေးဝါးတချို့ကို လူ့ခန္ဓာကိုယ်က စုပ်ယူနိုင်စွမ်းအပေါ်ဆိုးကျိုးသက် ရောက်မှုရှိလာနိုင်ကြောင်း သုတေ သနပညာရှင်များက မေ ၇ ရက် တွင် ပြောကြားသည်။

သစ်ကြံပိုးကို အနည်းငယ်မျှ စားပါက ကျန်းမာရေးအရ အကျိုး ရှိသော်လည်း အလွန်အကျွံစားသုံး ပါက လူ့ကိုယ်ခန္ဓာ၏ ဆေးဝါးများ စုပ်ယူနိုင်စွမ်းအပေါ် ဆိုးကျိုးသက် ရောက်မှုရှိလာနိုင်ကြောင်း အမေ ရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သစ်ကြံပိုးတွင် ပါဝင်သည့် Cinnamaldehyde ခေါ် ဓာတု ပစ္စည်းတစ်မျိုးသည် ဆေးဝါးတချို့ ၏ အာနိသင်ကို ထိခိုက်စေနိုင် သော အင်ဇိုင်းများကိုစေ့ဆော်ပေး နိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာ ရှင်များ၏ လေ့လာတွေ့ရှိချက်အရ သစ်ကြံပိုး အလွန်အကျွံစားသုံး ပါက လူ့ခန္ဓာကိုယ်သည် အချို့ ဆေးဝါးများကို လျင်မြန်စွာရှင်း လင်းပစ်တတ်ရာ ဆေးဝါး၏အာနိ သင်လည်း ကျဆင်းသွားတတ် ကြောင်း သိရသည်။

သို့ရာတွင် သစ်ကြံပိုးအစား များမှုနှင့် လူ့ကိုယ်ခန္ဓာ၏ဆေးဝါး တချို့အပေါ် တုံ့ပြန်ပုံတို့ကြား မည်သို့ဆက်စပ်နေသည်ကို ဖော် ထုတ်ရန် သုတေသနလုပ်ငန်းများ ဆက်လုပ်ရန်လိုကြောင်း သိရသည်။

ပြီးခဲ့သည့် နှစ်များအတွင်း ပုံစံ-၂ ဆီးချိုရောဂါလူနာများကြား သစ်ကြံပိုး ဖြည့်စွက်ဆေးစားသုံး မှုမြင့်မားလာကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ချန်ပီယံလိဂ်ဖိုင်နယ်လုပွဲတွင် အင်တာမီလန်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ တွေ့ဆုံ





ရောမ မေ ၇

ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက အာဆင်နယ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဖိုင်နယ်လုပွဲတွင် အင်တာမီလန် အသင်းနှင့် တွေ့ဆုံနေကြောင်း သိရသည်။

ပီအက်စ်ဂျီ အသင်းသည် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၁၆ သင်းအဆင့် တက်ရောက်ရန် play-off ကစားခဲ့ရကာ ဘရက်စ်အသင်းကို နှစ်ကျော့ပေါင်း ၁၀ ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် ၁၆ သင်းအဆင့်တွင် လီဗာပူးအသင်းနှင့် တွေ့ဆုံခဲ့ရာ ပင်နယ်တီအဆုံးအဖြတ်တွင် နိုင်ပွဲရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်တွင် အေဗီလာအသင်းကို ငါးဂိုး လေးဂိုး၊ ဆီမီးဖိုင်နယ်အဆင့်တွင် အာဆင်နယ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရယူ၍ ဖိုင်နယ်လုပွဲသို့ရောက်ရှိခဲ့သည်။

အင်တာမီလန်အသင်း အနေဖြင့် ၁၆ သင်းအဆင့်တွင် ဖီရင်နုအသင်းကို လေးဂိုး တစ်ဂိုး၊ ကွာတားဖိုင်နယ်အဆင့်တွင် ဘိုင်ယန်မြူးနစ်အသင်းကို နှစ်ကျော့ပေါင်း လေးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်တွင်လည်း ဘာစီလိုနာအသင်းကို နှစ်ကျော့ပေါင်း ခုနစ်ဂိုး ခြောက်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သဖြင့် ဖိုင်နယ်လုပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်း အနေဖြင့် ချန်ပီယံလိဂ်ဖိုင်နယ်လုပွဲသို့ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ဆုဖလားရယူနိုင်ခြင်းမရှိသော်လည်း အင်တာမီလန်အသင်းက ဘောလုံးရာသီ သုံးရာသီအတွင်း နှစ်ကြိမ်မြောက် တက်ရောက်နိုင်ခဲ့ကာ သမိုင်းတစ်လျှောက် ဆုဖလားသုံးကြိမ်ထိ ရယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲကို မေ ၂၁ ရက်မှ ၂၅ ရက်ထိ ကျင်းပမည်

နေပြည်တော် မေ ၈

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို မေ ၂၁ ရက်မှ ၂၅ ရက်ထိ ရန်ကုန်မြို့ သိမ်ဖြူ တင်းနစ် အားကစားကွင်းတွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားများအဖြစ် အမျိုးသား၊ အမျိုးသမီး အလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီး အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၄၅ နှစ်အထက် အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၆၀ နှစ်နှင့်အထက် (နှစ်ယောက်ပေါင်းအသက် ၁၃၀ နှစ်) အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲများ ထည့်သွင်း ကျင်းပသွားမည် ဖြစ်သည်။

အလားတူ အသက် ၁၂ နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၄ နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၆ နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲများ ထည့်သွင်း ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲဝင်ရောက်လိုသူများအနေဖြင့် ဖုန်း ၀၉-၈၇၂၇၂၁၉၀၁ ထံ မေ ၁၉ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

STA

# Italian Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် အမ်မာရာဒူကာနူက မာယာဂျိုင်းကို အနိုင်ရရှိ

ရောမ မေ ၈

အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပနေသည့် Italian Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူနှင့် ဩစတြေးလျတင်းနစ်မယ် မာယာဂျိုင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အမ်မာရာဒူကာက (၇-၅၊ ၆-၇၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၅ ခုနှစ်အတွင်း ရလဒ်ပိုင်း ဆိုးရွားနေသည့် အမ်မာရာဒူကာနူအတွက် ပုံစံကောင်းရရှိရန် ရုန်းကန်နေရဆဲဖြစ်ပြီး မာယာဂျိုင်းကို အနိုင်ရရှိရေးအတွက် ပွဲငယ်နှစ်ပွဲဆက်တိုက် tie-break အဆင့်ထိ ယှဉ်ပြိုင်ကစားခဲ့ရသည်။

အမ်မာရာဒူကာနူသည် ဒုတိယအဆင့်တွင် ရုရှားတင်းနစ်မယ် အလက်ဇန္ဒရိုဗာနှင့် ယှဉ်ပြိုင်ကစား ရမည်ဖြစ်ပြီး အလက်ဇန္ဒရိုဗာသည် နိုင်ခြေအဆင့်သတ်မှတ်ချက်အရ ပြိုင်ပွဲကို ဒုတိယအဆင့်မှ စတင်၍ ယှဉ်ပြိုင်ကစားခွင့်ရထားသူဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL

## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းက အသင်းဘဏ္ဍာငွေတိုးတက်ရေးအတွက် အိုဗိုကို လာမည့်နွေရာသီတွင် ပြန်လည်ရောင်းချရန် ဆုံးဖြတ်ထားပြီး ပြောင်းရွှေ့ကြေး အနည်းဆုံး ယူရို သန်း ၇၀ ဖြင့် ကမ်းလှမ်းလာပါက ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။
- မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံး၍ အသင်းမှ ထွက်ခွာမည့် ကွင်းလယ်ကစားသမား ဒီဘရိုင်းကို နည်းပြ အာတီတာကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ကွင်းလယ်ကစားသမား အန်မိုဖာနန်ဒက်ဇ်ကိုခေါ်ယူရန် စိတ်ဝင်စားနေသောကြောင့် ချဲလ်ဆီးအသင်းက ပြောင်းရွှေ့ကြေး အနည်းဆုံး ယူရို သန်း ၂၀၀ ရရှိလျှင် ရောင်းချပေးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# မက်ဒီဆင် ဒဏ်ရာကြောင့် ဘောလုံးရာသီကုန်ထိ အနားယူရမည်ဟု စပါးအသင်းထုတ်ပြန်




လန်ဒန် မေ ၈

ကွင်းလယ် ကစားသမား မက်ဒီဆင်သည် ယူရိုပါလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ် အဖြစ်ကစားခဲ့သည့် ဒီဂျာဂါး ဒန်းအသင်းနှင့်ပွဲစဉ်တွင် ရရှိခဲ့သည့် ဒူးဒဏ်ရာကြောင့် ဘောလုံး ရာသီကုန်ထိ အနားယူရမည်ဖြစ် ကြောင်း စပါးအသင်းက အတည် ပြုထုတ်ပြန်ခဲ့သည်။

အသက် ၂၈ နှစ်ရှိ မက်ဒီဆင်သည် ဘိုဒိုဂလင့်ကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ယူရိုပါလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်တွင် အသင်းအတွက် တစ်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲကစားချိန် ၆၅ မိနစ်တွင် ရရှိခဲ့သည့် ဒူးဒဏ်ရာကြောင့် အသင်းဖော် ကစားသမား ကူလူဆက်စကီးနှင့် လူစားလဲခဲ့ရပြီးနောက် ဒဏ်ရာကို စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်ကိုသာ လွဲချော်နိုင်ကြောင်း ထုတ်ပြန်ခဲ့သော်လည်း လက်ရှိတွင် ဒဏ်ရာ အခြေအနေမှာ တိုးတက်မှုမရှိခဲ့သဖြင့် ဘောလုံးရာသီကုန်ထိ အနားယူရမည်ဟု အသင်းတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

မက်ဒီဆင်သည် ယခုနှစ် ဘောလုံးရာသီတွင် ဒဏ်ရာ ပြဿနာ ကြုံတွေ့ခဲ့ရသော်လည်း အသင်းနှင့် ပါဝင်ကစားခဲ့သည့် ပြိုင်ပွဲစုံ ၄၅ ပွဲတွင် သွင်းဂိုး ၁၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၁ ကြိမ်ထိ ပြုလုပ် ခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

စပါးအသင်းသည် အမှတ်ပေး ပြိုင်ပွဲတွင် ၁၉ ပွဲ ရှုံးနိမ့်မှုကြောင့် အဆင့်(၁၆)နေရာတွင် ရပ်တည်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ဝင်ခွင့် ရရှိရန် မဖြစ်နိုင်သော်လည်း ယူရိုပါလိဂ်ပြိုင်ပွဲတွင် ဖိုင်နယ်လုပွဲတက်ရောက်ရန် သေချာနေသဖြင့် ဆုဖလားရယူနိုင်ပါက ချန်ပီယံလိဂ်ဝင်ခွင့် ရရှိမည့်အပြင် ၁၇ နှစ်ကြာ ဆုဖလားလက်မဲ့နေမှုကို လည်း အဆုံးသတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : 90min
Trs : ML

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၂)တွင် ဒဂုံစတား၊ ရခိုင်ယူနိုက်တက်နှင့် ရတနာပုံအက်ဖ်စီအသင်းတို့ နိုင်ပွဲရရှိ



ရန်ကုန် မေ ၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၂) ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပခဲ့ရာ ဒဂုံစတား၊ ရခိုင်ယူနိုက်တက်နှင့် ရတနာပုံ အက်ဖ်စီအသင်းတို့ နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၂) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၄ နာရီက တောင်ဒဂုံ အားကစားကွင်းတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ဒဂုံပေါ်အသင်း တို့ကစားခဲ့ရာ ရခိုင်ယူနိုက်တက် အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရခိုင်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၆၃ မိနစ်တွင် ကိုဇင်ဖြိုးက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီ ပဒုမ္မာ အားကစားကွင်းတွင် ဒဂုံစတား အသင်းနှင့် Junior Lions အသင်း တို့ကစားခဲ့ရာ ဒဂုံစတားအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၁၂ မိနစ်တွင် ပင်နယ်တီမှ တစ်ဆင့် ခန့်ဇော်ဟိန်းက သွင်းယူပေးနိုင်ခဲ့ပြီး ဗဟန်းလေ့ကျင့်ရေး ကွင်းတွင် ရတနာပုံအက်ဖ်စီ အသင်းနှင့် မဟာယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ ရတနာပုံ အက်ဖ်စီအသင်းက နှစ်ဂိုး ဂိုးမရှိ ဖြင့် အနိုင်ရရှိခဲ့ပြီး ရတနာပုံ အက်ဖ်စီအသင်းအတွက် သွင်းဂိုး များကို ပွဲချိန် ၃၅ မိနစ်တွင် မဟာ ယူနိုက်တက်အသင်းမှ ခန့်မဟာ က ကိုယ့်ဂိုးကိုယ် သွင်းယူ၍ ပွဲချိန် ၄၃ မိနစ်တွင် ရဲရင့်အောင်က ပင်နယ်တီမှတစ်ဆင့် ဒုတိယဂိုး သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယက အမြင့်ပျံစောင့်ကြည့်ထောက်လှမ်းရေးမိုးပျံပူဖောင်းကို ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်း





အိန္ဒိယနိုင်ငံကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် အမြင့်ပျံ စောင့်ကြည့်ထောက်လှမ်းရေးအတွက် ပြည်တွင်း၌ ဒီဇိုင်းထုတ်ထားသည့် မိုးပျံပူဖောင်းကို ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းမှုပြုလုပ်ခဲ့ကြောင်း The Defense Post သတင်းဌာနက မေ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံ Madhya Pradesh ပြည်နယ်ရှိ Sheopur စမ်းသပ်ရေးနေရာမှ လွှတ်တင်ခဲ့သည့် အဆိုပါ လေသဘော်သည် တိုင်းတာရေးကိရိယာတစ်ခု သယ်ဆောင်၍ အမြင့် ၁၇ ကီလိုမီတာ (၁၀ ဒသမ ၆ မိုင်) ထိ ရောက်ရှိပျံသန်းနိုင်ခဲ့ကြောင်း သိရသည်။

မြေပြင်သို့ အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခြင်းမတိုင်မီ လေထဲတွင် ၆၂ မိနစ်ခန့် ပျံသန်းနေနိုင်ခဲ့သည်။ ပျံသန်းနေစဉ်အတွင်း ရရှိထားသောအချက်အလက်များပေါ်မူတည်၍ အနာဂတ်လုပ်ငန်းစဉ်များအတွက် ထောက်လှမ်းရေးမိုးပျံပူဖောင်းကို ပြုပြင်မွမ်းမံမှုများ ပြုလုပ်ရာတွင် အသုံးပြုနိုင်စေမည်လည်းဖြစ်သည်။

"လေထက်ပေါ့ပါးတဲ့ ဒီထောက်လှမ်းရေး မိုးပျံပူဖောင်းစနစ်ဟာ အိန္ဒိယနိုင်ငံရဲ့ ကမ္ဘာ့မြေစူးစမ်းလေ့လာမှုနဲ့ ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနဲ့ ကင်းထောက်မှု (ISR) စွမ်းရည်တွေကို မြှင့်တင်ပေးနိုင်မှာဖြစ်ပြီး အခုလိုစွမ်းဆောင်ရည်တွေရှိတဲ့ ကမ္ဘာ့နိုင်ငံအနည်းငယ်မှာ ပါဝင်လာစေမှာ ဖြစ်ပါတယ်"ဟု ကာကွယ်ရေး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က X လူမှုကွန်ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထောက်လှမ်းရေးမိုးပျံပူဖောင်းများသည် တိုက်လေယာဉ်အများစုနှင့် လေကြောင်းရန် ကာကွယ်ရေးစနစ်များ၏ လက်လှမ်းမမီသည့် အထက်အမြင့်တစ်နေရာတွင် ကောင်းမွန်စွာလည်ပတ်လုပ်ဆောင်နိုင်ပြီး ၎င်းတို့အကျိုးစီးပွားရှိသည့် ဧရိယာများအပေါ်တွင် အတားအဆီးမရှိအသာစီးရစွာ ပျံသန်းလုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ ကမ္ဘာဂြိုဟ်ကို လှည့်ပတ်နေသော ဂြိုဟ်တုများနှင့်မတူဘဲ ၎င်းလေသဘော်များသည် ပစ်မှတ်များပေါ်တွင် အချိန်ကြာမြင့်စွာပျံဝဲနိုင်ပြီး အမြဲမပြတ် စောင့်ကြည့်ထောက်လှမ်းနိုင်မှုကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။ သို့သော်လည်း ထိုကဲ့သို့ အမြင့်တွင် စဉ်ဆက်မပြတ် ပျံသန်းနေခြင်းသည် လေပြင်းတိုက်ခတ်ခြင်းနှင့် မတည်ငြိမ်သော ရာသီဥတုအခြေအနေများ အပါအဝင် စိန်ခေါ်မှုများနှင့် ကြုံတွေ့လာရဖွယ်တော့ရှိသည်။ အိန္ဒိယနိုင်ငံသည် ၎င်း၏ ကိုယ်ပိုင် စောင့်ကြည့်ထောက်လှမ်းရေးမိုးပျံပူဖောင်းများ သို့မဟုတ် လေသဘော်များကို အဆင့်မြှင့်တင် ကြိုးပမ်းလုပ်ဆောင်လာသော်လည်း အလားတူ ခြိမ်းခြောက်မှုများကို တန်ပြန်နိုင်ရန်အတွက်ပါ တစ်ဖက်မှ ပြင်ဆင်လျက်ရှိသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် အိန္ဒိယလေတပ်သည် Rafale တိုက်လေယာဉ်များအသုံးပြု၍ ကြားဖြတ်စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး တစ်ဖက်ရန်ဘက်နိုင်ငံများမှ အသုံးပြုလာနိုင်သည့် ထောက်လှမ်းရေး မိုးပျံပူဖောင်းများကို ပစ်မှတ်ထားတိုက်ခိုက်နိုင်ရန် လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**India Conducts Maiden Flight Test of High-Altitude Spy Balloon** ကို ဘာသာပြန်ဆိုထားပါသည်။

## ဗြိတိန်တော်ဝင်လေတပ်က ရန်သူ့ရေဒါများကိုဖျက်ဆီးနိုင်မည့် မောင်းသူမဲ့လေယာဉ်စနစ်ကို ဖြန့်ကြက်အသုံးပြုနိုင်ခဲ့

ဗြိတိန်နိုင်ငံတော်ဝင်လေတပ် (RAF) သည် ရန်သူ့ရေဒါများကို ဖျက်ဆီးနိုင် မည့် မောင်းသူမဲ့လေယာဉ်စနစ်ကို ဖြန့်ကြက် အသုံးပြုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက မေ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Storm Shroud ဟု အမည်ပေးထားသော အဆိုပါစနစ်တွင် Tekever AR3 မောင်း သူမဲ့ လေယာဉ်စနစ် (UAS) နှင့် ဗြိတိန် Leonardo ကုမ္ပဏီက ထုတ်လုပ်ထားသော Brite Storm Electronic Warfare Payload စနစ်တို့ ပါဝင်ဖွဲ့စည်းထားသည်။ ၎င်းသည် ခေတ်မီအဆင့်မြင့်နည်းပညာများဖြင့် လေသူရဲများအတွက် စစ်ဆင်ရေးတာဝန် ထမ်းဆောင်ရာတွင် အင်အားဖြည့်ကူညီပေးနိုင်ရန် စိတ်ကူးပုံဖော်ထားသော တိုက်လေယာဉ်များနှင့် အတူပူးတွဲ၍အလိုအလျောက် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်မည့် ပထမဆုံး မောင်းသူမဲ့စနစ်လည်းဖြစ်သည်။ Storm Shroud သည် ဗြိတိန်တော်ဝင်လေတပ် (RAF)၏ F-35B Lightning နှင့် Typhoon တိုက်လေယာဉ်များရှေ့တွင်ပျံသန်းမည်ဖြစ်ပြီး ရန်သူ့ရေဒါများကို တာဝေးမှနေ၍ ပျက်စီးသွားစေရန် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုယ်ပိုင်အလိုအလျောက်လုပ်ဆောင်နိုင်မည့် ပူးတွဲစစ်ဆင်ရေးမောင်းသူမဲ့လေယာဉ်များသည် ထောက်လှမ်းရေးအချက်အလက် စုဆောင်းခြင်းမှသည် တိုက်ခိုက်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာပံ့ပိုးကူညီမှုထိ ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်မှုပေါ်ပြောင်းလဲပစ်နိုင်လိမ့် မည်။ ဤဆန်းသစ်တီထွင်မှုနည်းပညာပိုင်းတွင် ရှေ့တန်းကျကျ ခေတ်နှင့်အမီ လိုက်ပါလုပ်ဆောင်နိုင်မှုအတွက် စိတ်လှုပ်ရှားမိပြီး စစ်ဘက်စက်မှုလုပ်ငန်းကုမ္ပဏီများနှင့် အနီးကပ်ပူးပေါင်းလုပ်ဆောင်နေကြောင်း ဗြိတိန်တော်ဝင်လေတပ် (RAF)၊ လေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Rich Knighton က ပြောကြားခဲ့သည်။

မောင်းသူမဲ့ လေယာဉ်ပေါ်တွင် တပ်ဆင်ပါရှိသော Brite Storm အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ် သို့မဟုတ် ဂျမ်မာသည် ရန်သူ၏ ပေါင်းစည်းလေကြောင်းကာကွယ်ရေးစနစ်များကိုဖျက်ဆီး၍ လှည့်ဖြားနိုင်ပြီး ပြိုင်ဆိုင်မှုပြင်းထန်သော စစ်မြေပြင်ပတ်ဝန်းကျင် အခြေအနေများတွင် လေသူရဲများ၏ ရှင်သန်ရပ်တည်မှုနှင့် လွတ်လပ်စွာစစ်ဆင်နိုင်စွမ်းကို မြင့်မားကောင်းမွန်စေမည်ဖြစ်ကြောင်း သိရသည်။

အီလက်ထရွန်နစ်စစ်ပွဲတွင် Jamming ပြုလုပ်ခြင်း၊ ဖိဖျက်နှောင့်ယှက်ခြင်းနှင့် လှည့်ဖြားမှုနည်းလမ်းများသည် ခြိမ်းခြောက်မှုအတော်များများကို ထိရောက်စွာ တိုက်ဖျက်နိုင်သည်ဟု တီထွင်ထုတ်လုပ်သည့် Leonardo UK ကုမ္ပဏီက ထုတ်ပြန်ထားသည်။ ၎င်းတွင် အော်ပရေတာမှ ရွေးချယ်အသုံးပြုမည့် မောင်းသူမဲ့လေယာဉ်နှင့် အံဝင်ခွင်ကျဖြစ်စေမည့် transmit receive modules များနှင့်အတူ အသေးစားဂျင်နရေတာတစ်ခုပါဝင်သည်ဟု သိရ သည်။ ပေါ့ပါးပြီး ယာဉ်မရွေး တပ်ဆင်အသုံးပြုနိုင်သည့် BriteStorm Jammer စနစ်သည် အနာဂတ်တွင် ဆော့ဖ်ဝဲလ်ပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများ ထပ်မံလုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။ အော်ပရေတာများသည် ခြိမ်းခြောက်မှုမျိုးစုံကို တိုက်ခိုက်ချေမှုန်းရန် Payload များ စိတ်ကြိုက်ရွေးချယ်တပ်ဆင်နိုင်ပြီး စစ်ဆင်ရေးအတွင်း ထွက်ပေါ်လာသည့် ခြိမ်းခြောက်မှုအသစ်များကိုကိုင်တွယ်ဖြေရှင်းရန် Payload ကို Update ပြုလုပ်ပေးရန်အတွက် ရရှိထားသော ထောက်လှမ်းရေးဒေတာများကို အသုံးချနိုင်သည်ဟု ထုတ်လုပ်ရေးကုမ္ပဏီမှ ထုတ်ပြန်ထားကြောင်း သိရသည်။




ယူကရိန်းပဋိပက္ခမှ သင်ခန်းစာများကို အသုံးချကာ အရေးတကြီးလုပ်ဆောင်ရန် လိုအပ်ချက်အဖြစ် ထောက်ခံအတည်ပြုခြင်းရရှိခဲ့ပြီးနောက် တစ်နှစ်တာကာလအတွင်း Storm Shroud ကို လွှဲပြောင်းလက်ခံ အသုံးပြုနိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

"ဒါဟာ လေကြောင်းတိုက်ခိုက်ရေးနဲ့ အမျိုးသားလုံခြုံရေးမှာ ကျွန်တော်တို့ရဲ့ အားသာချက်တွေကို ထိန်းသိမ်းထားနိုင်ဖို့ RAF အတွက် ဂုဏ်ယူစရာတစ်ရပ်ပါပဲ။ နည်းပညာပြိုင်ဆိုင်မှု ပြင်းထန်လာတဲ့ ကမ္ဘာမှာအဖျက်စွမ်းအားနဲ့ ရှင်သန်ရပ်တည်နိုင်စွမ်း ပိုမိုမြင့်မားကောင်းမွန်လာစေဖို့ ဆက်လက်ကြိုးပမ်းသွားရမှာဖြစ်ပါတယ်"ဟု Knighton က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**RAF Inducts Collaborative Drone That Neutralizes Enemy Radar** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ခရီးသွားဆောင်းပါး ခင်ခင်မင်မင်မြို့လွိုင်လင်၊ အချိန်မီရောက်ခရီးပေါက်

သက်နိုင်(ပြင်ဦးလွင်)

အကြောင်းကိစ္စတစ်ခုခု၊ အလုပ်ကိစ္စတစ်ခုခုအတွက် ခရီးတွေထွက်ခွာသွားလာကြရတာပဲဖြစ်ဖြစ်၊ ပင်ပန်းခဲ့သမျှတွေကို အပန်းဖြေဖို့အတွက် အပျော်ခရီးထွက်ကြတာပဲဖြစ်ဖြစ်၊ ဗဟုသုတဖြစ်စေဖို့အတွက် လေ့လာရေးခရီးတွေ ထွက်ကြတာပဲဖြစ်ဖြစ် လမ်းခရီးတစ်လျှောက်မှာ ရောက်ရှိခဲ့ကြရတဲ့မြို့၊ ရွာဒေသအသီးသီးတွေမှာ တွေ့ရ၊ မြင်ရ၊ ကြားရ၊ သိရ၊ ကြုံရ ဆုံခဲ့ကြရတာတွေ အများအပြားရှိတတ်စမြဲပါ။ အခုလဲမိမိတို့ထွက်ရှိလာခဲ့ကြတဲ့ ရှမ်းပြည်နယ်တောင်ပိုင်းခရီးစဉ်မှာ အောင်ပန်းမြို့ကိုရောက်ရှိနေခိုက် နေ့လယ်စာထမင်းစားသောက်ပြီးကြလို့ ဆိုင်ထဲကနေပြန်ထွက်လာကြတဲ့အချိန်မှာ ဈေးသည်တစ်အုပ်က မိမိတို့ခရီးဖော်တွေအနားကို ဝိုင်းအုံနေကြတယ်။ သူတို့တစ်တွေရဲ့လက်တွေထဲမှာ ကိုင်ဆောင်ပြောဆိုရောင်းချနေကြတဲ့ပစ္စည်းတွေက ရှမ်းပြည်နယ်ဒေသထွက်ကုန်ပစ္စည်းတွေပါ။ ရှမ်းပြည်နယ်အောင်ပန်းဒေသနဲ့ မိမိတို့ပြင်ဦးလွင်ဒေသက မြေမျက်နှာသွင်ပြင်လဲတူ၊ ရာသီဥတုလဲတူ စတဲ့ပထဝီဝင်အခြေအနေတွေတူညီနေကြတာကြောင့် ဒေသထွက်တွေလဲ တူညီနေကြတယ်။

ဒါပေမဲ့ ကုန်ဈေးနှုန်းတွေရဲ့ အနေအထားက အလွန်ကွာခြားနေတာကို မြင်တွေ့သတိပြုမိလိုက်တယ်။ ပြင်ဦးလွင်ဒေသကထွက်တဲ့ အရွယ်ပမာဏထက် အနည်းငယ်သေးတဲ့ အာလူးတစ်ပိဿာကို ငွေကျပ် ၈၀၀၀ နဲ့ရောင်းချနေတဲ့အချိန် အရွယ်အစားကြီးကြီး၊ အလုံးလှလှ အောင်ပန်းဒေသထွက်အားလူးတစ်ပိဿာဈေးနှုန်းက ငွေကျပ် ၃၀၀၀ သာရှိနေပါတယ်။ ဒ့ါပြင် စတော်ဘယ်ရီသီးဈေးနှုန်းကလဲ အလွန်သက်သာနေတာကို တွေ့ရပြန်တယ်။ စတော်ဘယ်ရီသီးတစ်ပြည်ကျော်ဝင်ဆံ့တဲ့ ပလတ်စတစ်လက်ဆွဲရေပုံးတစ်ပုံးကို ပုံးအပါအဝင်ငွေကျပ်ငါးထောင်နဲ့ရောင်းချနေကြတယ်။ ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းချနေတဲ့ အတူပါခရီးဖော်သူငယ်ချင်းကိုသိန်းဝင်းရဲ့ ပြောပြချက်အရ သူ့ရဲ့ဆိုင်မှာ အခုစတော်ဘယ်ရီသီးတွေ ထည့်ပြီးရောင်းနေတဲ့ ပလတ်စတစ်ရေပုံးရဲ့ဈေးနှုန်းက တစ်ပုံးကိုငွေကျပ် ၂၅၀၀ ကျပ်ဖြစ်ကြောင်း သိလိုက်ရတယ်။ ဒါကြောင့်လဲ မိမိတို့ခရီးဖော်အများစုက စတော်ဘယ်ရီသီးတွေကို ဝဝလင်လင်စားလို့ရ၊ လက်ဆွဲရေပုံးတစ်ပုံးလဲရတာကြောင့် စတော်ဘယ်ရီတစ်ယောက်တစ်ပုံး ဝယ်ယူလိုက်ကြတယ်။

အောင်ပန်းကနေဟဲဟိုးထိ ၁၆ မိုင်၊ ဟဲဟိုးကနေရွှေညောင်ထိ ၁၀ မိုင်၊ ရွှေညောင်ကနေ အေးသာယာမြို့သစ်ကိုဖြတ်ပြီး တောင်ကြီးမြို့ထိ ၁၂ မိုင်ခရီးကို ဘယ်မှမဝင်မနားကြတော့ဘဲ တိုက်ရိုက်မောင်းနှင်လာခဲ့ကြတယ်။ ဟဲဟိုးလွင်ပြင်ကျယ်ကြီးကို အပေါ်စီးကနေ လှလှပပမြင်တွေ့နေရတဲ့ မျှော်ကြည့်စင်ရှုခင်းသာကိုရောက်တော့ ကားရပ်ပြီးအမှတ်တရမှတ်တမ်းဓာတ်ပုံတွေ ရိုက်ချင်နေသေးပေမဲ့ လွိုင်လင်မြို့ကို အဝင်နောက်ကျမှာစိုးရိမ်တာကြောင့် မဝင်ဖြစ်ခဲ့ပါဘူး။ တောင်ကြီးမြို့ကိုရောက်တော့ မွန်းလွဲ ၁ နာရီကျော်ရှိနေပါပြီ။ မိမိတို့ခရီးထွက်ခဲ့သမျှ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းခရီးစဉ်တိုင်းမှာ တောင်ကြီးမြို့ကိုရောက်တဲ့အချိန်က ညနေ ၄ နာရီနောက်ပိုင်းနဲ့ တစ်ခါတစ်ရံ ညမိုးချုပ်မှရောက်ကြပါတယ်။ အခုတစ်ခေါက်ရောက်ရှိချိန်က အလွန်စောတယ်လို့ပြောရမှာပါ။ တောင်ကြီးမြို့မှာလဲ ဘယ်နေရာမှမဝင်ကြတော့ဘဲ မြို့တွင်းကနေဖြတ်ပြီး ဆက်လက်မောင်းလာခဲ့လိုက်တယ်။ တောင်ကြီးကနေဟိုပုံးကို ၁၂ မိုင်၊ ဟိုပုံးကနေထမ်းစန်းကို ၁၂ မိုင်၊ ထမ်းစန်းကနေမိုင်းပွန်မြို့ကို ဖြတ်သန်းပြီး လွိုင်လင်မြို့ရောက်တဲ့ထိ ၃၂ မိုင်ကျော် စုစုပေါင်း ၅၆ မိုင်ကျော်မောင်းနှင်ကြရပါအုံးမယ်။

အေးသာယာမြို့သစ်ကိုကျော်ပြီးတာနဲ့ တောင်ကြီးမြို့ရှိရာကို တောင်ပေါ်အတက်ခရီးလမ်းအဖြစ် မောင်းနှင်ခဲ့ရာကနေ တောင်ကြီးကိုကျော်လွန်လာတာနဲ့ အဆင်းခရီးလမ်းအဖြစ် မောင်းနှင်လာရပြန်တယ်။ မကြာခင်မှာရောက်ရှိတွေ့မြင်ကြရမဲ့ ဟိုပုံးမြို့က ဟဲဟိုးမြို့လို မြေပြန့်လွင်ပြင်မြို့တစ်မြို့ဖြစ်ပါတယ်။ ထူးခြားမှုအနေနဲ့ တောင်ကြီးမြို့ကနေ ထွက်လာပြီးကတည်းက ဟိုပုံးမြို့အဝင်နားရောက်တဲ့ထိ လမ်းဘေးဝဲယာတစ်လျှောက်မှာ စတော်ဘယ်ရီသီးဆိုင်တန်းတွေကို တွေ့မြင်နေရတယ်။ ဆိုင်တွေအားလုံးက စတော်ဘယ်ရီသီးတွေကို ပလတ်စတစ်လက်ဆွဲရေပုံးကလေးတွေနဲ့ ထည့်သွင်းရောင်းချနေကြတာပါ။ ဒီလမ်းပိုင်းကို ရောက်ရှိလာတဲ့အခါမှာ စတော်ဘယ်ရီသီးဈေးနှုန်းက ပိုမိုသက်သာလာတာကို ဆိုင်တန်းတွေအနီးမှာ ကားဖြည်းဖြည်းမောင်းရင်း မေးမြန်းစုံစမ်းရင်းနဲ့ သိရှိခဲ့ရတယ်။

ဟဲဟိုးလွင်ပြင်ရှုခင်းသာကြည့်ရပ်မျှော်စင်မှာ မရပ်မနားခဲ့ကြပေမဲ့ ဟိုပုံးမြို့အဝင် ရှုခင်းသာကိုရောက်တော့ တစ်ခဏတာကားရပ်ပြီး ရှုခင်းကြည့်လေ့လာတာတွေ၊ အမှတ်တရဓာတ်ပုံရိုက်ကြတာတွေလုပ်ကြတယ်။ ရှုခင်းတွေရဲ့ တွေ့မြင်ခံစားရမှု




တွေက ဟိုပုံးမြို့နဲ့ခပ်ဆင်ဆင်တူညီနေတာကို မြင်တွေ့ကြရတယ်။ အရင်ခရီးစဉ်အခေါက်တွေတုန်းက ဒီလိုနေရာမျိုးတွေရောက်ပြီဆိုရင် ကားရပ်ပြီး ရှုခင်းကြည့်ရင်း ဓာတ်ပုံရိုက်ရင်း၊ အညောင်းပြေအညာပြေ ခြေဆန့်လက်ဆန့်လုပ်ကြရင်း၊ အပေ့ါအပါးသွားကြတာတွေကအစ လုပ်ခဲ့ကြရပေမဲ့ အခုလိုရှုခင်းကြည့်မျှော်စင်ကြီးတွေ တည်ဆောက်ပြုလုပ်ပြီးချိန်မှာ ခရီးသွားဧည့်သည်တွေ၊ လေ့လာကြည့်ရှုနေကြသူတွေနဲ့ အမြဲလိုစည်ကားနေတာကြောင့် အပေ့ါအပါးသွားတာမျိုးတွေ လုပ်လို့မရကြတော့သလို သင့်တော်မှုလဲမရှိတော့ပါဘူး။ ရှုခင်းကြည့်မျှော်စင်ပေါ်နဲ့ အနီးမှာလေ့လာကြည့်ရှုနေကြသူတွေ၊ ဓာတ်ပုံရိုက်နေကြသူတွေနဲ့ စည်စည်ကားကားဖြစ်နေတာကို တွေ့မြင်နေရတယ်။

ရှုခင်းကြည့်မျှော်စင်ကနေ ဆက်လက်ထွက်ခွာလာခဲ့ကြပြီး မကြာခင်မှာ ဟိုပုံးမြို့ကိုရောက်လာခဲ့ကြတယ်။ ဟိုပုံးက သာမန်မြို့ငယ်လေးတစ်မြို့ဖြစ်ပါတယ်။ ဟိုပုံးဆိုတာ ရှမ်းတိုင်းရင်းသားဘာသာစကားနဲ့ဖြစ်ပြီး မြန်မာလိုလျှိုကြီးရဲ့အစအဦးပိုင်းလို့ အဓိပ္ပာယ်ရပါတယ်။ ဟိုပုံးမြို့မှာ ထင်ရှားတဲ့စေတီတော်ကြီးတစ်ဆူကတော့ အလောင်းစည်သူမင်းကြီးပင့်ဆောင်လာတဲ့ ဓာတ်တော်တွေကို ဌာပနာထည့်သွင်းတည်ထားခဲ့တဲ့ ရွှေချမ်းသာစေတီတော်ကြီးဖြစ်ပါတယ်။ စေတီတော် စတင်တည်ထားခဲ့စဉ်က ဉာဏ်တော်အမြင့်အတောင် ၂၀ သာရှိခဲ့ရာကနေ အခုအချိန်မှာ ဉာဏ်တော်အမြင့်အတောင် ၈၀ ရှိနေပါပြီ။ ဒါပေမဲ့ ရွှေချမ်းသာစေတီတော်ကြီးကို ဝင်ရောက်ဖူးမြော်ခြင်းမပြုကြတော့ဘဲ ရှေ့ခရီးကိုဆက်လာခဲ့ကြတယ်။

ဟိုပုံးမြို့ကိုကျော်လွန်လာပြီးတာနဲ့ အတက်အဆင်းလမ်းတွေ၊ လမ်းအကွေ့အကောက်တွေ ပိုမိုများပြားလာသလို တောအုပ်တွေ၊ တောတန်းတွေကို တွေ့မြင်လာရတယ်။ အချို့နေရာတွေမှာ တောင်ကုန်း၊ တောင်တန်းမြင့်မြင့်တွေ၊ ချောက်ကမ်းပါးနက်နက်ရှိုင်းရှိုင်းတွေလဲရှိနေကြတယ်။ ဒီလိုတောအုပ်တွေ၊ တောင်ကုန်းတောင်တန်းတွေကို ဖြတ်ကျော်မောင်းနှင်လာခဲ့ရင်းနဲ့ မကြာခင်မှာ ထမ်းစန်းဂူရှိတဲ့နေရာကို ရောက်လာခဲ့ကြတယ်။ ခရီးစဉ်အရ လွိုင်လင်မြို့ကို ဒီနေ့အရောက်မောင်းနှင်ပြီး ညအိပ်ရပ်နားကြမှာဖြစ်တာကြောင့် ထမ်းစန်းဂူကိုမဝင်ကြတော့ဘဲ အပြန်ခရီးမှ ဝင်ရောက်လေ့လာကြရမှာပါ။ ကားမောင်းနေရင်းနဲ့ ထမ်းစန်းဂူရှိရာကို လှမ်းမျှော်ကြည့်လိုက်တဲ့အခါမှာ ဘုရားဖူးကားတွေ၊ ဘုရားဖူးဧည့်သည်တွေကို မြင်တွေ့လိုက်ရတယ်။ ဒါကြောင့် ထမ်းစန်းဂူက ငလျင်ဘေးဒဏ်ကို ခံစားရခြင်းမရှိခဲ့ဘဲ ပုံမှန်အနေအထားအတိုင်း ရှိနေတယ်ဆိုတာကို သိရှိလိုက်ရပါတယ်။

ထမ်းစန်းဂူရှေ့လမ်းပေါ်ကနေ ဖြတ်သန်းလာခဲ့ပြီး လမ်းကွေ့တစ်ခုကိုရောက်လာတာနဲ့ ဂူရဲ့အပေါ်တောင်ကုန်းမြင့်ပေါ်မှာ တည်ထားတဲ့ရွှေတိဂုံစေတီတော်ပုံစံတူစေတီကြီးတစ်ဆူကို ရွှေရောင်တဝင်းဝင်းနဲ့ ဖူးမြော်မြင်တွေ့နေရတယ်။ စေတီတော်ကြီးက ကြီးလည်းကြီး၊ မြင့်လည်းမြင့်မားလှပါတယ်။ ဒီစေတီတော်ကြီးကိုလဲ အပြန်ခရီးမှဝင်ရောက်ဖူးမြော်ကြရမှာပါ။ စေတီတော်ကြီးကို ကျော်လွန်လာတဲ့အခါ လမ်းရဲ့အခြေအနေက အနည်းငယ်ကျဉ်းမြောင်းလာခဲ့သလို တောတွေ၊ တောင်တွေပိုမိုထူထပ်လာတယ်။ အချို့လမ်းပိုင်းနေရာတွေမှာ တောင်ပြိုတာတွေ တွေ့ရသလို တောင်ကမ်းပါးမြင့်မြင့်တွေကိုလဲ တွေ့မြင်ရပါတယ်။ ဒ့ါပြင် ရှေ့မျက်နှာချင်းဆိုင်မှာရှိတဲ့ တောင်ပေါ်လမ်းပိုင်း ကွေ့ကွေ့ကောက်ကောက်တွေ၊ နောက်မှာ အောက်မှာကျန်ရစ်နေခဲ့ပြီဖြစ်တဲ့ လမ်းပိုင်းနေရာတွေကိုလဲ တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်နေရာပြီး တစ်နေရာမြင်တွေ့နေရပြီး မကြာခင်မှာ မိုင်းပွန်မြို့အဝင်ကို ရောက်လာခဲ့ကြတယ်။

မိုင်းပွန်မြို့ကိုရောက်ရှိဖို့အတွက် မိုင်းပွန်ချောင်းကို ဖြတ်သန်းရအုံးမှာပါ။ မိုင်းပွန်ချောင်းထိပ်မှာ မြို့အဝင်ဆိုင်းဘုတ်နဲ့အတူ လုံခြုံရေးစခန်းတစ်ခုလဲရှိနေတယ်။ အရင် ၂၀၁၈ ခုနှစ်တုန်းက တာချီလိတ်မြို့နဲ့ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့ကို သွားခဲ့တဲ့ခရီးစဉ်တုန်းက ချောင်းထိပ်မှာရှိနေတဲ့ လုံခြုံရေးစခန်းက သေးသေးငယ်ငယ်လေးသာဖြစ်နေတာကြောင့် လမ်းဘေးမှာ ကားရပ်ခွင့်တောင်းပြီး မှတ်တမ်းဓာတ်ပုံရိုက်ယူခဲ့တာတွေ၊ ရှုခင်းကြည့်တာမျိုးတွေ လုပ်ခဲ့ကြတယ်။ အခုရောက်ရှိလာတဲ့အချိန်မှာ လုံခြုံရေးဂိတ်က ကြီးမားသွားပြီး အစစ်အဆေးခံနေကြရတဲ့ ကားတန်းကြီးကလဲ ရှည်လျားနေတာကြောင့် ဓာတ်ပုံရိုက်၊ ရှုခင်းကြည့်တာတွေ မလုပ်ကြတော့ဘဲ တံတားဖြတ်ကျော်ပြီး မိုင်းပွန်မြို့ထဲကို ဝင်လာခဲ့တယ်။

လမ်းညွှန်မိုင်တိုင်မှာ ဖော်ပြထားချက်အရ မိုင်းပွန်မြို့က မိတ္ထီလာမြို့နဲ့ ၁၅၄ မိုင်၊ တောင်ကြီးမြို့နဲ့ ၃၈ မိုင်၊ လွိုင်လင်မြို့နဲ့ ၂၂ မိုင်၊ တာချီလိတ်မြို့နဲ့ ၃၄၉ မိုင်ဝေးကွာနေပါတယ်။ ခရီးသည်တင်ကားတချို့က မိုင်းပွန်မြို့မှာ ခေတ္တရပ်နားတတ်ကြတာကြောင့် မိုင်းပွန်မြို့တွင်း ဈေးအနီးအနားမှာ စားသောက်ဆိုင်တွေ၊ ထမင်းဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ ရှမ်းခေါက်ဆွဲဆိုင်တွေရှိနေကြတယ်။ မိမိကိုယ်တိုင်လဲ ခရီးသည်တင်ကားနဲ့ လာရောက်ခဲ့တဲ့ခရီးစဉ်တစ်ခုမှာ လက်ဖက်ရည်သောက်၊ ခေါက်ဆွဲစားရင်း ရပ်နားခဲ့ဖူးတယ်။ မိုင်းပွန်မြို့က သာမန်မြို့ငယ်လေးတစ်မြို့ပါ။ ဒါပေမဲ့ ခရီးသည်တင်ကားတွေ ရပ်နားလေ့ရှိကြတဲ့ ဈေးအနီး၊ ဆိုင်တွေအနီးမှာ အသွားအလာတွေ ရှုပ်ထွေးပြီး စည်ကားနေတတ်ပါတယ်။ ဒီတစ်ခေါက်တော့ မိုင်းပွန်မြို့မှာ မရပ်နားကြတော့ဘဲ ရှေ့ခရီးကို ဆက်လက်မောင်းနှင်လာခဲ့လိုက်တယ်။ အာဇာနည်ခေါင်းဆောင်မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်းရဲ့ဇာတိမွေးရပ်မြေ မိုင်းပွန်မြို့က နောက်မှာကျန်ရစ်နေခဲ့ပါပြီ။

မိုင်းပွန်မြို့ကနေ ထွက်ခွာဖြတ်သန်းလာတဲ့အချိန်မှာ နာရီကြည့်လိုက်တော့ ညနေ ၃ နာရီထိုးဖို့ မိနစ်အနည်းငယ်လိုနေပါသေးတယ်။ လွိုင်လင်မြို့ကိုရောက်ရှိဖို့အတွက် ခရီးမိုင်နဲ့အချိန်ကိုတွက်ဆကြည့်လိုက်တဲ့အခါမှာ ညနေ ၄ နာရီလောက် ရောက်ရှိမယ်ဆိုတာကို ခန့်မှန်းမိလိုက်တယ်။ ဒါကြောင့် ကားကိုဂရုစိုက်ပြီးမောင်းနေရင်း ခရီးဖော်တွေနဲ့ တိုင်ပင်ရတော့တယ်။ လွိုင်လင်မြို့ကိုရောက်ရင် ဟိုတယ်မှာအေးအေးဆေးဆေးနား၊ညစာထမင်းစား၊ ညအိပ်ရပ်နားပြီး နောက်တစ်နေ့မနက်အိပ်ရာထကြပြီးမှ ပင်လုံမြို့ကို သွားရောက်လေ့လာကြမလား ဆိုတာနဲ့ လွိုင်လင်မြို့ကိုရောက်ရောက်ချင်း ပင်လုံမြို့ရှိရာကို ဆက်လက်သွားရောက်ကြမလားဆိုတာတွေကိုပါ။ ဒီလိုစကားပြော စဉ်းစားတိုင်ပင်ကြရင်းနဲ့ လွိုင်လင်မြို့ကိုရောက်ရင် တည်းခိုကြမဲ့ဟိုတယ်ရှိရာကို အရင်သွားရောက်ကြမယ်။ ဟိုတယ်မှာအခန်းတွေယူ၊ အဝတ်အိတ်တွေချ ခဏတာလောက်အချိန်ယူပြီး ရေမိုးချိုးပြီးတာနဲ့ ပင်လုံမြို့ကိုသွားရောက်လေ့လာကြမယ်။ ပင်လုံကနေပြန်လာပြီးတာနဲ့ ညစာထမင်းစားကြပြီး ညအိပ်အနားယူလိုက်ကြမယ်ဆိုတဲ့ အဖြေကိုရရှိလိုက်ကြတယ်။ အစီအစဉ်အရ နောက်တစ်နေ့မနက်မှာ နမ့်စန်၊ မိုးနဲ၊ လင်းခေး၊ မောက်မယ်မြို့တွေရှိရာကို အိပ်ရာစောစောထပြီး ဆက်လက်ထွက်ခွာကြရမှာပါ။

ခန့်မှန်းတွက်ဆထားတဲ့အတိုင်း လွိုင်လင်မြို့အဝင်ဆိုင်းဘုတ်ရှိတဲ့နေရာကို ညနေ ၄ နာရီမထိုးခင်ရောက်လာခဲ့ကြတယ်။ မြို့အဝင်ဆိုင်းဘုတ်မှာ ကားရပ်ပြီး မှတ်တမ်းဓာတ်ပုံတွေရိုက်ကြရင်း ခရီးစဉ်အစကတည်းက ကြိုတင်ချိတ်ဆက်အကြောင်းကြားထားတဲ့ မြို့ခံမိတ်ဆွေကို ဖုန်းနဲ့ဆက်သွယ်လိုက်တဲ့အခါ မိမိတို့အတွက် ဟိုတယ်တစ်ခုမှာ အခန်းတွေယူထားပြီးဖြစ်ကြောင်းနဲ့ မြို့တွင်းလမ်းဆုံတစ်ခုမှာ လာရောက်စောင့်ကြိုနေမယ်ဆိုတာကို သိလိုက်ရလို့ မြို့ခံမိတ်ဆွေချိန်းဆိုထားတဲ့လမ်းဆုံရှိရာကို ဆက်လက်မောင်းနှင်လာခဲ့ရတယ်။ မြို့ခံမိတ်ဆွေချိန်းဆိုလိုက်တဲ့လမ်းဆုံနေရာက မြို့နယ်ပြည်သူ့ဆေးရုံကြီးအနီးနမ့်စန်မြို့ကိုသွားတဲ့လမ်းနဲ့ ပင်လုံမြို့ကိုသွားတဲ့လမ်းဆုံနေရာပါ။ ဒါကြောင့် လမ်းဆုံနေရာကို လွယ်လွယ်ကူကူရှာဖွေတွေ့ရှိပြီး ရောက်လာခဲ့ကြတယ်။

မိမိတို့နဲ့ မရှေးမနှောင်းမှာဘဲ မြို့ခံမိတ်ဆွေလဲရောက်လာခဲ့ပြီး နှုတ်ဆက်စကားပြောကြရင်း တည်းခိုကြရမဲ့ဟိုတယ်ကို ထွက်လာခဲ့ကြတယ်။ ဟိုတယ်ကိုရောက်တာနဲ့ မူလစီစဉ်ထားတဲ့အတိုင်း အခန်းတွေယူ၊ ပစ္စည်းတွေချ၊ ရေမိုးချိုးတာတွေကို မြန်မြန်ဆန်ဆန် ဆက်လက်လုပ်ဆောင်ကြရတယ်။ လွိုင်လင်မြို့မှာ မြို့ခံမိတ်ဆွေတွေကရော၊ ဟိုတယ်ပိုင်ရှင်နဲ့ဝန်ထမ်းတွေကရော ခင်ခင်မင်မင်နဲ့ဆီးကြိုကြပါတယ်။ ဒ့ါပြင် ရည်မှန်းထားတဲ့ခရီးစဉ်အတိုင်း ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခဲ့ကြလို့လဲ ခရီးဖော်တွေအားလုံးက ဝမ်းသာပျော်ရွှင်နေကြတယ်။ မကြာခင်မှာ ပင်လုံမြို့ကို ဆက်လက်သွားရောက်ကြအုံးမှာပါ။

# လေချွန်နတ် ရုပ်ရှင်ဇာတ်ကားကို မေလ တတိယပတ်တွင် ရုံတင်ပြသမည်ဖြစ်




**ရန်ကုန် မေ ၈**

Triple Six ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် လေချွန်နတ် ရုပ်ရှင်ဇာတ်ကားကို မေလ တတိယပတ်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)က ပြောပြ၍ သိရသည်။

အဆိုပါ လေချွန်နတ်ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ရန်နိုင်ထွန်းက ရေးသားပေးထားပြီး မင်းကိုစိုး (နတ်သံကွင်း)က ရိုက်ကွင်းဇာတ်ညွှန်းရေးထားကာ ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)၊ တွဲဖက်ဒါရိုက်တာ နေလင်းနှင့်သားကျော်တို့က Triple Six ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက အချစ်ဟာသဇာတ်မြူးလေးပါပဲ။ လေချွန်နတ်ဆိုတဲ့အတိုင်း ဝိညာဉ်ပိုင်းဆိုင်ရာလဲ ထည့်ထားပါတယ်။ အချစ်ဟာသဇာတ်မြူးကို ထူးထူးဆန်းဆန်းလေးဖြစ်အောင် ဝိညာဉ်ပိုင်းဆိုင်ရာနဲ့ ရောပေးထားပါတယ်။ ဒီဇာတ်ကားမှာတော့ သရုပ်ဆောင် မေမြင့်မိုရ်ကို ချစ်သူအပေါ် ယုံကြည်ကိုးစားလွန်းသူဖြစ်ပြီး ချစ်သူရဲ့သစ္စာဖောက်ခြင်းကို ခံရသူ ဖြူစင်မိုးအဖြစ် မြင်တွေ့ရမှာဖြစ်ပြီး ရုတ်တရက်သေဆုံးသွားပြီး မကျွတ်မလွတ်ဖြစ်နေရတဲ့ဝိညာဉ်အဖြစ် သရုပ်ဆောင်ကျော်ကျော်ဗိုကို တွေ့ရမှာပါ။ အကယ်ဒမီ မြင့်မြတ်ကတော့ ပွဲစားအလုပ်ကိုလုပ်ရင်း ဝိညာဉ်တွေရဲ့ ဒုက္ခပေးခြင်းကို ခံနေရသူရဲရင့်အဖြစ် ပါဝင်ထားပါတယ်။ သူတို့တွေ ဘယ်လိုဆုံတွေ့မလဲ။ ဘာတွေဖြစ်ကြမလဲဆိုတာတော့ ပိတ်ကားပေါ်မှာ စောင့်ကြည့်ပေးကြပါအုံး"ဟု ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)က ပြောပြသည်။

အဆိုပါ လေချွန်နတ်ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ကျော်ကျော်ဗို၊ ထက်အောင်ရှိုင်း၊ တေဇလင်းရောင်၊ သံသာညီ၊ မေမြင့်မိုရ်၊ ထွန်းပုလဲရတနာတို့အပြင် ဝါရင့်ဇာတ်ပို့များဖြစ်သည့် ဇင်မျိုး၊ ဇော်ဝင်းနိုင်(မန်း)၊ ဆင်မ၊ သူဇာပွင့် စသည့်အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**ASH**

# မန္တလေးငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေဖျော်ဖြေပွဲတွင် ဂီတအနုပညာရှင်များက မေ ၁၁ ရက်တွင် ဖျော်ဖြေတင်ဆက်မည်

**ရန်ကုန် မေ ၈**

မန္တလေး ငလျင်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတရန်ပုံငွေ ဖျော်ဖြေပွဲတွင် မြန်မာနိုင်ငံဂီတအစည်းအရုံးဝင် ဂီတအနုပညာရှင်များက မေ ၁၁ ရက်တွင် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်က ပြောပြ၍ သိရသည်။




မန္တလေး ငလျင်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေ ဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)တွင် မေ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ညနေ ၅ နာရီ မိနစ် ၃၀ မှ စတင်ကာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး မေ ၁၁ ရက်တွင် မြန်မာနိုင်ငံဂီတအစည်းအရုံးမှ တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ပေးကြမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးငလျင်ဒဏ်သင့်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေဖျော်ဖြေပွဲကို သုံးရက်တိုင်တိုင် ကျင်းပသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဝင် ဂီတအနုပညာရှင်တွေကတော့ မေ ၁၁ ရက်မှာ သီဆိုဖျော်ဖြေပေးဖို့ ရှိပါတယ်"ဟု မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးလွင်မြင့်က ပြောပြသည်။

အဆိုပါ ရန်ပုံငွေဖျော်ဖြေပွဲတွင် မြန်မာနိုင်ငံဂီတအစည်းအရုံးမှ တေးသံရှင်များဖြစ်ကြသည့် ဘိုဘိုဟန်၊ ခင်မောင်ထူး၊ ကိုင်ဇာ၊ စည်သူလွင်၊ ဇော်ပိုင်၊ စိုင်းစိုင်းခမ်းလှိုင်၊ ဟဲလေး၊ လွှမ်းပိုင်၊ ဝေလာ၊ ပူစူး၊ နွဲ့ယဉ်ဝင်း၊ မေခလာ၊ Lဆိုင်းဇီ၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ မီးနို၊ ဆိုင်စံ၊ ချမ်းမြေ့မောင်ချိုတို့က ဖျော်ဖြေပေးသွားမည်ဖြစ်ပြီး တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို Plus Three Band နှင့် Immortal Band တို့က ပူးပေါင်းပြီး အကောင်းဆုံးပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

# ကလောမြို့ မြင်းကကျေးရွာ၌ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်းဖွင့်ပွဲ ကျင်းပ

**ကလော မေ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မုန့်မျိုးစုံပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြင်းကကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက သင်တန်းအဖွင့်အမှာစကား ပြောကြားပြီး ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကလောမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပြည်သူများအလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်၊ မိသားစုဝင်ငွေ တိုးပွားလာစေရန်နှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားလာစေရန် ရည်ရွယ်၍ မုန့်မျိုးစုံပြုလုပ်နည်း သင်တန်း ဖွင့်လှစ်သင်ကြားပို့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က သင်တန်းတက်ရောက်မည့် သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ကလောမြို့နယ်အတွင်း ကျေးရွာများမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ တစ်လကြာ မုန့်မျိုးစုံပြုလုပ်နည်းပညာရပ်များကို စာတွေ့လက်တွေ့ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ပြောပြ၍သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# Amazon MGM ၏ Love of Your Life ၌ မင်းသမီးမာဂရက်ကွာလေ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် မေ ၈**

Amazon MGM စတူဒီယို၏ Love of Your Life ဇာတ်ကားသစ်၌ မင်းသမီးမာဂရက်ကွာလေ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

Love of Your Life ဇာတ်ကားကို ဒါရိုက်တာ ရာချယ်မောရစ်ဆင်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းရေးဆရာမ ဂျူလီယာကော့က ဝတ္ထုဇာတ်ညွှန်းရေးသားပေးထားသည်။

လက်ရှိတွင် Love of Your Life ဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Amazon MGM က လျှို့ဝှက်ထားဆဲဖြစ်သည်။

Love of Your Life ဇာတ်ကားရိုက်ကူးမည့်နေ့နှင့် ရုံတင်ပြသမည့်နေ့တို့ကို မသိရသေးကြောင်း သိရသည်။

Love of Your Life ဇာတ်ကားအတွက် ထုတ်လုပ်သူအဖြစ် မင်းသား ရိုင်ယန်ဂိုးစလင်းက တာဝန်ယူထားကြောင်း သိရသည်။

မင်းသမီး မာဂရက်ကွာလေသည် လက်ရှိတွင် ဒါရိုက်တာ ရစ်ဒလေစကော့၏ The Dog Stars ၌ ပါဝင်သရုပ်ဆောင်နေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Apple ၏ Tenzing ဇာတ်ကားသစ်၌ ကိုင်ထရီယိုနာဘယ်ဖီ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် မေ ၈**

Apple Original Films ကုမ္ပဏီ၏ Tenzing အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီးကိုင်ထရီယိုနာဘယ်ဖီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

Tenzing ဇာတ်ကားတွင် ကိုင်ထရီယိုနာဘယ်ဖီသည် မင်းသားတွမ်ဟစ်ဒယ်လစ္စတန်၊ ဝီလျံဒီဖိုးတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Tenzing ဇာတ်ကားသည် နီပေါလူမျိုးတောင်တက်လမ်းပြ တန်ဇင်နော်ဂေး၏ဘဝကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

နီပေါတောင်တက်လမ်းပြ တန်ဇင်နော်ဂေးသည် နယူးဇီလန်တောင်တက် အက်မန့်ဟီလာနှင့်အတူ ဧဝရက်တောင်ထိပ်ကို ၁၉၅၃ ခုနှစ်တွင် ပထမဆုံးတက်ရောက်နိုင်ခဲ့သူဖြစ်သည်။

Tenzing ဇာတ်ကားကို ဒါရိုက်တာ ဂျင်နီဖာပီဒမ်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ လုဒေးဗီးက တာဝန်ယူရေးသားပေးထားကြောင်း သိရသည်။


Tenzing ဇာတ်ကားရိုက်ကူးမည့်အချိန်နှင့် ရုံတင်ပြသမည့်နေ့တို့ကို Apple Original Films က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# SAC Chairman Prime Minister Senior General Min Aung Hlaing meets Kazakhstani President H.E. Mr. Kassym-Jomart Tokayev



Senior General Min Aung Hlaing holds talks with H.E. Mr. Kassym-Jomart Tokayev, President of the Republic of Kazakhstan.

**Nay Pyi Taw May 8**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing who is currently in Moscow to attend the military parade to mark the 80th Anniversary of the Victory in the Great Patriotic War 1941-1945 to be held in the Russian Federation held a meeting with H.E. Mr. Kassym-Jomart Tokayev, President of the Republic of Kazakhstan, at Ritz Carlton Hotel this evening.

Also present at the meeting were Council Joint Secretary General Ye Win Oo, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe and Myanmar Ambassador to the Republic of Kazakhstan U Thit Linn Ohn. The President of the Republic of Kazakhstan was accompanied by officials.

At the meeting, the President of the Republic of Kazakhstan said that he expressed his deep sorrow with the government and people of Myanmar for the losses and damages sustained due to the major earthquake that occurred in Mandalay of Myanmar. He said he also believes that, through joint efforts between the government and the people, recovery and reconstruction efforts will be carried out effectively and that the country will be able to overcome this difficult time.

In his response, the Senior General said that it has now been 25 years since diplomatic relations were established between Myanmar and Kazakhstan. The Ambassador of Myanmar to Kazakhstan has presented the letter of Credentials to His Excellency of Kazakhstan in April 2025. In response to the major Mandalay earthquake that occurred in Myanmar, the Senior General highlighted that he deeply appreciate a letter of condolence sent by the His Excellency of Kazakhstan expressing his sympathy for the loss of lives and property, and offering support for Myanmar. Myanmar, for its part, will continue to enhance cooperation with Kazakhstan.

The Senior General and the Kazakhstani President exchanged views on promotion of bilateral cooperation measures.

100

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing answers questions of RT TV Channel and Krasnaya Zvezda daily of Russian Federation at media interviews



RT TV Channel interviews Senior General Min Aung Hlaing.

**Nay Pyi Taw May 8**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, who is in the Russian Federation, answered the questions at the interviews conducted separately by RT TV Channel and Krasnaya Zvezda daily of Russia at Ararat Park Hotel in Moscow at local time this morning.


At the interviews, the Senior General gave comprehensive answers to the questions about the Mandalay earthquake and the arrival of international rescue and relief aid, cooperation in multi-sectors including relations based on humanitarian activities between the Russian Federation and Myanmar, opinions on the history of the 80th Anniversary Victory Day of the Great Patriotic War (1941-1945) of Russian Federation, views on the participation of a military parade team representing Myanmar Tatmadaw for the first time in the event, Myanmar's role in the ASEAN region and other issues asked by the chief editor of RT TV Channel and a special reporter of Krasnaya Zvezda. The full text of the interviews will appear later.

After the interviews, the Senior General accepted the commemorative gifts of the media departments and the badge and a book marking the centenary of the Krasnaya Zvezda daily. He also presented them commemoratives gifts and extended cordial greetings. 100



Senior General Min Aung Hlaing answers questions of Krasnaya Zvezda daily.

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attends dinner hosted by President of the Russian Federation Mr. Vladimir Putin, together with other heads of state



Senior General Min Aung Hlaing and other heads of state enjoy the dinner hosted to commemorate the 80th Anniversary Victory Day of the Great Patriotic War (1941-1945) by President of the Russian Federation Mr. Vladimir Putin.

**Nay Pyi Taw May 8**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is in Moscow to attend the 80th Anniversary Victory Day military parade of the Great Patriotic War (1941-1945) to be held in Russian Federation, attended the dinner, hosted by President of the Russian Federation Mr. Vladimir Putin at Kremlin at local time evening, together with other heads of states.

First, President of the Russian Federation Mr. Vladamir Putin greeted Senior General Min Aung Hlaing and other heads of states, who are going to attend the 80th Anniversary Victory Day military parade of the Great Patriotic War (1941-1945), at the Kremlin.

Afterwards, the Senior General and other heads of state, accompanied by the Russian President, enjoyed a dance performance staged in honour of the 80th Anniversary Victory Day of the Great Patriotic War (1941-1945) at Andereevsky hall.

They then enjoyed the dinner together with the Russian President at the Aldxandrovsky hall.

After the dinner, the Russian President cordially greeted the Senior General and other heads of states, who attended the dinner.

100

# SAC Chairman Prime Minister Senior General Min Aung Hlaing, his wife Daw Kyu Kyu Hla and delegation members enjoy ballet performances to mark the 80th Anniversary of the Victory in the Great Patriotic War 1941-1945



Senior General Min Aung Hlaing and Daw Kyu Kyu Hla enjoy the ballet performance.

**Nay Pyi Taw May 8**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla together with delegation members who are in Moscow to attend the military parade to mark the 80th Anniversary of the Victory in the Great Patriotic War 1941-1945 to be held in the Russian Federation arrived at the State Academic Bolshoi Theatre at night on 7 May and enjoyed the "The Young Lady and The Hooligan" ballet performances to mark the 80th Anniversary of the Victory in the Great Patriotic War 1941-1945.

At the State Academic Bolshoi Theatre, the Senior General, his wife and party were welcomed by Speaker of the Federation Council Mrs Valentina Matvienko and officials. The Senior General, his wife and delegation members along with officials from the Russian Federation and audiences enjoyed the ballet performance "The Young Lady and The Hooligan" to mark the 80th Anniversary of the Victory in the Great Patriotic War 1941-1945.

After the performances, the Senior General and his wife presented a flower basket for the entertainment troupes through an official.

The State Academic Bolshoi Theatre is one of the most famous theatre across the world and it became a focal point Russian Operas and Ballet Performances presented by Tchaikovsky, Glinka and Mussorgsky in the 19th and the 20th centuries. The major renovation was carried out at theatre from 2005 to 2011. It was facilitated with modern machines to maintain the beauty of a historic building. At present, the Bolshoi Theatre becomes a cultural symbol of Russia and presents world-class artistic performances.

100

# Daw Kyu Kyu Hla holds discussion with Speaker of the Federation Council of the Federal Assembly of the Russian Federation



Daw Kyu Kyu Hla holds talks with Mrs. ValentinaMatvienko, the Speaker of the Federation Council of the Federal Assembly of the Russian Federation.

**Nay Pyi Taw May 8**

Daw Kyu Kyu Hla, the wife of the Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is accompanying him on his visit to the Russian Federation, met and held discussions today with Mrs. Valentina Matvienko, Speaker of the Federation Council of the Federal Assembly of the Russian Federation , at the Federation Council office in the morning (local time).

First, the Speaker of the Federation Council warmly welcomed and greeted Daw Kyu Kyu Hla and her delegation. Following this, the wife of the Chairman of the State Administration Council Prime Minister signed the guestbook.

Afterwards, the Speaker of the Federation Council introduced the Russian officials in attendance, while Daw Kyu Kyu Hla introduced the members of the Myanmar delegation.

Following this, the meeting was held in the reception hall, where the Speaker of the Federation Council of the Federal Assembly of the Russian Federation expressed deep sorrow over the damage and losses caused by the major earthquake in Mandalay, Myanmar. She stated that the Russian Federation would provide necessary assistance in reconstruction efforts. She also mentioned that the Russian Federation has women's welfare programs and holds the Eurasian Women's Forum every three years. The forum addresses challenges faced by women and children, and she expressed hope that Myanmar could also participate in such women-focused initiatives in the future.

In response, the wife of the Chairman of the State Administration Council Prime Minister expressed profound gratitude for the aid and support extended by the Russian Federation and the international community following the earthquake disaster in Myanmar. She emphasized that Russia's multifaceted assistance has been greatly beneficial to Myanmar and pledged to further strengthen collaborative efforts.

Afterwards, the wife of the Chairman of the State Administration Council Prime Minister and the Speaker of the Federation Council of the Federal Assembly of the Russian Federation held a cordial discussion on potential cooperation between the two countries in the fields of education and economy.

At the end of the meeting, Daw Kyu Kyu Hla and the Speaker of the Federation Council exchanged commemorative gifts and posed for a group photo with attendees. 100

# Daw Kyu Kyu Hla, wife of SAC Chairman Prime Minister Senior General Min Aung Hlaing, holds talks with BRICS Women's Business Alliance of Russian Federation Chairperson Ms. Anna Nesterova

**Nay Pyi Taw May 8**

Daw Kyu Kyu Hla, the wife of the Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied the Senior General on his visit to the Russian Federation and held talks with Chairperson of the BRICS Women's Business Alliance of the Russian Federation Ms. Anna Nesterova at the Federation Council Office of the Russian Federation this morning local time.

Also present together with the wife of the Senior General were Daw Nilar, the wife of the joint secretary of the SAC, the wife of the Chief of General Staff (Army, Navy, Air), Vice Chairperson of the Myanmar Women's Affairs Federation Daw Khin May Soe, the wife of the Myanmar ambassador to the Russian Federation and officials while the chairperson of the BRICS Women's Business Alliance was accompanied by officials.

First, the wife of the Senior General and delegation were cordially greeted by the chairperson of the BRICS Women's Business Alliance of the Russian Federation.

Then, they frankly discussed participation of women from governments and various business fields in the upcoming BRICS Forum, opening of branch offices of BRICS WBA in countries in the world and possibilities of opening BRICS WBA offices of Myanmar in other countries if interested, the needs to recognize the role of women in current international affairs, the needs to recognize and encourage participation of women not only in daily social activities but also in international affairs with bravery, trust, diligence, leadership and innovation, measures taken by Myanmar to enhance the sector of women entrepreneurship, further cooperation in the education and women' affairs sectors between the two countries.

After the discussions, the wife of the Senior General and the chairperson of the BRICS Women's Business Alliance of the Russian Federation exchanged gifts and posed for documentary photographs together with the participants.



Daw Kyu Kyu Hla holds talks with BRICS Women's Business Alliance of the Russian Federation Chairperson Ms. Anna Nesterova in Moscow.

In the afternoon, the wife of the Senior General and the delegation visited the State Tretyakov Gallery in Moscow and were conducted around the gallery by the in-charge and officials. The wife of the Senior General made some questions of interest.

The State Tretyakov Gallery is a world-famous gallery that houses the most important cultural art works of Russia, displaying characteristics and traditions and the mind-set, historical traditions and arts of the Russians through artistic works. It is also a gallery that helps visitors including not only adults but also children to learn the high value and standards of arts of the Russians. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ကျောင်းကုန်းမြို့နယ်တွင် ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းမွန်နေ



**ကျောင်းကုန်း မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းမွန်လာကြောင်း ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် မေလ ပထမပတ်မှစတင်ပြီး ယနေ့ထိ ဖူးစားပြောင်းများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဖူးစားပြောင်းများဝယ်ယူမှု အားကောင်းလာခြင်းသည် ဒေသထွက် ဖူးစားပြောင်းကို ပုသိမ် အပါအဝင် အခြားဒေသများက ဝယ်ယူအား ကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ကုန်ဖူးစားပြောင်းတွေကို ဒေသဈေးကွက်အပြင် အခြား ဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ မေလ ပထမပတ်လောက်ကနေပြီး သိသိသာသာကို အဝယ်လိုက်လာတာဖြစ်ပါတယ်။ အခုအဝယ်လိုက်နေတဲ့ဖူးစားပြောင်းတွေဟာ ဒေသထွက်ဖြစ်တာကြောင့် လတ်ဆတ်ပါတယ်။ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပြီး အရောင်းသွက်နေပါတယ်"ဟု ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကို ဝယ်ယူပြီး ကုန်တင်ကားများဖြင့် ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက်ဖူးစားပြောင်းများသည် ပိုးမွှားကင်းရှင်းပြီး ဖူးစားပြောင်းအဖူးရေ ၁၀၀ လျှင် ငွေကျပ် ၂၉၅၀၀ မှ ၃၁၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်နေကြာစေ့ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**အရာတော် မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နေကြာစေ့အားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၇၀၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၁ ဒသမ ၉၈ တင်း ထွက်ရှိကြောင်း သိရသည်။

"အရာတော်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၂၇၀၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကိုလျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးခဲ့ပါတယ်" ဟုမုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် နေကြာ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများကို စွမ်းဆောင်ရည်မြင့်မားရေးအတွက် လိုအပ်သည့် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကော့ကရိတ်မြို့နယ် သဝယ်ဒါန်ကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့ကရိတ် မေ ၈**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သဝယ်ဒါန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို မေ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့ကရိတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆာဒေါက်ဖော့က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကို ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက သဝယ်ဒါန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၅၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကိုသက်**




# သရက်မြို့နယ် ရေပေါ်ကျွန်းကျေးရွာ၌ ဆိုလာလမ်းမီးတိုင်စိုက်ထူခြင်းလုပ်ငန်း စစ်ဆေး



**သရက် မေ ၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပေါ်ကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေနှင့် ပြည်သူလူထုထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းဆိုလာလမ်းမီးတိုင်စိုက်ထူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တာဝန်ရှိသူများ ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရေပေါ်ကျွန်းကျေးရွာ၌ ကျေးရွာတွင်း ဆိုလာလမ်းမီးတိုင်စိုက်ထူခြင်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

သရက်မြို့နယ် ရေပေါ်ကျွန်းကျေးရွာ၌ ကျေးရွာတွင်းဆိုလာလမ်းမီးတိုင် ၃၅ တိုင်စိုက်ထူခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေမှ သုံးစွဲခွင့်ရှိသော ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် သိန်း ၁၆၀ အသုံးပြုပြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးပေးမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် မေ ၄ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ရေပေါ်ကျွန်းကျေးရွာရှိ အိမ်ခြေ ၃၈၀ မှ လူဦးရေ ၁၄၂၇ ဦးတို့ အကျိုးခံစားရမည်ဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက ပြောပြ၍ သိရသည်။

**ကိုညို**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ အခြားနိုင်ငံ့အကြီးအကဲများနှင့်အတူ ပါဝင်တက်ရောက်

**နေပြည်တော် မေ ၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန်အတွက် မော်စကိုမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညပိုင်းတွင် ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်ကတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ အခြားနိုင်ငံ့အကြီးအကဲများနှင့်အတူ ပါဝင်တက်ရောက်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့တက်ရောက်ရန်ရောက်ရှိနေသည့် အခြားနိုင်ငံ့အကြီးအကဲများအား ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခြားနိုင်ငံ့အကြီးအကဲများသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့်အတူ Andere-evsky ခန်းမ၌ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ် ၈၀ ပြည့် အထိမ်းအမှတ်ဂုဏ်ပြုကပွဲကို အတူတကွကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခြားနိုင်ငံ့အကြီးအကဲများသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့်အတူ Aldxan-drovsky ခန်းမ၌ ညစာအတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ညစာစားပွဲသို့တက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(ဒ၀၁)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ အခြားနိုင်ငံ့အကြီးအကဲများနှင့်အတူ ပါဝင်တက်ရောက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Krasnaya Zvezda သတင်းစာမှ အထူးသတင်းထောက်၏ မေးမြန်းမှုများကို ဖြေကြားစဉ်။

☆ **ကျောဖုံးမှအဆက်**

ထင်မြင်ချက်များ၊မြန်မာ့တပ်မတော်ကိုယ်စားပြုစစ်ရေးပြတပ်ဖွဲ့တစ်ဖွဲ့အနေဖြင့် ပထမဆုံးအကြိမ်အဖြစ် ယခုစစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်မည့်အပေါ် သဘောထားအမြင်၊ အာဆီယံဒေသအတွင်း မြန်မာနိုင်ငံ၏အခန်းကဏ္ဍစသည်တို့နှင့် အခြားသိရှိလိုသည်များကိုမေးမြန်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည့်ပြည့်စုံစုံရှင်းလင်းပြောကြားခဲ့ကြောင်းနှင့် မေးမြန်းဖြေကြားမှုအပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

တွေ့ဆုံမေးမြန်းမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကို သတင်းဌာနများမှ အမှတ်တရလက်ဆောင်ပစ္စည်းများ၊ Krasnaya Zvezda သတင်းစာ၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်တံဆိပ်နှင့် စာအုပ်တို့ကို ဂါရဝပြုပေးအပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(ဒ၀၁)

🏳 **ရှေ့ဖုံးမှအဆက်**

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကာဇက်စတန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းတို့တက်ရောက်ကြပြီး ကာဇက်စတန်နိုင်ငံသမ္မတနှင့်အတူ တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကာဇက်စတန်နိုင်ငံသမ္မတက မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့ခြင်းကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအပေါ် မြန်မာနိုင်ငံအစိုးရ၊ ပြည်သူလူထုတို့နှင့်ထပ်တူ စိတ်မကောင်းဖြစ်ရပါကြောင်း၊ထိခိုက်ဆုံးရှုံးခဲ့ရမှုများကိုနိုင်ငံတော်အစိုးရနှင့် ပြည်သူတို့လက်တွဲ၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အကောင်းဆုံးဆောင်ရွက်၍ ကျော်ဖြတ်သွားနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်းဖြင့် ဦးစွာပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည်မှာ ၂၅ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ ကာဇက်စတန်နိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီးအနေဖြင့်လည်း ၂၀၂၅ ခုနှစ်ဧပြီလအတွင်း၌ သံအမတ်ခန့်အပ်လွှာကို အဆွေတော်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်သေဆုံးခဲ့ရမှုများ၊ ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် အဆွေတော်အနေဖြင့် ထပ်တူဝမ်းနည်းကြောင်း၊ စာနာထောက်ထားကြောင်းနှင့် မြန်မာနိုင်ငံအတွက် ကူညီဆောင်ရွက်ပေးရန် အသင့်ရှိပါကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည့်အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကာဇက်စတန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကာဇက်စတန်နိုင်ငံသမ္မတတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆိုင်ရာကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(ဒ၀၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့်အထိမ်းအမှတ် ဘဲလေးအကဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေး

**နေပြည်တော် မေ ၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန်အတွက် မော်စကိုမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ လိုက်ပါ၍ မေ ၇ ရက် ဒေသစံတော်ချိန် ညပိုင်းတွင် State Academic Bolshoi Theatre သို့ ရောက်ရှိကြပြီး ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့်အထိမ်းအမှတ် "The Young Lady and The Hooligan" ဘဲလေးအကဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊အဖွဲ့ဝင်များသည် State Academic Bolshoi Theatre သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တာဝန်ရှိသူများ၊ အထိမ်းအမှတ်ကပွဲသို့လာရောက်ကြည့်ရှုကြသူများနှင့်အတူ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့်အထိမ်းအမှတ်အဖြစ် "The Young Lady and The Hooligan" ဘဲလေးအကဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ကပြဖျော်ဖြေမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဖျော်ဖြေရေးအဖွဲ့များအတွက် ဂုဏ်ပြုပန်းခြင်းကို ပေးအပ်ချီးမြှင့်ခဲ့ရာ ကဇာတ်ရုံမှတာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်ခဲ့သည်။

အဆိုပါ State Academic Bolshoi Theatre သည် ကမ္ဘာ့အကျော်ကြားဆုံး ကဇာတ်ရုံများထဲမှတစ်ခုဖြစ်ပြီး ၁၉ နှင့် ၂၀ ရာစုများအတွင်း Bolshoi ကဇာတ်ရုံသည် Tchaikovsky၊ Glinka နှင့် Mussorgsky တို့၏လက်ရာများ ပထမဆုံးဖျော်ဖြေခဲ့သည့် ရုရှားအော်ပရာနှင့် ဘဲလေးအနုပညာတို့၏ ယဉ်ကျေးမှုဗဟိုအချက်အချာနေရာဖြစ်လာခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ အကြီးစားပြန်လည်မွမ်းမံမှုများပြုလုပ်ခဲ့ပြီး ခေတ်မီစက်ပစ္စည်းများတပ်ဆင်ကာ သမိုင်းဝင်အဆောက်အအုံ၏အလှကို ပြန်လည်ထိန်းသိမ်းခဲ့ကြောင်း၊ ယနေ့အချိန်တွင် Bolshoi ကဇာတ်ရုံသည် ရုရှားယဉ်ကျေးမှု၏ သင်္ကေတတစ်ခုအဖြစ် ကမ္ဘာ့အဆင့်မီ အနုပညာဖျော်ဖြေမှုများကို ဆက်လက်တင်ဆက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မ၀၁)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့်အထိမ်းအမှတ် ဘဲလေးအကဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူပန်းခွေချအလေးပြုခြင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Fomin နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူပန်းခွေချအလေးပြုသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Fomin နှင့်အတူ မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်သို့ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mr. Andrey Belousov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ရှေ့ဆောင်စစ်သည်များက ဦးဆောင်၍ လွမ်းသူပန်းခွေကိုသယ်ဆောင်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mr. Andrey Belousov၊ အခြားပြည်ပနိုင်ငံမှ ကာကွယ်ရေးဝန်ကြီးများနှင့်အတူ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူပန်းခွေချအလေးပြုသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Fomin နှင့် မော်စကိုမြို့ Plaza Garden Hotel ၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကိုယ်စားလှယ်အဖြစ်လိုက်ပါလာသော ကာကွယ်ရေးဝန်ကြီးဌာနမှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပထမဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Fomin က ဟိုတယ်ရှိ အစည်းအဝေးခန်းမမှ ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် ရုရှားနိုင်ငံမှ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့် ဆေးဝါးများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပံ့ပိုးပေးခဲ့မှုများအတွက် အထောက်အကူများစွာရရှိခဲ့သဖြင့် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားသည်။ ထို့နောက် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများနှင့် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား၊ ကာကွယ်ရေးဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊နှစ်နိုင်ငံစစ်ဘက်နည်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ စစ်ဘက်ပညာတော်သင်များဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(မ၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူပန်းခွေချအလေးပြုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko တို့ တွေ့ဆုံပွဲအခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် မေ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်း နိုင်ငံသို့ ရောက်ရှိနေသည့် ဇနီး ဒေါ်ကြူကြူလှသည် ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီရုံး၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌက ရုရှားဘက်မှ တာဝန်ရှိသူများနှင့်မိတ်ဆက်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက မြန်မာဘက်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲကို ဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရမှုများအတွက် ထပ်တူကြေကွဲ ဝမ်းနည်းမိပါကြောင်း၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့်လည်း လိုအပ်သည်များကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် အမျိုးသမီးစောင့်ရှောက်မှုစီမံကိန်းများရှိပြီး ယူရေးရှားအမျိုးသမီးဖိုရမ် (Eurasian Women's Forum) ကို သုံးနှစ်တစ်ခါ ပြုလုပ်လျက်ရှိကြောင်း၊ ယင်းဖိုရမ်တွင် ကလေးငယ်များနှင့် အမျိုးသမီးများ၏ စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် လုပ်ဆောင်ပေးလျက်ရှိပြီး အမျိုးသမီးများနှင့်ပတ်သက်သည့် စီမံကိန်းများတွင် မြန်မာနိုင်ငံအနေဖြင့်လည်း ပါဝင်လာနိုင်ရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက ပြန်လည်ပြောကြားရာတွင် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးဒဏ်ကြုံတွေ့ခဲ့အပြီးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအပါအဝင် နိုင်ငံတကာက ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကြသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ဘက်ပေါင်းစုံမှ ကူညီထောက်ပံ့ပေးမှုများသည် မြန်မာနိုင်ငံအတွက် အထောက်အကူများစွာဖြစ်စေပြီး ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌတို့သည် နှစ်နိုင်ငံအကြား ပညာရေးကဏ္ဍနှင့်စီးပွားရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ BRICS အမျိုးသမီးစီးပွားရေးမဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌ Ms. Anna Nesterova နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ BRICS အမျိုးသမီးစီးပွားရေးမဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌ Ms. Anna Nesterova နှင့် တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ မော်စကိုမြို့ရှိ State Tretyakov Gallery အတွင်း ကြည့်ရှုလေ့လာရာ ပြတိုက်တာဝန်ခံနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသစဉ်။

**နေပြည်တော် မေ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်း နိုင်ငံသို့ ရောက်ရှိနေသည့် ဇနီး ဒေါ်ကြူကြူလှသည် ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် BRICS အမျိုးသမီး စီးပွားရေးမဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာဥက္ကဋ္ဌ Ms. Anna Nesterova နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ် ကောင်စီရုံး၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး၏ဇနီး ဒေါ်နီလာ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မေစိုး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၏ဇနီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး BRICS အမျိုးသမီးစီးပွားရေးမဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များကို BRICS အမျိုးသမီး စီးပွားရေးမဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာဥက္ကဋ္ဌက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် BRICS အမျိုးသမီးစီးပွားရေးမဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ဥက္ကဋ္ဌတို့သည် မကြာမီပြုလုပ်မည့် BRICS Forum တွင် အစိုးရနှင့် စီးပွားရေးနယ်ပယ်ပေါင်းစုံမှ အမျိုးသမီးများပါဝင်သည့်အခြေအနေများ၊ BRICS အမျိုးသမီးစီးပွားရေးမဟာမိတ်အဖွဲ့ရုံးခွဲများကို ကမ္ဘာ့နိုင်ငံများတွင် ဖွင့်လှစ်ထားလျက်ရှိပြီး မြန်မာနိုင်ငံဘက်မှ စိတ်ဝင်စားပါက လာရောက်ဖွင့်လှစ်လိုသည့်အခြေအနေများ၊ လက်ရှိကမ္ဘာ့ရေးရာများတွင် အမျိုးသမီးများ၏အခန်းကဏ္ဍကို အသိအမှတ်ပြု အားပေးဆောင်ရွက်ရမည့် အချိန်သို့ ရောက်ရှိနေပြီဖြစ်သည့်အခြေအနေများ၊ အမျိုးသမီးများ၏နေ့စဉ်လူမှုဘဝဆောင်ရွက်မှုများသာမက ကမ္ဘာ့ရေးရာကိစ္စရပ်များတွင် ရဲစွမ်းသတ္တိ၊ ယုံကြည်မှု၊ လုံ့လဝီရိယရှိမှု၊ ဦးဆောင်နိုင်မှု၊ ဖန်တီးနိုင်မှုစွမ်းအားတို့ဖြင့် လုပ်ကိုင်ဆောင်ရွက်နေမှုများကို အသိအမှတ်ပြုအားပေးရန်လိုအပ်သည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးစွန့်ဦးတီထွင်မှုအခန်းကဏ္ဍ မြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ပညာရေးနှင့် အမျိုးသမီးရေးရာတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့် BRICS အမျိုးသမီးစီးပွားရေး

စာမျက်နှာ ၁၉ သို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရစင်တာနှင့် ကာလုဂါပြည်နယ် Etnomir ယဉ်ကျေးမှုနယ်မြေသို့ သွားရောက်

**နေပြည်တော် မေ ၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် မြန်မာထေရဝါဒ ဗုဒ္ဓဝိဟာရစင်တာနှင့် ကာလုဂါပြည်နယ် Etnomir ယဉ်ကျေးမှုနယ်မြေသို့ ယနေ့(မေ ၈ ရက်)တွင် သွားရောက်ခဲ့ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရစင်တာသို့ ထွက်ခွာခဲ့ကြသည်။

မြန်မာထေရဝါဒဗုဒ္ဓဝိဟာရစင်တာသို့ ရောက်ရှိချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များဟောကြားသည့် အနုမောဒနာတရားကိုနာယူခဲ့ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်းနှင့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ကာလုဂါပြည်နယ် Etnomir ယဉ်ကျေးမှုနယ်မြေသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

ကာလုဂါပြည်နယ် Etnomir ယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် Etnomir ယဉ်ကျေးမှုနယ်မြေအတွင်း တည်ထားသည့် ရွှေစည်းခုံပုံတူစေတီတော်အား ဖူးမြော်ကြည်ညိုခြင်း၊ ယဉ်ကျေးမှုနယ်မြေအတွင်းသို့ လှည့်လည်လေ့လာကြည့်ရှုခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဖ၀၁)



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# တောင်ကြီးမြို့နယ်နှင့် နမ့်စန်မြို့နယ်တို့ရှိ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)၌ တက်ရောက်သင်ကြားလျက်ရှိသည့် သင်တန်းသား၊သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေး၊ အထူးစားပွဲများပြုလုပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် အခြေခံလေကြောင်းလူငယ်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အခြေခံလေကြောင်းလူငယ်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။

**နေပြည်တော် မေ ၈**

အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) (တောင်ကြီးစခန်း)၌ တက်ရောက် သင်ကြားလျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများအတွက် အထူးနေ့လယ်စာစားပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး အခြေခံလေကြောင်းလူငယ်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများနှင့်အတူ နေ့လယ်စာအတူတကွသုံးဆောင်ကြသည်။ ယင်းနောက် အခြေခံလေကြောင်းလူငယ်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများက တိုင်းစစ်ဌာနချုပ် တိုင်းသမိုင်းပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်တွင် အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)တွင် တက်ရောက်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ညပိုင်းတွင် နမ့်စန်တပ်နယ် သင်တန်းသားရိပ်သာ၌ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများက တေးသီချင်းများ၊ တိုင်းရင်းသားရိုးရာ အကအလှများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီးဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဖ၀၁)

စာမျက်နှာ ၁၈ မှအဆက်

မဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များသည် မော်စကိုမြို့ရှိ State Tretyakov Gallery သို့ရောက်ရှိကြရာ ပြတိုက်တာဝန်ခံနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြပြီး ရှင်းလင်းပြသမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါ State Tretyakov Gallery သည် ရုရှားနိုင်ငံ၏ အရေးပါဆုံး ယဉ်ကျေးမှုအနုပညာပြကွက်များမှတစ်ဆင့် တွေ့မြင်အနုလက်ရာများရှိရာ ကမ္ဘာကျော်ပြခန်းကြီးတစ်ခုဖြစ်ကြောင်း၊ ရုရှားလူမျိုးတို့၏ အနုပညာနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုတို့ကို လေ့လာနိုင်သဖြင့် ရုရှားလူမျိုးတို့၏ ဓလေ့စရိုက်များ၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့် စိတ်နေသဘောထားများ၊ သမိုင်းကြောင်းအစဉ်အလာများ၊ အနုသုခုမပညာရပ်တို့တွင် အဆင့်အတန်းမြင့်မားမှုများကို ပြတိုက်အတွင်းပြသထားသည့် ရနိုင်ကြောင်း၊ ပြခန်းကြီးတွင် ပြသထားသည့် အနုပညာကို လာရောက်ခံစားကြသူများအနေဖြင့် လူကြီးများသာမက လူငယ်များ၊ ကလေးငယ်များကိုပါ ရုရှားလူမျိုးတို့၏ အနုပညာ၏ တန်ဖိုးနှင့် အဆင့်အတန်း မြင့်မားမှုတို့ကို သိရှိသွားအောင် လုပ်ပေးလျက်ရှိသည့် ပြတိုက်ကြီးတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

(ဖ၀၁)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# စစ်ကိုင်းမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စခန်းသွင်းလေ့ကျင့်ဆောင်ရွက်နေမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ကြည့်ရှုအားပေး



နေပြည်တော် မေ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စခန်းသွင်းလေ့ကျင့်ဆောင်ရွက်နေမှု ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများအား ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်သည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ ရောက်ရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနိုင်ရန် ဘာသာရပ်များ သင်ကြားပို့ချပေးနေသည့် တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခ၊ ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်က စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရေး၊ စားသောက်နေထိုင်ရေးအတွက် နိုင်ငံတော်မှထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာ၊ ဆရာမများအတွက် ချီးမြှင့်ငွေကျပ် ၄၇ သိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်ကြရာ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူတို့က လက်ခံရယူသည်။

ယင်းနောက် တက္ကသိုလ်အစည်းအဝေးခန်းမ၌ စခန်းသွင်းလေ့ကျင့်သင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအဆင်ပြေစွာ သင်ကြားလေ့ကျင့်နိုင်ရန်အတွက် အုပ်ချုပ်မှုနှင့်ထောက်ပံ့မှုဆိုင်ရာဆောင်ရွက်ထားရှိမှု အခြေအနေများကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ခေတ္တပါမောက္ခချုပ်တို့က ကျောင်းသား၊ ကျောင်းသူများအား စခန်းသွင်းသင်ကြားပို့ချပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ စခန်းသွင်းသင်ကြားပေးနေမှု အခြေအနေများနှင့် ချက်ပြုတ်ကျွေးမွေးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို အစားအစာချက်ပြုတ်ရာတွင် သန့်ရှင်းလတ်ဆတ်မှုရှိရေး၊ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေးကို အထူးအလေးထားဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် စစ်ကိုင်းတောင်ရှိ ဆွမ်းဦးပုညရှင်စေတီသို့ သွားရောက်၍ ထိခိုက်ပျက်စီးခဲ့မှုနှင့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လုပ်အားပေးဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များကို ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် သီတဂူဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်၍ သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုငွေဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့တက်ရောက်၍ ဒုတိယဝန်ကြီးချုပ်က အားပေးစကားပြောကြားပြီး ယာယီနေရပ်စွန့်ခွာနေသူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၃၈၄၇သိန်းကိုပေးအပ်ရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဒုတိယဝန်ကြီးချုပ်က ယာယီနေရပ်စွန့်ခွာနေသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဧရာဝတီမြစ်ကမ်းနားလမ်းရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က စီစဉ်ဆောင်ရွက်ထားသော မြစ်ရေတင်စက်မှ သောက်သုံးရေအဖြစ် သန့်စင်၍ လိုအပ်သည့်ပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးနေသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စစ်ကိုင်းတံတားသို့သွားရောက်၍ပြိုကျပျက်စီးခဲ့မှုများအား မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် တပ်မတော်(ရေ)မှ ဖယ်ရှားရှင်းလင်းရေးပူးပေါင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးချုပ်က အဓိကရေလမ်းကြောင်းများ မိုးမကျမီဖွင့်လှစ်နိုင်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ရေလယ်တိုင်များ ရေအောက်ပိုင်း ကြံ့ခိုင်မှုစစ်ဆေးခြင်းတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၁၂ ကြိမ်မြောက် လှူဒါန်းသည့် အောက်တိန်း (92) တန် ၁၇၀၀၀ ရောက်ရှိ

ရန်ကုန် မေ ၈

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၁၂ ကြိမ်မြောက် လှူဒါန်းသည့် အောက်တိန်း (92) တန်၁၇၀၀၀ တင်ဆောင်လာသော သင်္ဘော T YU DONG သည် မေ ၇ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် Max Energy Terminal သို့ ရောက်ရှိခဲ့သည်။

ထိုသို့ ရောက်ရှိလာသည့် အောက်တိန်း (92) တန် ၁၇၀၀၀ အား ယနေ့နံနက်ပိုင်းက လွှဲပြောင်းလက်ခံရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ သန်လျင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် တရုတ်သံရုံးမှ စီးပွားရေးသံမှူး Mr.Ouyang Daobing ထံမှ သီလဝါဆိပ်ကမ်း၌ လွှဲပြောင်းလက်ခံခဲ့သည်။

အဆိုပါရောက်ရှိလာသည့်အောက်တိန်းများကို ငလျင်ဘေးသင့်ဒေသများသို့ ပြန်လည်ထူထောင်ရေးကိစ္စများတွင် အသုံးပြုရန်အတွက် စွမ်းအင်ဝန်ကြီးဌာနက ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**




# မေ ၁၀ ရက်မှ ၁၅ ရက်အတွင်း နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၈

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း မေ ၁၀ ရက်မှ ၁၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

# မန္တလေးတိုင်းဒေသကြီးရှိ ကျောင်းများတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် တွေ့ဆုံအားပေး



**နေပြည်တော် မေ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ မွန်းလွဲပိုင်းတွင် မဟာအောင်မြေခရိုင် ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်းနှင့် အောင်မြေသာစံမြို့နယ် အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်းတို့တွင် စခန်းသွင်းသင်ကြားလေ့ကျင့်နေသည့် တက္ကသိုလ်ပါမောက္ခ၊ ဆရာ၊ ဆရာမများ၊ အခြေခံပညာ ဆရာ၊ ဆရာမများနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်တန်းအဆင့်သည် အခြေခံပညာအဆင့်တွင် အဆင့်အမြင့်ဆုံးဖြစ်ပြီး နိုင်ငံတကာ "စံ"အရ တက္ကသိုလ်ဝင်ခွင့်အသိအမှတ်ပြု စာမေးပွဲဖြစ်သည့်အတွက် အလွန်အရေးကြီးပါကြောင်း၊ လျှောင်ဒဏ်မှရုန်းထွက်၍ မိမိရည်မှန်းချက်အတိုင်း ယခုကဲ့သို့မလျှော့သောဇွဲလုံ့လဖြင့် တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်မှုများသည် ဘဝတစ်လျှောက် ကြုံတွေ့နိုင်မည့် အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားနိုင်ရန် အဓိကကျသည့် စိတ်ခွန်အားတစ်ခုပင်ဖြစ်ပါကြောင်း၊ ယခု Grade-12 စာမေးပွဲကို အဆင်ပြေချောမွေ့စွာဖြေဆိုနိုင်ရန် ကျောင်းသား၊ ဆရာ၊ မိဘများ တက်ညီလက်ညီ ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ အစိုးရအဖွဲ့အစည်းအသီးသီးကလည်း အထူးအလေးထား ကြပ်မတ်ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြင်ဦးလွင်ခရိုင်တွင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ အင်အား၏ ၉၉ ရာခိုင်နှုန်း တက်ရောက်ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရှိသဖြင့် အလွန်အားရကျေနပ်မိပါကြောင်း၊ ကျန်ရှိနေသော အခက်အခဲရှိသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း အမြန်ဆုံးရောက်ရှိပညာသင်ကြားနိုင်ရေး ကူညီဆောင်ရွက်ပေးသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အားသွန်ခွန်စိုက်လာရောက်သင်ကြားပို့ချပေးသည့် ဆရာ၊ ဆရာမများကိုလည်း ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်းဖြင့် အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ပံ့ပိုးပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ နေထိုင်သင်ကြားလေ့ကျင့်နိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးကို ဂရုပြုဆောင်ရွက်ရေး၊ ကျောင်းသား၊ ကျောင်းသူများ ရာနှုန်းပြည့် စခန်းသွင်းဝင်ရောက်ရေး၊ ဆရာ၊ ဆရာမများ၏ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဆင်ပြေချောမွေ့စေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ လျှောင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အခြေအနေတို့ကို သွားရောက်ကြည့်ရှု၍ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ၂၀၂၅ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၈**

၂၀၂၅ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်နှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးမှတာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် မိတ်ဖက်အမျိုးသားကြက်ခြေနီအသင်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ပြည်သူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က နှုတ်ခွန်းဆက်စကားပြောကြားကာ ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



ယင်းနောက် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ ဌာနေကိုယ်စားလှယ် Ms. Nadia Khoury နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ဌာနေကိုယ်စားလှယ် Mr. Arnaudde BAECQUE တို့က ဂုဏ်ပြု စကားပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသက် ၆၅ နှစ်ပြည့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ လုပ်သက် ၁၅ နှစ်ပြည့်နှင့် လုပ်သက်နှစ် ၃၀ ပြည့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ အကြိမ် ၁၀၀ နှင့်အထက် သွေးလှူရှင်များနှင့် လူမှုထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများ ပြန်လည်ကျင်းပမည်

နေပြည်တော်    မေ    ၈

မတ်၂၈ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ခေတ္တရွှေ့ဆိုင်းထားရသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ဇွန် ၂ ရက်မှ ၆ ရက်အထိလည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို ဇွန် ၄ ရက်မှ ၁၀ ရက်အထိလည်းကောင်း ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

# ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ ကျင်းပမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

ရက်စွဲ၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း (၁၂) ရက်
၂၀၂၅ ခုနှစ်၊ မေလ (၈) ရက်

၁၃၈၇ ခုနှစ် (၂၀၂၅)ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို အောက်ပါအချိန်ဇယားအတိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

**အစိုးရဓမ္မာစရိယစာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာ |
|---|---|---|
| ၁၃၈၇ ခုနှစ်၊နယုန်လဆန်း (၇)ရက် (၂-၆-၂၀၂၅)၊တနင်္လာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (ပ-နေ့) |
| ၁၃၈၇ခုနှစ်၊နယုန်လဆန်း (၈)ရက် (၃-၆-၂၀၂၅)၊အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ(ဒု-နေ့) |
| ၁၃၈၇ခုနှစ်၊နယုန်လဆန်း (၉)ရက် (၄-၆-၂၀၂၅)၊ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **မြန်မာဂုဏ်ထူး**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ<br>သုတ်မဟာဝါ၊သုတ်ပါထိကပါဠိအဋ္ဌကထာ<br>မဇ္ဈိမနိကာယပါဠိအဋ္ဌကထာ<br>သံယုတ္တနိကာယပါဠိအဋ္ဌကထာ<br>အင်္ဂုတ္တရနိကာယပါဠိအဋ္ဌကထာ<br>ဝိဘင်္ဂပါဠိအဋ္ဌကထာ<br>ပဋ္ဌာနသမ္ဘိဒါမဂ္ဂပါဠိအဋ္ဌကထာ |
| ၁၃၈၇ခုနှစ်၊နယုန်လဆန်း (၁၀)ရက် (၅-၆-၂၀၂၅)၊ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး(ပနေ့)**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ (၁)<br>သုတ်မဟာဝါ၊သုတ်ပါထိကပါဠိအဋ္ဌကထာ(၁)<br>ဝိဘင်္ဂပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၇ခုနှစ်၊နယုန်လဆန်း (၁၁)ရက် (၆-၆-၂၀၂၅)၊သောကြာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး(ဒုနေ့)**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ (၂)<br>သုတ်မဟာဝါ၊သုတ်ပါထိကပါဠိအဋ္ဌကထာ(၂)<br>ဝိဘင်္ဂပါဠိအဋ္ဌကထာ (၂) |

ညွှန်ကြားရေးမှူးချုပ်
သာသနာရေးဦးစီးဌာန

# ၂၀၂၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ (ကြီး၊ လတ်၊ ငယ်၊ မူ) တန်းများ ကျင်းပမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

ရက်စွဲ၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း (၁၂) ရက်
၂၀၂၅ ခုနှစ်၊ မေလ (၈) ရက်

၁၃၈၇ ခုနှစ် (၂၀၂၅)ခုနှစ် ပါဠိပထမပြန်စာမေးပွဲ (ကြီး၊ လတ်၊ ငယ်၊ မူ)တန်းများကို အောက်ပါအချိန်စာရင်းအတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

**ပါဠိပထမပြန်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | အတန်း | ဘာသာရပ် |
|---|---|---|---|
| ၁၃၈၇ ခုနှစ်၊နယုန်လဆန်း (၉)ရက် (၄-၆-၂၀၂၅)၊ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဝိနည်းကျင့်ဝတ်/ သုကုမာရမဂ္ဂဒီပနီ<br>ဘိက္ခုပါတိမောက်ဘာသာ/ ဓမ္မပဒ<br>ဒွေမာတိကာဘာသာ/ ဓမ္မပဒ<br>〃 |
| ၁၃၈၇ ခုနှစ်၊နယုန်လဆန်း (၁၀)ရက် (၅-၆-၂၀၂၅)၊ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ကစ္စည်းသဒ္ဒါကြီးဘာသာ<br>〃<br>〃<br>〃 |
| ၁၃၈၇ ခုနှစ်၊နယုန်လဆန်း (၁၁)ရက် (၆-၆-၂၀၂၅)၊သောကြာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | အဘိဓမ္မတ္ထသင်္ဂဟဘာသာ<br>〃<br>〃<br>〃 |
| ၁၃၈၇ ခုနှစ်၊နယုန်လဆန်း (၁၂)ရက် (၇-၆-၂၀၂၅)၊စနေနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | တိကမာတိကာ<br>တိကမာတိကာ၊ဒုကမာတိကာနှင့်<br>ဓာတုကထာဘာသာ<br>သုတ္တန္တိကမာတိကာနှင့်ဓာတု<br>ကထာဘာသာ<br>အဘိဓာန်၊အလင်္ကာ၊ဆန်းဘာသာ |
| ၁၃၈၇ ခုနှစ်၊နယုန်လဆန်း (၁၃)ရက် (၈-၆-၂၀၂၅)၊တနင်္ဂနွေနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၃)နာရီထိ | ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ယမိုက်အောက်(၅)ကျမ်းဘာသာ<br>ယမိုက်အထက်(၅)ကျမ်းဘာသာ |
| ၁၃၈၇ ခုနှစ်၊နယုန်လဆန်း (၁၄)ရက် (၉-၆-၂၀၂၅)၊တနင်္လာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၃)နာရီထိ | ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ပဋ္ဌာန်းကုသလတိက်ဘာသာ |
| ၁၃၈၇ ခုနှစ်၊နယုန်လပြည့် (၁၀-၆-၂၀၂၅)၊အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၃)နာရီထိ | ပထမကြီးတန်း | ဘာသာပြန်ဘာသာ |

မှတ်ချက်။ လူနှင့် သီလရှင်များသည် ၄-၆-၂၀၂၅ ရက်တွင် ဝိနည်းဘာသာ အစား ပထမကြီးတန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ (သုခဝဂ်မှအဆုံးထိ)၊ ပထမလတ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ(ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ်အဆုံးထိ)၊ ပထမငယ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ(အစမှ ဗာလဝဂ်အဆုံးထိ)၊ အခြေပြုမူလတန်း၌ သုကုမာရမဂ္ဂဒီပနီ(လယ်တီ)တို့ကို ဖြေဆိုကြရန်ဖြစ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
သာသနာရေးဦးစီးဌာန

# အောင်နိမိတ်ဒီရေတော ကြိုးပြင်ကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၂၈၃၉၂ ဧကရှိသော နယ်မြေကို **"အောင်နိမိတ်ဒီရေတောကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၄၂/၂၀၂၅)အရ ၁၃၈၇ ခုနှစ် ကဆုန်လဆန်း ၄ ရက် (၂၀၂၅ ခုနှစ် ဧပြီ ၃၀ ရက်)မှစ၍ သတ်မှတ်ကြောင်းကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်၊ လေမုန်တိုင်းဒဏ် ခံစားရမှုများကို သဘာဝအစိမ်းရောင်တံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ကမ်းရိုးတန်းဒေသ ရေရှည်တည်တံ့စေရေးကို အထောက်အကူပြုနိုင်ရန်၊ ဒေသခံပြည်သူများအတွက် ငါး၊ ပုစွန်၊ ကဏန်း စသောရေသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်၊ ကုန်းတွင်းပိုင်းသို့ ဆားငန်ရေဝင်ရောက်မှုများမှ တားဆီးကာကွယ်နိုင်ရန်နှင့် ဒီရေတောဂေဟစနစ်စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်သည်။

အောင်နိမိတ်ဒီရေတော ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ဒီရေတောသစ်မျိုးများဖြစ်သည့် သမဲ့၊ လမု၊ သရော၊ ကန့်ပလာ၊ သခွတ်၊ ရေခရားသစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ငါးမျိုးစုံ၊ ပုစွန်မျိုးစုံ၊ ခရုမျိုးစုံ၊ ကဏန်းမျိုးစုံတို့၏ ရှင်သန်ပေါက်ဖွားရာ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဘုတ်၊ တင်ကျီးငှက်၊ ဗျိုင်း၊ ငှက်ကျား၊ ခရုစုပ်ငှက်၊ ဘီလုံးငှက်၊ စင်ရော်ငှက် စသည့်ငှက်မျိုးများ၏နေရင်းဒေသကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုနိုင်ခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့်ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ် အသိပေးနှိုးဆော်ခြင်း

၁၉၄၀ ပြည့်နှစ် ဧပြီ ၁ ရက် (၁၃၀၁ ခုနှစ် တပေါင်းလဆုတ် ၁၀ ရက်) မတိုင်မီ မွေးဖွားခဲ့သည့် အသက် ၈၅ နှစ်ပြည့်ပြီးသော သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် လူမှုရေးပင်စင်ခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ မေ ၃၁ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ **လူမှုဝန်ထမ်းဦးစီးဌာန**

# ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့ကမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်(MCCT) အသိပေးနှိုးဆော်ခြင်း

တိုင်းဒေသကြီး၊ ပြည်နယ် ငါးခုဖြစ်သော ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ **၂၀၂၅ ခုနှစ် ဇွန် ၃၀ ရက်ထိ** ကိုယ်ဝန်ဆောင်အဖြစ် ရှိနေသူများအနေဖြင့် MCCT အစီအစဉ်ခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ ဇွန် ၂၅ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ **လူမှုဝန်ထမ်းဦးစီးဌာန**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၈**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့သည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ သစ္စာစေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော ကျောင်းဆောင်များကိုလည်းကောင်း၊ ပါရမီရပ်ကွက်ရှိ လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုကိုလည်းကောင်း၊ နန်းဦးမြို့သစ်ရှိ မရှိခဏစေတီ၊ စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကို လည်းကောင်း၊ ကျောက်ဆစ်ရပ်ကွက်ရှိ နည်းပညာတက္ကသိုလ်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော ကျောင်းဆောင်အဆောက်အအုံများကို လည်းကောင်း ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့သို့ ရောက်ရှိလာသော ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRIS BOONTANONDHA နှင့်အတူ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၇) အခြေခံပညာ အထက်တန်းကျောင်း အောင်တံခွန်ခန်းမ၌ ကျင်းပသော ထိုင်းတပ်မတော် အင်ဂျင်နီယာအဖွဲ့က ငလျင်ဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ဦးစွာ ထိုင်းဘုရင့်တပ်မတော်ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRIS BOONTANONDHA၊ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် အဖွဲ့သည် အမှတ်(၂၇)အခြေခံပညာ အထက်တန်းကျောင်း အောင်တံခွန်ခန်းမ၌ ထိုင်းနိုင်ငံပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနမှ ဒေါက်တာနရုမော်ဦးစီး၍ ငလျင်ဘေးသင့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထိုင်းတပ်မတော်အင်ဂျင်နီယာအဖွဲ့မှ ငလျင်ဘေးသင့်ပြည်သူများအတွက် လှူဒါန်းသော ထောက်ပံ့ပစ္စည်းများအား ပေးအပ်လှူဒါန်းပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။



ငလျင်ဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံမှလှူဒါန်းသော ပစ္စည်း ၁၁ မျိုးကို ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRIS BOONTANONDHA က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်ထံ လွှဲပြောင်းပေးအပ်စဉ်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRIS BOONTANONDHA၊ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့်အဖွဲ့သည် ထိုင်းတပ်မတော်အင်ဂျင်နီယာအဖွဲ့က ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးသော ယုဇန နှစ်ထပ်စာသင်ဆောင်၊ နှင်းဆီ နှစ်ထပ်စာသင်ဆောင်၊ အောင်တံခွန်ခန်းမ နှင့်ရေသန့်စက်တို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ကြီးတံခွန်မြို့နယ်ရှိ အောင်တံခွန်ဈေးသို့ သွားရောက်၍ ၎င်းဈေးအတွင်း၌ ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် ထိုင်းဘုရင့်တပ်မတော်အင်ဂျင်နီယာအဖွဲ့ကလှူဒါန်းသော လူနေတဲအလုံး ၆၀ နှင့် ထောက်ပံ့ပစ္စည်းများအား ပေးအပ်လှူဒါန်းပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRIS BOONTANONDHA၊ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့်အဖွဲ့သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး ငလျင်ဘေးသင့်ပြည်သူများအတွက် လှူဒါန်းသောပစ္စည်း ၁၁ မျိုးအား လက်ခံရယူ၍ ဓာတ်ပုံရိုက်ကြကာ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာမည့် ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRISBOON-TANONDHA ဦးဆောင်သော အဖွဲ့ကို ပို့ဆောင်နှုတ်ဆက်သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေး အောင်မြေသာစံမြို့နယ်ရှိ ဆင်တဲတိုက်သစ်ကျောင်းတိုက်၊ အမရပူရမြို့နယ်ရှိ ပုထိုးတော်ကြီး ဆုတောင်းပြည့်မြတ်စွာဘုရား၊ ဆေးအိုးဘိုကျေးရွာရှိ ဓမ္မမဏ္ဍိုင်ကျောင်း၊ ဇမ္ဗူထိပ်ပန်ဘုရားများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုအားပေး၍ ဆရာတော်ကြီးများအား အလှူငွေများ ပေးအပ်လှူဒါန်းကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီပုထိုးများမှ အပျက်အစီးများရှင်းလင်းစဉ် ပြန်လည်သိမ်းဆည်းတွေ့ရှိရသော ဌာပနာပစ္စည်းများအား စနစ်တကျ ထားရှိထိန်းသိမ်းရန်နှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၃၉) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများ စုပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း၊ စာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ငှက်တောင်ကျေးရွာအုပ်စု ရွာဦးဘုန်းကြီးကျောင်းတိုက်ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရွာဦးသိမ်စေတီ အပျက်အစီးများအား မြို့မိမြို့ဖများ စုပေါင်း၍ ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများအတွက် အချိုရည်နှင့်ရေသန့်ကတ်များပေးအပ်ကာ တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက် ဆူးကုန်းကျောင်းတိုက်ရှိ ဖြိုဖျက်ထားသော အဆောက်အအုံများအား တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ရှိ UNI-TY HEART မှ ဦးစီး၍ ငလျင်ဘေးသင့်ပြည်သူများအတွက် ဖွင့်လှစ်ထားရှိသော ဖောင်ရွာရပ်ကွက်ရှိ မေတ္တာကွန်ခိုရာ (၂) ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ပြည်သူများအား စိတ်လူမှုပိုင်းဆိုင်ရာ ကူညီပံ့ပိုးခြင်းအခမ်းအနားသို့ တက်ရောက်ကာ ငလျင်ဒဏ်ကြောင့် ပြည်သူများ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုများရှိခဲ့သောကြောင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ကုစားနိုင်ရေးအတွက် ယခုကဲ့သို့ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး စိတ်ပညာပါမောက္ခချုပ် (အငြိမ်းစား) ဒေါက်တာမြင့်လွင်က ငလျင်ဒဏ်သင့်ပြည်သူများအတွက် စိတ်ပိုင်းဆိုင်ရာ ကုထုံးဆွေးနွေးမှုများအား ဟောပြောခြင်း၊ ငလျင်ဒဏ်သင့်ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာ ခံစားချက်နှင့်သက်ဆိုင်သော မေးခွန်းများအား ပြန်လည်ဖြေကြားခြင်းနှင့် အကြံပြုခြင်းများ ဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ခရိုင်လမ်းဦးစီးရိပ်သာ၌ G-12 စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အနီးကပ်သင်တန်းလာရောက်သင်ကြားပို့ချပေးခဲ့သော တက္ကသိုလ်ဆရာ၊ဆရာမများအတွက် ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး သင်ကြားပို့ချပေးခဲ့သော ဆရာ၊ ဆရာမ ၁၄၃ ဦးအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၇၁၅၀၀၀၀ အား ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။ ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်များ၌ G-12 စာမေးပွဲ ပြန်လည်ဖြေဆိုနိုင်မည့် ကျောက်ဆည်မြို့နယ်မှ ရှိရင်းကျောင်းသား၊ကျောင်းသူ ၁၅၀၃ ဦး ရှိသည့်အနက် Revision Class တက်ရောက်ပြီး ဝင်ရောက်ဖြေဆိုမည့်ဦးရေမှာ ၁၃၀၉ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၈၇ ဒသမ ၀၉၃ ရာခိုင်နှုန်းဖြစ်ကြောင်း၊ စဥ့်ကိုင်မြို့နယ်မှ ရှိရင်းကျောင်းသား၊ ကျောင်းသူ ၁၂၅၁ ဦးရှိသည့်အနက် Revi-sion Class တက်ရောက်ပြီး ဝင်ရောက်ဖြေဆိုမည့်ဦးရေမှာ ၁၂၅၁ ဦးဖြစ်သည့်အတွက် ၁၀၀ ရာခိုင်နှုန်းအပြည့် ဝင်ရောက်ဖြေဆိုမှာဖြစ်ကြောင်း၊ မြစ်သားမြို့နယ်မှ ကျောင်းသား၊ကျောင်းသူရှိရင်း ၈၅၄ ဦးအနက် Revision Class တက်ရောက်ပြီး ဝင်ရောက်ဖြေဆိုမည့်ဦးရေမှာ ၈၄၁ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၄၇၈ ရာခိုင်နှုန်းအထိ ပြန်လည်ဖြေဆိုကြမည်ဖြစ်ကြောင်း၊ ကျောက်ဆည်ခရိုင်အတွင်း ပြန်လည်ဖြေဆိုရမည့် ကျောင်းသား၊ ကျောင်းသူ ၃၆၀၈ ဦး ရှိသည့်အနက် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူအရေအတွက်မှာ ၃၄၀၁ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၂၆၃ ရာခိုင်နှုန်း ဝင်ရောက်ဖြေဆိုကြမှာဖြစ်ပြီး တက်ရောက်ရန်ကျန်ရှိသော ကျောင်းသား၊ ကျောင်းသူ ၂၀၇ ဦး ရာခိုင်နှုန်းအားဖြင့် ၅ ဒသမ ၇၄ ရာခိုင်နှုန်းဖြစ်ပြီး ကျန်ရှိသည့် အဝေးရောက်ကျောင်းသား၊ ကျောင်းသူများကိုလည်း စာမေးပွဲပြန်လည်ဖြေဆိုနိုင်ရေးအတွက် ချိတ်ဆက်ကူညီဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ Mod-ular House နှစ်လုံး တပ်ဆင်ပြီးစီး၍ ယာယီရုံးဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ Modular House ငါးလုံး တည်ဆောက်လျက်ရှိသည့် အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး သောက်သုံးရေ၊ ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျ ပြုလုပ်ဆောင်ရွက်ထားရှိရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ တိုက်ရိုက်ဆက်လက်ရောင်းချပေးနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ခရိုင်လမ်းဦးစီးရိပ်သာ၌ ကျောက်ဆည်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ကျောက်သေတ္တာစေတီ ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်မည့် အခြေအနေများ၊ ဖောင်ရွာကွင်း၌ ယာယီဈေးတည်ဆောက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ ရောင်းချပေးနေမှုအခြေအနေများ၊ Modular House များ တည်ဆောက်ပြီးစီးမှုနှင့် တည်ဆောက်နေမှုအခြေအနေများ၊ အဆောက်အအုံများပြန်လည်တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြို့သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ စနစ်တကျ စွန့်ပစ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းဆောင်ရွက်နိုင်ရေးတို့အား သက်ဆိုင်ရာဌာနဆိုင်ရာဝန်ထမ်းများက အတူတကွ ဝိုင်းဝန်းကြိုးစား အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့်သူများဖြစ်ကြောင်း ပြောကြားပြီး ဌာနအသီးသီး၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် မိုင်းဆတ်တပ်နယ်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် မေ ၈

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ စစ်သည်၊ ရဲမေများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သေနတ်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ပစ်ခတ်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်း ဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော မိုင်းဆတ်တပ်နယ်အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၀ သင်း၊ အမျိုးသမီးအသင်း ၁၀ သင်းတို့ဖြင့် မေ ၂ ရက်မှ ယနေ့ထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၈၂ ဦး ထပ်မံလွှဲပြောင်းပေးအပ်

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယား နိုင်ငံသား ၈၂ ဦး ထပ်မံလွှဲပြောင်း ပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။



နေပြည်တော် မေ ၈

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့ ရွှေကုက္ကိုလ်၊ မယ်ထော်သလေး (KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများနှင့် ဒုစရိုက်မှုများ လုပ်ဆောင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၈၂ ဦးကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ယနေ့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ၌ လိုအပ်သည့်အထောက်အထား၊ စာရင်းဇယားအချက်အလက်များ မှန်ကန်ပြည့်စုံ ကိုက်ညီမှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ Second Secretary Mr.Wendwosen Melkamu နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ မေ ၈ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၅၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၇၇၉၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၆၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့်ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့်နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၈

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ပြည်သူ့အင်အားဒီမိုကရေစီပါတီ (People Power For Democracy Party (PPD))**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့ထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသောပါတီ ၂၆ ပါတီရှိပြီး၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၅၀ စုစုပေါင်း ၇၆ ပါတီရှိပြီဖြစ်သည်။

ယခုလျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၅ ခုနှစ် မေ ၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၇၁၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Saw June Eh" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မုံရွာမြို့ မြဝတီရပ်ကွက်နေ ဂျွန်မိုးသဲ(ခ) ဂျွန်ကြီးအား ည ၇ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Pan Ei" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ညောင်သာယာကျေးရွာနေ ပန်းအိခိုင်(ခ) ပန်းအိအား ည ၆ နာရီ ၅ မိနစ်တွင် လည်းကောင်း၊ "EiphuThein" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့နေ ဇာဇာဖြိုး(ခ)ဇာဇာအား ည ၆ နာရီခွဲတွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၆၈၂၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၆၈၂၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၆၈၂၆ ဧက စိုက်ပျိုးရန်လျာထားပြီး မေလတတိယပတ်တွင် စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ ယခုလက်ရှိ မြေပဲများစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်နေကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ မြေပဲဧက ၄၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ မြေပဲစိုက်ပျိုးမှုကို ဒီလထဲမှာ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျကြောင်း၊ မြေပဲတစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးဖယ်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း မေ ၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးဖယ်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးအေးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးဖယ်များကို စနစ်တကျစစ်ဆေးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း၊ မတ်လအတွင်းက ငါးဖယ်ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ငါးဖယ်ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဧပြီလ ပထမပတ်လောက်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးဖယ်တွေ တင်ပို့ရောင်းချမှု အားကောင်းခဲ့ပါတယ်။ ဧပြီလအတွင်း ရန်ကုန်ဈေးကွက်ကို ငါးဖယ်ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ အခုလို ငါးဖယ်တွေ ကုန်ချိန်များများတင်ပို့လာရတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးအေးက ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးဖယ်တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ဟင်္သာတမြို့နယ် ဇန်းမော်အလယ်စုကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းပြီးစီးမှု စစ်ဆေး

**ဟင်္သာတ မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကရင်အင်းကျေးရွာအုပ်စု ဇန်းမော်အလယ်စုကျေးရွာ၌ကျေးရွာတွင်း ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျေးရွာတွင်း ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇန်းမော်အလယ်စုကျေးရွာတွင် ဗို့ ၄၀၀ ဓာတ်အားလိုင်း ၇၈၂ ပေ သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် သိန်း ၁၃၀၊ ပြည်သူထည့်ဝင်ငွေကျပ် ငါးသိန်း စုစုပေါင်း ငွေကျပ် ၁၃၅ သိန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီ ၂၇ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဟင်္သာတမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ပြောပြ၍ သိရသည်။

ဇင်မာ

## မွန်မြတ်စိတ်ထား တို့လေးစား၏

\- ပြည်အရေးကို အလေးထားသည့်
ပြည့်သွေးသား လူငယ်တွေ၊
ပြည်သူ့စစ်မှု ထမ်းဆောင်မှု
ပြုကြကာလေ၊
ပြည်အကျိုး အထွေထွေ
သာယာစေရန်တွေးဆ၊
ပေးအပ်ဝန် ကျေပွန်ထမ်း၍
စွမ်းဆောင်နေကြ။

\- ဒို့တာဝန်အရေးသုံးပါး
အလေးထားကာအတည်၊
ပြည်ရန်တွေ ဖယ်ကာရှား
စွန့်စားကြသည်၊
ရဲစိတ်ရဲမာန်ဝင့်ထည်
ဘာမထီစိတ်ထား၊
စစ်သားကောင်းပီပီသသ
တက်ကြွခဲ့ညား။

\- မြန်မာပြည်မှာဖွား
မြန်မာပြည်သားပီသစွာ၊
ပြည်ချစ်မောင် လူငယ်အလှ
ပြသကြတာ၊
ရှုမြင်ရပီတိဖြာ
ဂုဏ်ယူစရာကောင်းပါဘိ၊
လေးစားဖွယ်စိတ်မွန်မြတ်ဟု
မှတ်ချက်ပြု၏။ ။

အင်ကြင်းသူ(နေပြည်တော်)

# တောင်တွင်းကြီးမြို့နယ် ကြီးအင်းကုန်းကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**တောင်တွင်းကြီး မေ ၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးအင်းကုန်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း ဖွင့်ပွဲကို မေ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သက်ထွေးတို့က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ကျေးလက်နေ အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်းနှင့် တစ်ဖက်တစ်လမ်းမှမိသားစုဝင်ငွေတိုးပွားစေရေးအတွက် အခြေခံစက်ချုပ်သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းမှ ရရှိလာမည့် အသိပညာများကိုလည်း သင်တန်းသူများက အကျိုးရှိရှိ အသုံးချစေလိုကြောင်း၊ သင်တန်းကာလပြီးဆုံးသည့်တိုင် စိတ်ပါဝင်စားစွာ လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်သည်ထိ သင်ယူကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာမက သင်တန်းတွင်သင်ကြားပို့ချမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းသို့ ကြီးအင်းကုန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းကို မေ ၇ ရက်မှ ဇွန် ၂၀ ရက်ထိ ၄၅ ရက်ကြာ စာတွေ့၊ လက်တွေ့အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နွဲ့ယဉ်

ဝတ္ထုတိုကဏ္ဍ

# မလွတ်သာ ကြမ္မာညှိုးရော့ထင့်

## ထွန်းလှိုင်(မြိုင်)



ကိုင်း...ဘယ့်နှယ်လုပ်ရပါ့မလဲ။ စည်ပင်သာယာဈေးကြီးလား၊ ဘုရားပွဲလား၊ အလှူမင်္ဂလာပွဲလား မသိ။ ကျုပ်လိုက်ရတော့မယ်။ အသက်နဲ့ ခန္ဓာကိုယ်အိုးစားကွဲဖို့ နီးလာပြီ။ ကျုပ်ကို ဝယ်မဲ့သူတွေလာကုန်ကြပြီ။ ကျုပ်သခင်နဲ့ တွတ်ထိုးနေကြတာ မကြားဝံ့မနာသာပဲ။ ဒီနေ့တော့ ကျုပ်ဘဝ ကံဆိုးမိုးမှောင်ကျတဲ့နေ့ပဲ။

"ဒီကောင်တွေက နိုင်ငံခြားကလာတာ။ အာဟာရပြည့်ဝတဲ့ အခြောက်စားထားတော့ အဆီနည်းပြီး အသားများတယ်။ ပြီးတော့လဲ ရေများများထိုးလို့ရတယ်။ တည့်အောင်သာ ဝယ်လိုက်ပါ သူဌေးရယ်"

အမယ်လေး...သေပြီးမှတောင် ကျုပ်ခန္ဓာကိုယ်ထဲ ရေထိုးအုံးမယ်တဲ့။ တော်တော်လောဘကြီးတဲ့ သူတွေ

"ဒီကောင်က မမွေးခင် မိခင်ဗိုက်ထဲကတည်းက အာဟာရပြည့်ဝတဲ့အစားအစာကျွေးလာတာ ကြီးတဲ့ထိပဲ။ ခင်ဗျားတို့ မျက်မှန်းဝယ်ရင်ဝယ်။ ဒါမှမဟုတ် ကတ္တားချိန်နဲ့ဝယ်မယ်ဆိုရင်လဲ တစ်ပိဿာသုံးထောင် ကျပ်ဈေး လိုချင်တယ်"

ပြောပြောဆိုဆိုနဲ့ ကျုပ်သခင်က သူလိုချင်တဲ့ဈေးဖွင့်လိုက်ပြီ။

"ကိုင်း ခင်ဗျားတို့ဆရာတပည့် တိုင်ပင်လိုက်ကြအုံး"

"မှန်းကြည့်ရတာတော့ ပိဿာချိန် ၇၀ ကျော်မယ်ဗျာ။ ချောကိုင်လိုက်ရင် အသားပိဿာ ၅၀၊ ကလီစာက လေးပိဿာ၊ ခေါင်းနဲ့ နားရွက်ကလဲ လေးပိဿာ၊ ခြေထောက်လေးချောင်းက နှစ်ပိဿာရှိမယ်။ သွေးခဲက တစ်ပိဿာရမယ်။ ဒီအလေးချိန်အတိုင်းဆိုရင် ရေထိုးလိုက်တာနဲ့ ရှစ်ပိဿာရအုံးမယ်။ ဝယ်လိုက်ပါမရှုံးဘူးဗျ။ စိတ်ချ ဒိဋ္ဌမြတ်ရမယ် သူဌေး"

သူ့တပည့်က လိုင်စင်စီသူဌေးကို တွတ်ထိုးနေပြီ။

"ပြီးတော့ အသားနည်းနည်း အရိုးများများကို စည်ပင်ဈေးခုံပေါ်မှာ အရောင်းပြလိုက်၊ ပေါင်သားနဲ့ နောက်ပိုင်းသားကို တောက်တောက်ကြော်၊ ကုန်းဘောင်ကြီးကြော်၊ ဝက်သားပဲငါးပိ၊ ဝက်ချိုချဉ်ကြော်၊ ဝက်နံကင်လုပ်ရောင်းတဲ့ စားသောက်ဆိုင်တွေပို့ရင် ဈေးကောင်းရမယ်။ သုံးထပ်သားဆီပြန်၊ ဝက်သနီချက်၊ ဝက်သားကြာညို့ချက်ရောင်းတဲ့ မြန်မာထမင်းဆိုင်က အမြဲပို့ဖို့ မှာထားတယ်"

"ဝက်နားရွက်ကို အစေးထွက်အောင်ပြုတ်၊ အသုပ်ရောင်းမဲ့သူကို သီးခြားရောင်းမယ်။ ခြေထောက်လေးချောင်းကိုတော့ အဆီပြန်အစေးထွက်အောင် ပြုတ်ပြီး သူဌေးကတော်အကြိုက် သူဌေးအိမ် ပို့ပေးလိုက်ပါမယ်။ ဒါတောင် အသားကို စက်ကလေးနဲ့ ကြိတ်ပြီး ဝက်အူချောင်းသမားပေးဖို့ ကျန်အုံးမယ်"

အမယ်လေးဗျာ ကျုပ် အသက်မရှူရဲတော့ဘူး။ ဘယ်လိုများ လုပ်ကြအုံးမယ်မသိဘူး။ နားစွင့်လိုက်အုံးမယ်။

"ဝက်ကလီစာတွေတော့ လမ်းဘေးက ဝက်သားတုတ်ထိုးရောင်းမဲ့သူ အဆင်သင့်ယူဖို့ စောင့်နေမှာ။ သွေးခဲကတော့ ခေါင်းရွက်ဗျပ်ထိုးသည် ပေးလိုက်ရုံပဲ"

တော်တော် အကြံပက်စက်တဲ့သူတွေပဲ။ အလှူမင်္ဂလာ၊ ဘုရားပွဲရောက်ရင် ဘီးဆံပတ်တုံး တုံးမှာဆိုတော့ တစ်မျိုးတည်းခံရတာ။ သက်သာတာပေ့ါ။ အခုတော့ လိုင်စင်စီထံရောက်တော့ စိတ်ကြိုက်အမျိုးမျိုးလုပ်တော့မယ်။ ဒီဘဝတော့ ခံရတော့မယ်။ လုပ်လိုက်ကြတာပေ့ါ။

ကျုပ်ရဲ့ကလီစာတွေကို ဒန်ဒယ်အိုးထဲမှာ ထည့်ပြုတ်ပြီး တပွက်ပွက်ဆူနေတဲ့ ရေနွေးတွေကြားမှာ ပေါလောပေါ်နေတော့မယ်။ ဟိုလူက အသားလေးလှီးလိုက်ပါအုံး။ နှလုံးလေးလှီးလိုက်ပါအုံး။ ဒီလူက အူကြီး၊ အူသေး ဖြတ်ထည့်ပါအုံး။ အဆုတ်ကလေး ထည့်ပေးပါအုံးနဲ့။ တုတ်ချောင်းသေးသေးလေးတွေနဲ့ ရေတွက်မရအောင် စားကြအုံးမှာပါလား။ ကျုပ် မြင်ယောင်နေမိတော့တယ်။

ကျုပ် သေမင်းရဲ့အနံ့ကို နီးနီးကပ်ကပ်ရှူနေမိပြီ။ ကျုပ်ခန္ဓာကိုယ်တစ်ခုလုံး အစိတ်စိတ်အမြွာမြွာ အလေအလွင့်မရှိအောင်ရောင်းမဲ့ လိုင်စင်စီလက်ထဲရောက်ဖို့ သေချာနေပြီ။

ဟော ပြောရင်းဆိုရင်း လိုင်စင်စီသူဌေးနဲ့ ကျုပ်သခင် ဈေးညှိနေကြပြီ။ ဘယ်သူမှ မကယ်နိုင်ကြတော့ဘူးလားကွယ်ရို့။

ဟာ လာကြပြီ။ သူဌေးလူတွေ ကြိုးတွေကိုင်လို့ ဟောဗျာ။ အမြီးဆွဲ၊ နားရွက်ဆွဲနဲ့ ကျုပ်လဲ အားရှိသမျှရုန်း၊ အသံကုန်အော်လဲ ကယ်မဲ့သူပေါ်မလာ။ မလိုက်ချင်လို့ ခြေထောက်လေးချောင်းစလုံး အားရှိသမျှကြမ်းပြင်နဲ့ သံမှိုစွဲသလို ကပ်ထားလိုက်တယ်။ မရတော့ဘူးဗျို့။ ခြေထောက်တွေ၊ လက်တွေကို ကြိုးတုတ်ပြီး ကတ္တားပေါ်တင်လိုက်ကြပြီ။

"အချိန် ၇၃ ပိဿာလောက် မှန်းထားတာဗျာ"တဲ့။ ကျုပ်သခင်ကလဲ ငွေပိုလိုချင်တာပါပဲလား။ အေးလေ လောဘသားတွေပဲ။

ကျုပ် ကားပေါ်ရောက်သွားပြီ။ အမယ် ကျုပ်တစ်ကောင်တည်းမှတ်တယ်။ ဘော်ဒါ လေးငါးကောင်နဲ့ အတူတူလိုက်ရမှာပေ့ါ။

လိုင်စင်စီအိမ်ရောက်တော့ တစ်ညတောင် ကောင်းကောင်းမအိပ်လိုက်ရသေးဘူး။ မနက်သုံးနာရီကျော်ကျော်လောက် ရှိမယ်ထင်တယ်။

"ရေနွေးဆူအောင် မြန်မြန်လုပ်ကွ။ စဉ်းတီတုံးနဲ့ ဓားမကြီး အဆင်သင့်လုပ်ထားကွ။ ရေသွင်းတုံကင်ရော စစ်ပြီးပြီလား"တဲ့။

တစ်ယောက်တစ်ပေါက်အသံတွေ ကြားနေရတယ်။ ဘေးနားမှာလဲ ရေနွေးပွက်ပွက်ဆူနေတဲ့ဒယ်အိုးကြီးတွေနဲ့။ အငွေ့တွေက တထောင်းထောင်းထလို့။

"ဟေ့ ဓားမြှောင်နဲ့ထိုးရင် နှလုံးတည့်တည့်ထိုးနော်။ လွဲတာနဲ့ ရေထိုးဖို့ခက်လိမ့်မယ်။ ဓားမြှောင်ထိုးတဲ့အပေါက်ကိုလဲ သေချာဆို့ထားနော်။ တော်ကြာ သွေးခဲမရဘဲ နေအုံးမယ်"

လိုင်စင်စီအသံပဲ ဖြစ်လိမ့်မယ်။ သူများကျဓားမြှောင်နဲ့ထိုး။ သူ့ကျ အပ်နဲ့ထိုးမှာတောင်ကြောက်တဲ့သူ။ မညှာမတာ ခိုင်းရက်တယ်။ သူလဲ မယားကျွေးမှု၊ သားကျွေးမှုအတွက်ပဲလေ။

သွားပါပြီ။ သွားပါပြီ။ အရက်စက်ဆုံးနည်းလမ်းတွေနဲ့ ဘဝပြောင်းပစ်ကြတော့မယ်။ သေပြီးလို့ နှလုံးကတစ်ဆင့် တုံကင်နဲ့ ရေထိုးခံရအုံးမယ်။ လောဘသားတွေ ကိုယ်ချင်းမှမစာနာ။

ဘယ်သူမှ ကယ်နိုင်ကြမယ်မထင်ပါဘူး။ အေးလေ မဆိုးတော့မဆိုးပါဘူး။ ဒီကမ္ဘာလောကကြီးမှာ ဝက်ဆိုတဲ့ ကျုပ်တို့သတ္တဝါတွေဟာ ကမ္မာ့ဟင်းလျာတွေတဲ့။ ဘဝအကျိုးပေးမကောင်းလို့ ဝက်ဘဝရောက်ခဲ့ပေမဲ့ မသေခင်ကောင်းကောင်းစား၊ ကောင်းကောင်းအိပ်သွားရတော့ ဖြေသာပါသေးတယ်။ ကျုပ်အမေဆိုရင် လေးငါးသားလောက်လဲ မွေးရပါသေးတယ်။ ပြီးတော့လဲ လိုင်စင်စီလက်ထဲ ရောက်သွားတာပါပဲ။ ကျုပ်ပြန်စဉ်းစားကြည့်မိတယ်။

ကျုပ်တို့က မိရိုးဖလာဝက်မျိုးတွေနဲ့စာရင် နိုင်ငံခြားဝက်ဆိုတော့ ကြီးထွားမှုကောင်းတယ်။ အသားထွက်နှုန်းကောင်းတယ်။ မျိုးပွားနှုန်းလဲကောင်းတော့ လူကြိုက်များတာပေ့ါ။ စားရတော့လဲ အာဟာရရှိတဲ့ အစာဆိုတော့ မြန်မြန်ကြီးထွားပြီး တုတ်တုတ်ခဲခဲ၊ ဝဝဖိုင့်ဖိုင့်ကြီးဖြစ်နေတော့ မြန်မြန်သေပန်းပွင့်တာပေ့ါ။

ငယ်ငယ်က အမိနို့ကို အနည်းဆုံး ၄၅ ရက်လွန်၊ ရက် ၅၀ လောက်ထိစို့ခဲ့ရပြီး အချိန် ခြောက်ပိဿာလောက်ကတည်းက ခုနစ်သောင်းကျပ်နဲ့ ရောင်းစားခံရတာ။ လိုင်စင်စီလက်ထဲ ရောက်တဲ့အချိန်ထိ အာဟာရပြည့်ဝတဲ့အစားအစာတွေစားရတာ၊ အိပ်လိုက်၊ စားလိုက်၊ တစ်နေ့ ရေနှစ်ကြိမ်၊ သုံးကြိမ်ချိုးလိုက်နဲ့ ကာကွယ်ဆေး၊ ကုသဆေး ထိုးပေးမဲ့ ဆရာဝန်အဆင်သင့်။ ကိုယ့်ကိုယ်ကိုယ်ဇိမ်ကျလိုက်တာထင်နေတာ။ မြန်မြန်သေမယ်ဆိုတာ မသိခဲ့ဘူး။

အမြဲတမ်း အစာခြောက်စားနေရတာ တစ်ခါတလေ အစိုစားချင်တာပေ့ါ။ ဒီတော့ ကျုပ်သခင်က အစာအစိုကျွေးရင် အသားပျော့၊ ဗိုက်တွဲ၊ အဆီများ၊ မှန်းသလောက်မထွက်ဘူးတဲ့။ ဘာတတ်နိုင်မှာလဲ။ အခုကြည့်လေ။ ကျုပ် အချိန် ပိဿာ ၇၀ ကျော်၊ သုံးသိန်းကျော်လောက် ရလိုက်တယ်။ လေးငါးကောင်မွေးလို့ကတော့ သူဌေးဖြစ်ပဲ။ ရှေးစကားပုံကတော့ ကြွေးတင် ဝက်မွေးတဲ့။ အခုတော့ မဟုတ်ပါဘူးဗျာ။ ကြွေးမတင်ခင် ဝက်မွေးတဲ့။ ကျုပ်တို့လို နိုင်ငံခြားဝက်တွေ များများမွေးကုန်ကြပြီလို့ မသေခင် သိခဲ့ရတယ်။

ကျုပ်က အသားအတွက်မွေးတာ။ ကျုပ်ညီမဆိုရင် မွေးမစ(မျိုးဝက်မ) မွေးတာဗျ။ ၁၁ လလောက်မှာ သားတင်တယ်။ သုံးလ၊ သုံးပတ်၊ သုံးရက်၊ ၁၁၄ ရက်ဆိုရင် တစ်ခါမွေးရှစ်ကောင်နဲ့အထက်မှာရှိတယ်။ တစ်နှစ် နှစ်ကြိမ်မွေးတယ်။ ၄၅ ရက်ရှိရင်ရောင်းမယ်။ ဒီတော့ သားက မြတ်။ သမီးက မြတ်၊ အမေက မြတ်နဲ့ ဘယ်လောက် အဆင်ပြေလဲ။ ဒါလဲ သားကျွေးမှု၊ မယားကျွေးမှုပါပဲလေ။

ကျုပ်အရင် ဘော်ဒါနှစ်ကောင်တော့ ကျုပ်မျက်စိရှေ့မှာပဲ နှလုံးကို ဓားနဲ့ထိုး၊ သွေးခံသူခံ၊ အသက်မထွက်သေးခင် ရေနွေးပူနဲ့ ခန္ဓာကိုယ်ပေါ် လောင်းသူလောင်း၊ အမွေးချွတ်ချင်သူချွတ်၊ ကိုယ်ချင်းမစာလုပ်နေလိုက်ကြတာ။ နာလွန်းလို့ ထွန့်ထွန့်လူးနေတာပဲ။ အော်လို့အော်၊ အသက်သာ ထွက်သွားတယ်။ ကယ်မဲ့သူ ပေါ်မလာ။ ခုတ်လိုက်၊ ထစ်လိုက်နဲ့ ခေါင်းတခြား ကိုယ်တခြား၊ ကလီစာတခြားဖြစ်သွားပြီ။

အင်း ငရဲမကြောက်၊ ဝဋ်မကြောက်၊ မယားကျွေးမှု၊ သားကျွေးမှု၊ ယောက္ခမကျွေးမှု၊ ယောက်ဖကျွေးမှုတွေလုပ်နေလိုက်ကြတာ။ စားကြတော့ တစ်ပြုံတစ်ခေါင်းကြီး ခံရတော့တစ်ယောက်တည်းဆိုတာများ မသိလေရော့သလား။ သနားလိုက်တာ ကျွတ်...ကျွတ်. . . ။

အလို ဒီတစ်ခါတော့ ကျုပ်အလှည့်ရောက်ပြီ။ မလိုက်ချင်လို့ တစ်ခြံလုံးပတ်ပြေးနေမိတယ်။ မောတာပဲ အဖတ်တင်တယ်။ မလွတ်ပါဘူး။ သုံး၊ လေးယောက်ဖမ်းပြီး အမြီးဆွဲ၊ နားရွက်ဆွဲ၊ ခြေထောက်ဆွဲနဲ့ ပွက်ပွက်ဆူနေတဲ့ ဒယ်အိုးကြီးနား ရောက်သွားပြီ။ မလွတ်သာ ကြမ္မာညှိုးရော့ထင့်။ ဓားမြှောင်ကြီးဖြင့် ကျုပ်နှလုံးကို ဆင့်ကာဆင့်ကာထိုးလိုက်တော့–

"အမယ်လေးဗျ"

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့ အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# အိမ်မဲမြို့နယ်တွင် ပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၂၂ ဒသမ ၃၆ တင်းထွက်ရှိ



**မြောင်းမြ မေ ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧက အားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၂ ဒသမ ၃၆ တင်းထွက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၀၅၉၃ ဧကထိ စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော ပဲတီစိမ်းစိုက်ခင်းများကို မတ်လ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

''အိမ်မဲမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်းကို ၃၀၅၉၃ ဧက စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိစိုက်ပျိုးထားတဲ့ ပဲတီစိမ်းဧကအားလုံး ရိတ်သိမ်းပြီးစီးသွားပြီးဖြစ်ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် တောင်သူတွေနဲ့ ဌာနပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆောင်းသီးနှံများအားလုံး လျာထားစိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ပဲတီစိမ်းသီးနှံများအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်း ပဲများ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို အထွက်နှုန်းကောင်းအောင် ဒေသမရွေးကြိုးပမ်းစိုက်ပျိုးသင့်ကြောင့် မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ဆင်ပေါင်ဝဲမြို့နယ် စည်ပင်လှကျေးရွာ၌ လျှပ်စစ်သံဂဟေဆက်သင်တန်း ဖွင့်လှစ်

**ဆင်ပေါင်ဝဲ မေ ၈**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန်၊ မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်း ဖွင့်ပွဲကို စည်ပင်လှကျေးရွာ၌ မေ ၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ သင်တန်းတွင် ပို့ချပေးမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံသို့ လွှဲပြောင်း ပေးအပ်ခဲ့သည်။

အဆိုပါလျှပ်စစ်သံဂဟေဆက်သင်တန်းဖွင့်ပွဲသို့ အောင်လံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာရပ်မိ၊ ရပ်ဖများနှင့် သင်တန်းသား ဦးရေ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် လျှပ်စစ်သံဂဟေဆက်နည်းပညာရပ်များကို ကျွမ်းကျင်နည်းပြများက မေ ၇ ရက်မှ ဇွန် ၃ ရက်ထိ စာတွေ့လက်တွေ့ဖြင့် အခမဲ့ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ငြိမ်းသူ(စလင်း)

စာအုပ်စာပေ လူ့မိတ်ဆွေ

# လေကြောင်းစွမ်းရည်မြှင့်တင်နိုင်ရေး တိုက်လေယာဉ်များဝယ်ယူရန်ကြိုးပမ်းနေသော အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံသည် သက်တမ်းကြာမြင့်နေပြီဖြစ်သော လေတပ်ဖွဲ့ကို ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်ရန် တူကီယဲနိုင်ငံထုတ် Kaan တိုက်လေယာဉ်ကို ဝယ်ယူရန်ပြင်ဆင်လျက်ရှိသော်လည်း ဘတ်ဂျက်ကန့်သတ်ချက်များကို ကျော်လွှားသွားနိုင်မလားဆိုသော မေးခွန်းလည်းထွက်ပေါ်လျက်ရှိသည်။

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုသည် တူကီယဲနိုင်ငံ၏ Kaan တိုက်လေယာဉ်တည်ဆောက်မည့် အစီအစဉ်ကို ပူးတွဲဆောင်ရွက်သွားရန် စိတ်ဝင်စားလျက်ရှိကြောင်းနှင့် အန်ကာရာမြို့၌ တူကီယဲသမ္မတ အာဒိုဂန်နှင့် တွေ့ဆုံဆွေးနွေးစဉ် တိုက်လေယာဉ်ပူးတွဲ တည်ဆောက်ရန်စိတ်ပါဝင်စားကြောင်းကို ထုတ်ဖော်ပြောကြားခဲ့သည်ဟု ဧပြီလထုတ် သတင်းများ၌ ဖော်ပြခဲ့သည်။

တူကီယဲလေကြောင်း နည်းပညာနှင့် အာကာသစက်မှုလုပ်ငန်း (TAI) က ဦးဆောင်သည့် Kaan တိုက်လေယာဉ်ထုတ်လုပ်မှု အစီအစဉ်သည် တူကီယဲနိုင်ငံ၏ပဉ္စမမျိုးဆက် တိုက်လေယာဉ်တည်ဆောက်နိုင်ရေးကို အလေးထားလုပ်ဆောင်နေခြင်းဖြစ်သည်။ တူကီယဲနိုင်ငံသည် ရုရှားနိုင်ငံမှ S-400 ဒုံးကျည်ကာကွယ်ရေးစနစ်များ ဝယ်ယူခဲ့ပြီးနောက် အမေရိကန်ထံမှ F-35 တိုက်လေယာဉ်ဝယ်ယူရေးအစီအစဉ် ပျက်ပြယ်သွားခဲ့သည်။ အမေရိကန်သည် F-35 တိုက်လေယာဉ်၏ လုံခြုံရေးဆိုင်ရာ အချက်အလက်ပေါက်ကြားခြင်းများ ဖြစ်ပေါ်လာနိုင်မှုအပေါ် စိုးရိမ်ပူပန်မှုဖြစ်ခဲ့သဖြင့် တူကီယဲနိုင်ငံသို့ F-35 တိုက်လေယာဉ်ရောင်းချမည့်အစီအစဉ်ကို ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားသမ္မတပရာဘိုဝိုသည် Kaan တိုက်လေယာဉ်စီမံကိန်းအပြင် ရေငုပ်သင်္ဘောတည်ဆောက်ရေးနှင့် စပ်လျဉ်း၍လည်း တူကီယဲကာကွယ်ရေးစက်မှုလုပ်ငန်းနှင့် မိတ်ဖက်ဆောင်ရွက်သွားလိုသည့် အင်ဒိုနီးရှားနိုင်ငံ၏ စိတ်ဆန္ဒကို တူကီယဲသမ္မတအာဒိုဂန်နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ အလေးထားပြောကြားခဲ့သည်။ Kaan တိုက်လေယာဉ်သည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ၌ ပထမဆုံးအကြိမ်စမ်းသပ်ပျံသန်းခဲ့ရာ အမြင့်ပေ ၈၀၀၀ ထိ အောင်မြင်စွာပျံတက်နိုင်ပြီး အမြန်နှုန်း 230 knots ဖြင့် ပျံသန်းနိုင်ခဲ့သည်။ ၎င်းအစီအစဉ်သည် ၂၀၂၈-၂၀၂၉ ခုနှစ်တွင် တူကီယဲလေတပ်သို့ ပထမဆုံးလေယာဉ်များ လွှဲပြောင်းပေးရန်ရည်မှန်းထားရှိပြီး အနာဂတ်တွင် ထုတ်လုပ်မည့်တိုက်လေယာဉ်များသည် ဆဌမမျိုးဆက် စွမ်းဆောင်ရည်များပါရှိလာမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၏ စိတ်ပါဝင်စားမှုသည် စစ်ဘက်အဆင့်မြှင့်တင် တည်ဆောက်ရေးကြိုးပမ်းမှုကို မီးမောင်းထိုးပြသလျက်ရှိသည့်အပြင် အင်ဒို-ပစိဖိတ်နှင့် အရှေ့အလယ်ပိုင်းဒေသများအကြား ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၏ ပထဝီနိုင်ငံရေးဆိုင်ရာထူးခြားမှုကိုလည်း ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံသည် လေတပ်ကိုခေတ်မီအောင်တည်ဆောက်ရာတွင် ရုန်းကန်ရလျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံ၏ အဓိကတိုက်လေယာဉ်များဖြစ်သည့် F-16၊ Hawk နှင့် Su-27/30 များသည် ထုတ်လုပ်သည့်ကုမ္ပဏီ ၃ ခုမှ မူကွဲ ၆ မျိုးဖြင့်ထွက်ရှိခြင်းဖြစ်သည်။ ထို့ကြောင့် ပြုပြင်ထိန်းသိမ်းရာတွင် ကုန်ကျစရိတ်များပြားပြီး အပိုပစ္စည်းရရှိရန်လည်း အကျပ်အတည်းဖြစ်ပေါ်လျက်ရှိသည်။ အင်ဒိုနီရှားနိုင်ငံ၏ လေတပ်အဆင့်မြှင့်တင်တည်ဆောက်မှုသည် ရန်ပုံငွေလိုအပ်ချက်ကြောင့်ရုန်းကန်ရလျက်ရှိပြီး အစိုးရ၏ ဆုံးဖြတ်ချက်ခိုင်မာမှုအားနည်းခြင်းနှင့် စစ်လက်နက်ပစ္စည်းဝယ်ယူရေးဆိုင်ရာ မူဝါဒအားနည်းချက်များလည်း ဖြစ်ပေါ်လျက်ရှိသည်။

လေတပ်ကိုခေတ်မီ အဆင့်မြှင့်တင်တည်ဆောက်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံ၏ကြိုးပမ်းမှုများသည် အမျိုးမျိုးပြောင်းလဲဆောင်ရွက်ရလျက်ရှိသည်။ သာဓကအနေဖြင့် အမေရိကန်နိုင်ငံ၏ ဖိအားနှင့် ပိတ်ဆို့မှုများကြောင့် ရုရှားနိုင်ငံမှ Su-35 တိုက်လေယာဉ်ဝယ်ယူရေးအစီအစဉ်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင်ရပ်ဆိုင်းခဲ့ရသည်။ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံ၏ KF-21 Boramae မျိုးဆက်သစ်တိုက်လေယာဉ်စီမံကိန်းတွင်လည်း အချိုးကျရှယ်ယာထည့်ဝင်နိုင်ရေး



တူကီယဲနိုင်ငံထုတ် Kaan တိုက်လေယာဉ်ကို တွေ့ရစဉ်။

ရုန်းကန်ရလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၅ ခုနှစ် မတ်လထိ ၎င်းထည့်ဝင်ရမည့် ပမာဏ၏ ၂၅ ရာခိုင်နှုန်းကိုသာ ရင်းနှီးမြှုပ်နှံနိုင်သဖြင့် ၂၀၂၆ ခုနှစ် ဘတ်ဂျက်ထိ အမေရိကန်ဒေါ်လာ ၅ဒသမ၅ ဘီလီယံတန်ဖိုးရှိသော စီမံကိန်း၏ ၂၀ ရာခိုင်နှုန်းကိုသာ ထည့်ဝင်နိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် တောင်ကိုရီးယားအစိုးရသည် အင်ဒိုနီးရှားနိုင်ငံ၏ ထည့်ဝင်ရန်ကျန်ငွေအမေရိကန်ဒေါ်လာ ၃၂၂ ဒသမ ၂ သန်း အပါအဝင် ၇၄ ဒသမ ၅ရာခိုင်နှုန်းကို ထည့်ဝင်ထားရပြီး ကိုရီးယားလေကြောင်းနည်းပညာနှင့်အာကာသ စက်မှုလုပ်ငန်း (KAI) သည် ကျန် ၂၅ ဒသမ ၅ ရာခိုင်နှုန်းကို ထည့်ဝင်သွားရမည်ဖြစ်သည်။ ထိုသို့ စွမ်းဆောင်နိုင်မှုကွာဟချက်ကြောင့် အင်ဒိုနီးရှား နိုင်ငံသည် အသုံးပြုပြီးသား Qatari Mirage 2000 ဂျက်လေယာဉ်များ ဝယ်ယူခြင်းကဲ့သို့သော လတ်တလောအဖြေများကို စဉ်းစားဆောင်ရွက်လာရသည်။

ထိုအတောအတွင်း အင်ဒိုနီးရှားနိုင်ငံသည် ပြင်သစ်နိုင်ငံထုတ် Rafale ဂျက်လေယာဉ် ၄၂ စင်းကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင်မှာယူခဲ့ပြီး ပထမဆုံးဂျက်လေယာဉ်သည် ၂၀၂၆ ခုနှစ်တွင်ရောက်ရှိမည်ဟု မျှော်မှန်းထားရှိသည်။ ၎င်းလေယာဉ်သည် ကိုယ်ပျောက်စွမ်းရည်နှင့် ရန်သူ၏လေကြောင်းရန်ကာကွယ်ရေး (SEAD) စွမ်းဆောင်ရည်ကို ဖိအားပေးနိုင်စွမ်းတို့ ကင်းမဲ့နေသောကြောင့် ရန်သူ့ပေါင်းစပ်လေကြောင်းရန်ကာကွယ်ရေးစနစ် (IADS) တို့၏ ခြိမ်းခြောက်မှုခံရနိုင်ကြောင်း ပြင်သစ်နိုင်ငံတကာဆက်ဆံရေးအဖွဲ့အစည်း (IFRI) က ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် အစီရင်ခံတင်ပြသွားခဲ့သည်။

ထို့ပြင် အာရုံခံစနစ်ကန့်သတ်ချက်များကြောင့် Rafale တိုက်လေယာဉ်များမောင်းနှင်သော ပြင်သစ်လေယာဉ်မှူးများသည် ပူးတွဲစစ်ရေးလေ့ကျင့်ခန်းများ၌ F-35 တိုက်လေယာဉ်များကို အနိုင်ယူတိုက်ခိုက်နိုင်ရေးအတွက် စိန်ခေါ်မှုများတွေ့ရှိခဲ့ကြောင်းနှင့် Rafale တိုက်လေယာဉ်များသည် ကာလတိုနှင့်ကာလလတ်တွင် အသုံးတည့်လျက်ရှိသော်လည်း ပြင်းထန်သောတိုက်ပွဲများ၌ စွမ်းဆောင်ရည်လိုအပ်ချက် ပိုမိုမြင့်မားလာကြောင်း IFRI အစီရင်ခံစာ၌ ဖော်ပြထားသည်။

ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် တူကီယဲနိုင်ငံနှင့် မိတ်ဖက်ဆောင်ရွက်ခြင်းသည် အနာဂတ်တွင် လေတပ်စွမ်းဆောင်ရည်မြှင့်တင်ရာ၌ အတိုင်းအတာတစ်ခုလောက်ထိသာ တိုးတက်လာနိုင်မည်ဖြစ်သည်။ စင်စစ်အားဖြင့် ပဉ္စမမျိုးဆက်တိုက်လေယာဉ်တည်ဆောက်ခြင်းသည် မလွယ်ကူသောကိစ္စပင်ဖြစ်သည်။ လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံသည် F-22 နှင့် F-35 ကဲ့သို့သော ပြည်တွင်းဖြစ်ပဉ္စမမျိုးဆက်တိုက်လေယာဉ် တည်ဆောက်နိုင်သည့် တစ်ဦးတည်းသော NATO အဖွဲ့ဝင်နိုင်ငံဖြစ်သည်။

စတုတ္ထမျိုးဆက် တိုက်လေယာဉ်များဖြစ်သည့် Rafale တိုက်လေယာဉ်တည်ဆောက်နေသော ပြင်သစ်နှင့် Gripen တိုက်လေယာဉ် တည်ဆောက်နေသော ဆွီဒင်နိုင်ငံတို့သည်ပင်လျှင် အဓိကအစိတ်အပိုင်းများအတွက် ပြည်ပပစ္စည်းများအပေါ် မှီခိုနေရမှုကို ဖုံးကွယ်ထားလျက်ရှိသည်။

တူကီယဲနိုင်ငံသည် Kaan တိုက်လေယာဉ်အစီအစဉ်အတွက် ဗြိတိန်ကာကွယ်ရေးကုမ္ပဏီ BAE Systems ထံမှ နည်းပညာပိုင်းဆိုင်ရာအကြံဉာဏ်နှင့် အမေရိကန်ထံမှ General Electric F110 အင်ဂျင်များကို အသုံးပြုထားပြီး ပြည်တွင်း၌ အစားထိုးလဲလှယ်နိုင်ရေးအတွက်လည်း လုပ်ဆောင်လျက်ရှိသည်။ တူကီယဲနိုင်ငံအနေဖြင့် Kaan တိုက်လေယာဉ်ကို ပြည်ပတင်ပို့နိုင်ပြီး ရေရှည်အသုံးပြုနိုင်သော လေယာဉ်အဖြစ်တည်ဆောက်သွားနိုင်မည်လားဆိုသော မေးခွန်းများလည်းထွက်ပေါ်လျက်ရှိသည်။

Kaan တိုက်လေယာဉ်အတွက် အရေးပါသော နည်းပညာများနှင့် အခြားသောစနစ်များကိုထောက်ပံ့ပေးထားသူများက ပြည်ပတင်ပို့ရန်ကန့်သတ်ခြင်းများသည် တူကီယဲနိုင်ငံကို အနာဂတ်ရွေးချယ်မှုများလုပ်ဆောင်ရာ၌ ကန့်သတ်ချက်များဖြစ်လာနိုင်ပေသည်။ တူကီယဲနိုင်ငံသည် ကန့်သတ်ချက်ရှိနေသော အင်ဒိုနီးရှားနိုင်ငံအား ပြည်တွင်းနည်းပညာအခြေစိုက်များ၊ လုံလောက်မှုမရှိသော မဟာဗျူဟာမြောက်စစ်ပစ္စည်းများနှင့် အင်အားကြီးနိုင်ငံများ၏ ပစ္စည်းများအပေါ်မှီခိုနေရမှု စသည့် လက်ရှိကာကွယ်ရေးဆိုင်ရာအားနည်းချက်များ လျှော့ချရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ စစ်ဘက်နည်းပညာနှင့်လက်နက်ရောင်းချမှုတို့တွင် တူကီယဲနိုင်ငံ၏ ဦးဆောင်မှုအနေအထားသည် မိတ်ဖက်ဆက်ဆံရေးထူထောင်ရန် အဓိက အားသာချက်ပင်ဖြစ်သည်။

တူကီယဲနိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာလက်နက်တင်ပို့မှုတွင် အဆင့် ၁၁ နေရာ၌ ရပ်တည်ခဲ့ကြောင်း၊ ၎င်း၏စစ်လက်နက်ပစ္စည်းအများစုကို အာရပ်စော်ဘွားများပြည်ထောင်စု၊ ပါကစ္စတန်နှင့်ကာတာနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း စတော့ခ်ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေးသုတေသနအဖွဲ့အစည်း(SIPRI) က ၂၀၂၅ ခုနှစ် မတ်လတွင် အစီရင်ခံဖော်ပြသွားခဲ့သည်။ အထူးသဖြင့် စစ်ဘက်ဆိုင်ရာသုံးဒရုန်းများကို ကမ္ဘာ့လက်နက်ဈေးကွက်သို့ အများဆုံးတင်ပို့ခဲ့ခြင်းဖြစ်သည်။

တူကီယဲနိုင်ငံ၏ Bayraktar TB-2၊ Altay ပင်မတိုက်ပွဲဝင်တင့် (MBT)၊ Anka-3 ကိုယ်ပျောက်ဒရုန်းနှင့် Kaan တိုက်လေယာဉ်တို့သည် ပြည်ပစစ်လက်နက်များကို မှီခိုနေရမှုမှ လွတ်မြောက်အောင်ကြိုးပမ်းနေမှုကို ထင်ဟပ်စေလျက်ရှိသည်။ အထူးသဖြင့် တူကီယဲနိုင်ငံသည် နည်းပညာပိုင်းဆိုင်ရာတီထွင်ဆန်းသစ်မှုများကို စနစ်တကျလုပ်ဆောင်ကာလက်နက်စနစ်အမျိုးမျိုးကို ပြည်ပသို့တင်ပို့နိုင်ရန် စွမ်းဆောင်ရည် မြှင့်တင်လျက်ရှိသည်။

သို့သော် တူကီယဲနိုင်ငံအနေဖြင့် ပြိုင်ဆိုင်မှုပြင်းထန်သော တိုက်လေယာဉ်ဈေးကွက်ကို ထိုးဖောက်နိုင်ရေးအတွက် သက်သာသောဈေးနှုန်းကို ထိန်းသိမ်းထားရှိရမည်ဖြစ်သည်။ Kaan တိုက်လေယာဉ်သည် အမေရိကန် F-35၊ တောင်ကိုရီးယား၏ KF-21၊ ပြင်သစ်၏ Rafale နှင့် ဆွီဒင်၏ Gripen တိုက်လေယာဉ်များနှင့် ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။ တူကီယဲနိုင်ငံအနေဖြင့် Kaan တိုက်လေယာဉ်ကို သင့်တင့်သော ဈေးနှုန်းဖြင့်ရောင်းချသွားမည်ဆိုလျှင် F-35 တိုက်လေယာဉ်မဝယ်ယူနိုင်သော နိုင်ငံများအတွက် NATO အဆင့်တိုက်လေယာဉ်ကို အစားထိုးဝယ်ယူနိုင်မည်ဖြစ်သည်။

အင်ဒိုနီးရှား သမ္မတပရာဘိုဝိုအနေဖြင့် စစ်ဘက်ဆိုင်ရာအဆင့်မြှင့်တင်ရေးအတွက် ရည်မှန်းချက်များရှိနေသော်လည်း အင်ဒိုနီးရှားနိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည် GDP ၏ ၁ ရာခိုင်နှုန်းခန့်သာ ရှိနေသည်မှာ ဆယ်စုနှစ်များစွာကြာနေပြီဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် အခွန်အနည်းငယ်သာကောက်ခံလျက်ရှိပြီး အာရှ-ပစိဖိတ်ဒေသတွင် GDP အချိုးအစားအရ ကာကွယ်ရေးအသုံးစရိတ်သုံးစွဲမှုသည် အနိမ့်ဆုံးအဆင့်၌သာရှိနေသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင် စစ်လက်နက်ပစ္စည်းဝယ်ယူရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရာတွင် စစ်ဘက်ဆိုင်ရာစွမ်းဆောင်ရည်များ ကျဆင်းလာမှုအပေါ် ဆန်းစစ်ကာလက်တွေ့ကျကျလုပ်ဆောင်သွားရန် လိုအပ်ပေသည်။ အင်ဒိုနီးရှား လေတပ်ရှိ F-16 တိုက်လေယာဉ်များသည် တာဝန်ထမ်းဆောင်မှု သက်တမ်း နှစ် ၄၀ သို့ ချဉ်းကပ်လာပြီဖြစ်သည်။ Rafale တိုက်လေယာဉ်များမှာလည်း ၂၀၂၆ ခုနှစ်မှသာ စတင်ရောက်ရှိမည်ဖြစ်သည်။ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် တူကီယဲနိုင်ငံ၏ Kaan တိုက်လေယာဉ်ကို ဝယ်ယူခဲ့သည့်တိုင်အောင် စစ်ဘက်စွမ်းဆောင်ရည်အားလုံးအပေါ်ထူးခြားသော သက်ရောက်မှုဖြစ်ပေါ်လာဖွယ်ရာမရှိသေးကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- Indonesia looks to Turkey to up its lagard air power By Asia Times.

**မောင်စိန်အိ(နဘဲမြေ)**

# ဘိုလီးဗီးယားနိုင်ငံတွင် ဇွမ်ဘီးမီးတောင်ပေါက်ကွဲမည့်လက္ခဏာများ စတင်ပြသလာ၍ မီးတောင်အန္တရာယ်သတိပေးချက် ထုတ်ပြန်



**လာပဲ့ဇ် မေ ၈**

ဘိုလီးဗီးယားနိုင်ငံ အင်န်ဒီးစ်တောင်တန်းရှိ ဇွမ်ဘီးမီးတောင်သည် မေ ၆ ရက်မှစ၍ သက်ဝင်လှုပ်ရှားမှုများ ရှိလာခဲ့ပြီးနောက် မေ ၇ ရက်တွင် မီးတောင်ပေါက်ကွဲမည့်လက္ခဏာ စတင်ပြသလာကြောင်း အော့စဖို့ဒ်တက္ကသိုလ်မှ သုတေသီများက သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

သက်တမ်းရင့် ဇွမ်ဘီးမီးတောင်သည် ပေါက်ကွဲမှုဖြစ်စဉ်အကြိမ်ရေနည်းပါးပြီး ငြိမ်သက်နေသည့် မီးတောင်များစာရင်းတွင် ပါဝင်နေသော်လည်း နှစ်ပေါင်းများစွာကြာမှ သက်ဝင်လှုပ်ရှားမှုရှိလာခြင်းသည် စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်ကြောင်း၊ မီးတောင်အနီးပတ်ဝန်းကျင်တွင် အသေးစားငလျင်လှုပ်ခတ်မှုများ ရှိလာခြင်းကြောင့် မီးတောင်သက်ဝင်လှုပ်ရှားသည့်လက္ခဏာများ ပြသလာခြင်းဖြစ်ပြီး မေ ၇ ရက်မှစ၍ မီးတောင်အတွင်းမှ မီးခိုးငွေ့များစတင်ထွက်ပေါ်လာကြောင်း သိရသည်။

ဇွမ်ဘီးမီးတောင်ကို ယူတူရန်ကူမီးတောင်ဟုလည်း ခေါ်ဝေါ်ပြီး အမြင့်ပေ ၁၉၇၀၀ ထိ မြင့်မားကာ နှစ်ပေါင်း ၂၅၀၀၀၀ ကြာမှ ပထမဆုံးအကြိမ် မီးတောင်ပေါက်ကွဲမည့်လက္ခဏာ ဖြစ်ပေါ်လာခြင်းမှာ ထူးခြားဖြစ်စဉ်တစ်ရပ်ဖြစ်ကြောင်း၊ မီးတောင်အနီးပတ်ဝန်းကျင် ၂၅ မိုင်အတွင်း မြို့သုံးမြို့ရှိသည့်အတွက် မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပါက ၎င်းမြို့များအားလုံးအတွက် အန္တရာယ်ရှိနိုင်ကြောင်း၊ ဇွမ်ဘီးမီးတောင်အတွင်းမှ မီးခိုးငွေ့များသည် ဘိုလီးဗီးယားနိုင်ငံအပြင် အာဂျင်တီးနားနိုင်ငံ၊ ချီလီနိုင်ငံတို့ထိပါ ရောက်ရှိပျံ့နှံ့သွားနိုင်ကြောင်း၊ သက်တမ်းရင့်မီးတောင်သေ ပေါက်ကွဲမှုလက္ခဏာများ ပြသလာခြင်းမှာ ရက်သတ္တပတ်အတွင်း မီးတောင်အနီး အသေးစားငလျင်အကြိမ်ရေ ၁၇၀၀ ကျော်ထိ လှုပ်ခတ်မှုဖြစ်ပေါ်လာခြင်းကြောင့် မီးတောင်ပေါက်ကွဲသည့်လက္ခဏာများ ပြသလာခြင်းဖြစ်ကြောင်း သုတေသီများက ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူမတြားပြည်နယ်တွင် ပြင်းအား ၅ ဒသမ ၂ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့

**ဂျကာတာ မေ ၈**

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူမတြားပြည်နယ်တွင် ပြင်းအား ၅ ဒသမ ၂ မဂ္ဂနီကျူရှိ ငလျင်တစ်ခု မေ ၇ ရက်က လှုပ်ခတ်ခဲ့ကြောင်း နိုင်ငံ၏ မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီက သတင်းထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။



ငလျင်သည် ဒေသစံတော်ချိန် ၁၄ နာရီ ၀၉ မိနစ်ခန့်တွင် မြောက်ဆူမတြားပြည်နယ်၏ အနောက်တောင်ဘက် ၃၇ ကီလိုမီတာအကွာ ပင်လယ်ကြမ်းပြင်အောက် အနက် ၂၂ ကီလိုမီတာကို ဗဟိုပြု၍လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ကနဦး ငလျင်ပြင်းအားကို အေဂျင်စီက ၅ ဒသမ ၄ မဂ္ဂနီကျူဟု သတ်မှတ်ခဲ့သော်လည်း စနစ်တကျတွက်ချက်ပြီးနောက် ၅ ဒသမ ၂ ဟု ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် လှိုင်းလုံးကြီးများ မဖြစ်ပေါ်နိုင်သဖြင့် ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်း မရှိသေးသော်လည်း ငလျင်လှုပ်ခတ်မှုကို ပြင်းထန်စွာခံစားခဲ့ရကြောင်း၊ ပြည်သူများသည် နေအိမ်များ၊ ရုံးခန်းများ၊ အဆောက်အအုံများမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း၊ လမ်းများ၊ အခြေခံအဆောက်အအုံများနှင့် လူနေအိမ်များ ပျက်စီးခဲ့ကြောင်း၊ အဆိုပါ ပျက်စီးဆုံးရှုံးမှု၊ ထိခိုက်သေဆုံးမှုနှင့် ပတ်သက်၍ တိတိကျကျဖော်ပြနိုင်ရေးအတွက် စစ်တမ်းများ ကောက်ယူနေဆဲဖြစ်သဖြင့် ကနဦးသတင်းထုတ်ပြန်ခြင်းမရှိသေးကြောင်း မြောက်ဆူမတြားပြည်နယ် သဘာဝဘေးလျော့ပါးရေးအေဂျင်စီမှ အကြီးအကဲ ရာမာဂျာရာဆာရစ်ချ်က ပြောကြားခဲ့သည်။

ပုံမှန်အားဖြင့် ၅ ဒသမ ၂ မဂ္ဂနီကျူသည် ပြင်းအားမများသော်လည်း ကျွန်းစုနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် ငလျင်လှုပ်ခတ်လေ့ရှိသော ပစိဖိတ်မီးကွင်းအတွင်းတည်ရှိခြင်းကြောင့် ငလျင်လှုပ်ခတ်မှု၏ ပြင်းအားကိုပိုမိုခံစားရခြင်းဖြစ်ကြောင်း မြောက်ဆူမတြားပြည်နယ် သဘာဝဘေးလျော့ပါးရေးအေဂျင်စီမှ အကြီးအကဲ ရာမာဂျာရာဆာရစ်ချ်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : KZ

# တရုတ်နိုင်ငံ ဟီနန်ပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုဖြစ်ပေါ်လာမည်

**ပေကျင်း မေ ၈**

တရုတ်နိုင်ငံ ဟီနန်ပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှု ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း China Meteorological Administration (CMA)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုသည် မေ ၁၁ ရက်တွင် စတင်နိုင်ဖွယ်ရှိနေပြီး အပူချိန်မှာ ၃၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နိုင်ကြောင်း၊ အပူချိန်မြင့်တက်မှုသည် မေ ၁၁ ရက်မှ မေ ၁၃ ရက်ထိ ကြာမြင့်သွားနိုင်ပြီး အပူချိန်မြင့်တက်မှုကြောင့် ဂျုံစိုက်ခင်းများကို ထိခိုက်မှုရှိလာစေမည်ဖြစ်ကြောင်း China Meteo-rological Administration (CMA) က ထုတ်ပြန်ခဲ့သည်။

ဟီနန်ပြည်နယ်တွင် ဂျုံစိုက်ခင်းများကို မေလမှ ဇွန်လလယ်ပိုင်းတွင် ရိတ်သိမ်းလေ့ရှိပြီး ၎င်းကာလအတွင်း၌ပင် ထပ်မံစိုက်ပျိုးခြင်းများကို ဆောင်ရွက်ကြောင်း၊ အပူချိန်မြင့်တက်မှုကြောင့် စိုက်ပျိုးရာတွင် စိုက်ခင်းများကို အရည်အသွေး ကျဆင်းစေနိုင်သကဲ့သို့ ရှင်သန်မှုကိုလည်း ထိခိုက်စေနိုင်ကြောင်း၊ ဟီနန်ပြည်နယ်တွင် မိုးရွာသွန်းတော့မည့် ကြိုတင်သတိပေးချက် ထုတ်ပြန်ထားသော်လည်း မိုးမရွာသွန်းမီ အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း ဟီနန်ပြည်နယ်တောင်သူများအသင်းက ထုတ်ပြန်သွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ကဒွန်းနပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရ

**အဘူဂျာ မေ ၈**

နိုင်ဂျီးရီးယားနိုင်ငံ ကဒွန်းနပြည်နယ်တစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး မေ ၇ ရက်မှစ၍ ဒေသခံတချို့ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသောဒေသခံများကို ကဒွန်းနမြို့တွင် ကယ်ဆယ်ရေးစခန်း ၁၃ ခု ဖွင့်လှစ်ပေးထားပြီး အဆိုပါကယ်ဆယ်ရေးစခန်းများတွင် နေရာချထားပေးကြောင်း၊ ဒေသခံများကို ကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ပေးခြင်းကို ကဒွန်းနပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီက ဦးဆောင်၍ ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းရေးကို ဦးစားပေး ဆောင်ရွက်ပေးနေကြောင်း ကဒွန်းနပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေး အေဂျင်စီအတွင်းရေးမှူး ဒေါက်တာ အူစမန်က ပြောကြားခဲ့သည်။

"ကဒွန်းနပြည်နယ်မှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်ပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေပါတယ်။ အန္တရာယ်ဇုန်အဖြစ် သတ်မှတ်ထားတဲ့ ဧရိယာတွေအတွင်းမှာ နေထိုင်တဲ့ ဒေသခံတွေကို ကယ်ဆယ်ရေးစခန်း ၁၃ ခုဖွင့်လှစ်ပြီး နေရာချပေးထားပါတယ်။ NiMet ရဲ့ မိုးလေဝသခန့်မှန်းတိုင်းတာမှုပေါ်မူတည်ပြီးတော့လဲ နောက်ထပ် အန္တရာယ်ဇုန်အဖြစ် သတ်မှတ်သွားမဲ့ဧရိယာအတွင်းက ဒေသခံတွေကို ယာယီကယ်ဆယ်ရေးစခန်းတွေဆီ ပို့ဆောင်ပေးသွားဖို့ စီစဉ်နေပါတယ်။ ဖွင့်လှစ်ထားတဲ့ ကယ်ဆယ်ရေး စခန်းတွေမှာ နေရာချပေးထားတဲ့ ဒုက္ခသည်တွေအတွက် စားရေရိက္ခာတွေ၊ လိုအပ်တဲ့ဆေးဝါးတွေ အတတ်နိုင်ဆုံး ပံ့ပိုးပေးနေပါတယ်။ သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးအစီအစဉ်တွေအတိုင်း သဘာဝဘေးဒဏ်သင့်ပြည်သူတွေကို အတတ်နိုင်ဆုံး ကူညီပေးသွားမှာဖြစ်ပါတယ်"ဟု ကဒွန်းနပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီ အတွင်းရေးမှူး ဒေါက်တာအူစမန်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ပင်လယ်လိပ်များကို အတ္တလန္တိတ်သမုဒ္ဒရာ၌ အမေရိကန် ဂေဟဗေဒပညာရှင်များက ထိန်းသိမ်းစောင့်ရှောက်ခဲ့ရာ ကောင်ရေတိုးလာ

**ဝါရှင်တန် မေ ၈**

မျိုးသုဉ်းလုနီးပါးပင်လယ်လိပ်များကို အမေရိကန်နိုင်ငံ ဂေဟဗေဒပညာရှင်များ ဦးဆောင်သောအဖွဲ့က အတ္တလန္တိတ်သမုဒ္ဒရာတစ်လျှောက်တွင် ရေပြင်ဧရိယာသတ်မှတ်ပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့ရာကောင်းမွန်သောရလဒ်များရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပင်လယ်လိပ်များကို အလွန်အကျွံဖမ်းဆီးခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း၊ အစားအစာများရှားပါးခြင်း၊ လေထုနှင့် ရေထုညစ်ညမ်းခြင်းနှင့် ကမ်းရိုးတန်းဖွံ့ဖြိုးတိုးတက်လာခြင်းများသည် ပင်လယ်လိပ်များ မျိုးသုဉ်းမှုကိုဖြစ်စေကြောင်း ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းလုနီးပါးမျိုးစိတ်များ စစ်တမ်းအသစ်တစ်ခုအရ သိရသည်။

ပင်လယ်လိပ်များကို အမေရိကန်နိုင်ငံ မျိုးသုဉ်းလုနီးပါးမျိုးစိတ်များကာကွယ်ရေး အက်ဥပဒေ ၁၉၇၃ အရ ကာကွယ်ပြီး ဖမ်းဆီးသတ်ဖြတ်မှုများကို တားမြစ်ခဲ့ကြောင်း၊ မက္ကဆီကိုနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်မှစ၍ ပင်လယ်လိပ်များဖမ်းဆီးခြင်းကို တားမြစ်ခဲ့ကြောင်း၊ ထိုသို့ ဥပဒေများချမှတ်ကာ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကာကွယ်ထိန်းသိမ်းမှုများကြောင့် အတ္တလန္တိတ်သမုဒ္ဒရာရှိ ပင်လယ်လိပ်များသည် ပစိဖိတ်ပင်လယ်ပြင်ရှိ ပင်လယ်လိပ်များထက် ကောင်ရေတိုးလာကြောင်း အမေရိကန် ဂေဟဗေဒပညာရှင် ပင်မ်က ပြောကြားခဲ့ကြောင်း သိရသည်။


Ref : Sputnik News

Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

M L

# လာမဲ့စနေနေ့ညကစားမဲ့ပွဲတွေထဲက ဥရောပဝင်ခွင့်ရဖို့ ကြိုးပမ်းကစားလာမဲ့ အေဗီလာအသင်း၊ ဂျူဗင်တပ်အသင်း၊ ဆဲလ်တာဗီဂိုအသင်းတို့ကို ရွေးချယ်ရမှာပါ




အမှတ်ပေးပြိုင်ပွဲတွေဟာ ဘောလုံးရာသီပြီးဆုံးဖို့ သုံးပွဲလောက်သာကျန်တော့တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲစဉ်တွေများလာတာကို တွေ့ရမှာပါ။ လက်ရှိမှာ ပရီးမီးယားလိဂ်က ဆုဖလားရတဲ့အသင်းနဲ့ တန်းဆင်းရတဲ့ အသင်းတွေထွက်ပေါ်ခဲ့တာကြောင့် ဥရောပဝင်ခွင့်ကစားရမဲ့အသင်းတွေသာ ပြိုင်ဆိုင်မှုပြင်းထန်နေတာဖြစ်ပါတယ်။ လာလီဂါနဲ့စီးရီးအေကတော့ ချန်ပီယံဆုဖလား၊ ဥရောပဝင်ခွင့်နဲ့ တန်းဆင်းဇုန် တိုက်ပွဲတွေက ပြင်းထန်နေဆဲဖြစ်သလို ဘွန်ဒက်လီဂါ၊ ပြင်သစ်လီဂူးတို့မှာတော့ ဆုဖလားရတဲ့အသင်းတွေ ပေါ်ထွက်ခဲ့ပြီး ဥရောပဝင်ခွင့်နဲ့ တန်းဆင်းဇုန်ပြိုင်ပွဲကတော့ အကြိတ်အနယ်ရှိနေဆဲဖြစ်ပါတယ်။ လာမဲ့စနေနေ့ညမှာတော့ ဥရောပဝင်ခွင့်ရဖို့ အစွမ်းကုန်ကြိုးစားလာမဲ့အသင်းတွေထဲက အေဗီလာအသင်း၊ ဂျူဗင်တပ်အသင်းနဲ့ ဆဲလ်တာဗီဂိုအသင်းတို့ကို ရွေးချယ်သွားမှာဖြစ်ပါတယ်။

**အေဗီလာအသင်း ရလဒ်ကောင်းမှာပါ**

ပရီးမီးယားလိဂ်ပွဲစဉ် (၃၆) မှာ အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ဘုန်းမောက်အသင်းနဲ့ အေဗီလာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘုန်းမောက်အသင်းဟာနည်းပြအီရာအိုလာလက်အောက်မှာ ပုံစံကောင်းရနေတာကြောင့် အသင်းကြီးတွေကိုတောင် ဖိအားပေးကစားနိုင်ခဲ့ပြီး နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ အာဆင်နယ်အသင်းကိုတောင် အဝေးကွင်းကနေ နှစ်ဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ တိုက်စစ်ပိုင်းမှာ အီဗန်နယ်ဆန်က ဦးဆောင်နေပေမဲ့ ဆီမီညို၊ အော့တာရာ၊ ကလွိုက်ဗက်တို့ကလဲ ကွင်းလယ်ခံစစ်နဲ့ တိုက်စစ်ကို အကောင်းဆုံးပံ့ပိုးပေးနိုင်ခဲ့လို့ ရလဒ်ကောင်းခဲ့တာဖြစ်ပါတယ်။ ပွဲစဉ် (၃၅) ပွဲအပြီးမှာတော့ ၁၄ ပွဲနိုင်၊ ၁၁ ပွဲသရေ၊ ၁၀ ပွဲရှုံးရလဒ်နဲ့ ရမှတ် ၅၃ မှတ်ရရှိခဲ့လို့ အဆင့်(၈) ထိတက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဘုန်းမောက်အသင်းဟာ ဥရောပဝင်ခွင့်ရဖို့အတွက်မျှော်လင့်ချက်နည်းပေမဲ့ ပြီးခဲ့တဲ့ငါးပွဲဆက်မှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေ ကစားနိုင်ခဲ့တဲ့ ခြေစွမ်းပိုင်းက အားရစရာပါ။ ဒါပေမဲ့ တိုက်စစ်မှူးအူနယ်၊ တောင်ပံတိုက်စစ်က အော့တာရာတို့ဒဏ်ရာရနေတာကြောင့် အခုပွဲမှာ တိုက်စစ်ပိုင်းအားနည်းလာနိုင်လို့ အေဗီလာကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။

အေဗီလာအသင်းဟာ အခုရာသီမှာ ပြိုင်ပွဲစုံမှာ ရလဒ်ကောင်းခဲ့ပေမဲ့ နောက်ပိုင်းမှာ အဓိက ကစားသမားတွေ ဒဏ်ရာပြဿနာရှိခဲ့တာကြောင့် အက်ဖ်အေဖလားမှာ ဆီမီးဖိုင်နယ်အဆင့်၊ ချန်ပီယံလိဂ်မှာ ကွာတားအဆင့်က ထွက်ခွာခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် အမှတ်ပေးပွဲကိုသာ အာရုံစိုက်လာခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရှုံးလို့မရတဲ့အခြေအနေဖြစ်နေတာကို တွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာလဲ ဖူလ်ဟမ်လို ကစားပုံကောင်းတဲ့အသင်းကို အကောင်းဆုံးထိန်းချုပ်ပြီး တစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရခဲ့တဲ့ခြေစွမ်းက အားရစရာပါ။ လက်ရှိမှာလဲ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ် ဒဏ်ရာကြောင့် လွဲချော်နိုင်ပေမဲ့ ဝက်ကင်း၊ အဆန်စီယို၊ မက်ဂင်း၊ ရော်ဂျာတို့လို ကစားသမားကောင်းတွေ ပါဝင်မှာဖြစ်လို့ ဘုန်းမောက်ကို ဖိအားပေးနိုင်မှာဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးကစားခဲ့တဲ့ လေးပွဲဆက်မှာလဲ အေဗီလာရှုံးနိမ့်ခဲ့ခြင်းမရှိတာကြောင့် အခုပွဲမှာ အေဗီလာအသင်း ရလဒ်ကောင်းမှာပါ။

**ဘုန်းမောက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ဝက်စ်ဟမ်း | ၂ - ၂ | ဘုန်းမောက် |
| ဘုန်းမောက် | ၁ - ၀ | ဖူလ်ဟမ် |
| ပဲလေ့စ် | ၀ - ၀ | ဘုန်းမောက် |
| ဘုန်းမောက် | ၁ - ၁ | မန်ယူ |
| အာဆင်နယ် | ၁ - ၂ | ဘုန်းမောက် |

**အေဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| အေဗီလာ | ၃ - ၂ | ပီအက်စ်ဂျီ |
| အေဗီလာ | ၄ - ၁ | နယူးကာဆယ် |
| မန်စီးတီး | ၂ - ၁ | အေဗီလာ |
| ပဲလေ့စ် | ၃ - ၀ | အေဗီလာ |
| အေဗီလာ | ၁ - ၀ | ဖူလ်ဟမ် |

**ဂျူဗင်တပ်အသင်းကို ရွေးချယ်ရမှာပါ**

စီးရီးအေပွဲစဉ် (၃၆) မှာ အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ လာဇီယိုအသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လာဇီယိုအသင်းဟာ ရာသီအစပွဲစဉ်တွေမှာ အသင်းလိုက်ကစားအားကောင်းခဲ့တဲ့အပြင် တိုက်စစ်ပိုင်း ဂိုးရဖို့လွယ်ကူခဲ့တာကြောင့် ရလဒ်ကောင်းပိုင်ဆိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ ဒုတိယရာသီဝက်ကာလနောက်ပိုင်းမှာ ကစားသမားတွေဒဏ်ရာပြဿနာတွေရှိလာတာကြောင့် ခံစစ်ပိုင်းကျဆင်းခဲ့ပြီး ရလဒ်တည်ငြိမ်မှုမရှိတော့တာဖြစ်ပါတယ်။ အထူးသဖြင့် လာဇီယိုဟာ အိမ်ကွင်းပွဲစဉ်တွေမှာ ခံစစ်ကစားပုံအားနည်းခဲ့တာကြောင့် အိမ်ကွင်း ၁၇ ပွဲမှာ ခုနစ်ပွဲသာ အနိုင်ရခဲ့တာကို သတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲငါးပွဲမှာလဲ နာပိုလီကို နှစ်ဂိုးစီသရေ၊ အူဒီးနီးစ်ကို တစ်ဂိုးစီသရေ၊ တိုရီနိုကို တစ်ဂိုးစီသရေ၊ ရိုးမားကို တစ်ဂိုးစီ သရေ၊ ပါးမားကို နှစ်ဂိုးစီသရေ ရလဒ်ထွက်ပေါ်ခဲ့တဲ့ အိမ်ကွင်းခြေစွမ်းက အားရစရာမကောင်းပါဘူး။ ဒါကြောင့် ပွဲစဉ် (၃၅) ပွဲကစားအပြီးမှာ ရမှတ် ၆၃ မှတ်နဲ့ ဥရောပဝင်ခွင့်ရဖို့ ရုန်းကန်နေရတာဖြစ်ပါတယ်။

စီးရီးအေမှာ ကစားသမားကောင်းတွေပိုင်ဆိုင်ထားတဲ့ ဂျူဗင်တပ်အသင်းဟာ ကစားသမားတွေဒဏ်ရာရနေတဲ့အပြင် နည်းပြနဲ့ကစားသမားကြား နားလည်မှုအလွဲတွေကြောင့် ရမှတ်တွေဆုံးရှုံးခဲ့တာ ဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုရာသီမှာ ဥရောပပြိုင်ပွဲ ကစားခွင့်မရခဲ့တာကြောင့် အမှတ်ပေးပြိုင်ပွဲကိုသာ အာရုံစိုက်ကစားခဲ့ပေမဲ့ နောက်ပိုင်းမှာ ကမ်ဘီယာဆို၊ ဂါတီ၊ ဘာရီမာတို့လို ခံစစ်ကစားသမားတွေ ဒဏ်ရာရသွားတာကြောင့် ခံစစ်ပိုင်းကျဆင်းခဲ့သလို တိုက်စစ်ကလဲ မီလစ်၊ ကူမိုင်နာတို့ဒဏ်ရာရခဲ့လို့ ဂိုးသွင်းအားကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတော့ ရိုးမား၊ ဘိုလော့နာတို့လို အသင်းတွေကို အဝေးကွင်းကနေ သရေရလဒ်ကစားနိုင်ပေမဲ့ ပါးမားလိုအသင်းကို အဝေးကွင်းမှာရှုံးခဲ့တဲ့ ခြေစွမ်းပိုင်းက စိတ်မချရတာကိုတွေ့ရမှာပါ။ ဒါကြောင့် နည်းပြ တူဒေါအနေနဲ့ တိုက်စစ်ကစားအားမြင့်တင်နိုင်မှသာ လာဇီယိုကိုယှဉ်ကစားနိုင်မှာဖြစ်ပြီး ချန်ပီယံလိဂ် ဝင်ခွင့်သေချာမှာ ဖြစ်ပါတယ်။ အခုရာသီ ပထမအကျော့တွေ့ဆုံမှုမှာတော့ ဂျူဗင်တပ်က ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ကစားနိုင်ခဲ့ပြီး နိုင်ပွဲရခဲ့သလို ထိပ်တိုက်တွေ့ဆုံမှုတွေမှာလဲ လာဇီယိုကို အသာရခဲ့တာကြောင့် ဂျူဗင်တပ်အသင်းကို ရွေးချယ်ရမှာပါ။

**လာဇီယိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| လာဇီယို | ၁ - ၁ | ရိုးမား |
| လာဇီယို | ၃ - ၁ | ဘိုဒိုဂလင့် |
| ဂျီနိုအာ | ၀ - ၂ | လာဇီယို |
| လာဇီယို | ၂ - ၂ | ပါးမား |
| အမ်ပိုလီ | ၀ - ၁ | လာဇီယို |

**ဂျူဗင်တပ်အသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ရိုးမား | ၁ - ၁ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၂ - ၁ | လက်ချီ |
| ပါးမား | ၁ - ၀ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၂ - ၀ | မွန်ဇာ |
| ဘိုလော့နာ | ၁ - ၁ | ဂျူဗင်တပ် |

**ဆဲလ်တာဗီဂိုအသင်း အနိုင်ရမှာပါ**

လာလီဂါပွဲစဉ် (၃၅) မှာအကြိုက်တွေ့မိတာကတော့ ဆဲလ်တာဗီဂိုအသင်းနဲ့ ဆီဗီလာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆဲလ်တာဗီဂိုအသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ အဓိက ကစားသမားခေါ်ယူမှုမလုပ်နိုင်ခဲ့ပေမဲ့ နည်းစနစ်ပိုင်းကောင်းခဲ့တာကြောင့် ရလဒ်ကောင်းခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၇) ထိရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာ အဆင့်(၆) က ဘက်တစ်နဲ့ ရမှတ် ၁၁ မှတ်ကွာဟနေတာကြောင့် လက်ကျန်ပွဲသုံးပွဲအလိုမှာ လိုက်မီဖို့ခက်ခဲနေပေမဲ့ အဆင့်(၈) က ဗယ်လ်ကာနို၊ အဆင့်(၉) က အိုဆာဆူနာ၊ အဆင့်(၁၀) မာယော့ကာနဲ့ အဆင့်(၁၁)က ဆိုစီဒက်တို့နဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေတာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲကိုရှုံးခဲ့မယ်ဆိုရင် အဆင့်(၁၀) လောက်ထိကျဆင်းနိုင်ပြီး ယူရိုပါလိဂ်ဝင်ခွင့်ပျောက်ဆုံးမှာဖြစ်လို့ ဆီဗီလာကိုအနိုင်ရဖို့ပြင်ဆင်လာမှာသေချာပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ အမှတ်ပေးဖလားရဖို့ကြိုးပမ်းနေတဲ့ ရီးရဲလ်မက်ဒရစ်နဲ့ အဝေးကွင်းကစားခဲ့ရပေမဲ့ အပြန်အလှန်သွင်းဂိုးတွေနဲ့ အကြိတ်အနယ်ကစားနိုင်ခဲ့ပြီး ရီးရဲလ်မက်ဒရစ်က ဂိုးသမား ကော့တွိုက်လက်စွမ်းပြနိုင်လို့ သုံးဂိုးနှစ်ဂိုးနဲ့ ရှုံးခဲ့တယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးအိမ်ကွင်းပွဲမှာတော့ ဗီလာရီးရဲလ်ကို အဘက်ဘက်က အသာရယူနိုင်ခဲ့ပြီး သုံးဂိုးပြတ်နိုင်ပွဲရခဲ့လို့ အခုပွဲမှာလဲ ဗီလာရီးရဲလ်နဲ့ပွဲက ခြေစွမ်းမျိုးဆိုရင် ဆီဗီလာလိုအသင်းကို ထိန်းချုပ်ကစားနိုင်မှာပါ။

ဆီဗီလာအသင်းဟာ အခုရာသီမှာ နည်းပြပီမီယန်တာနဲ့ လက်တွဲခဲ့ပေမဲ့ပြိုင်ပွဲစုံမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရခဲ့ဘဲ အမှတ်ပေးပွဲမှာလဲ ရလဒ်ကျဆင်းခဲ့တာကြောင့် ပြီးခဲ့တဲ့ဧပြီလမှာ နည်းပြအပြောင်းအလဲပြုလုပ်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲမှာ ရမှတ် ၃၈ မှတ်ရခဲ့တာကြောင့် တန်းဆင်းဇုန်က လွတ်မြောက်ဖို့ လက်ကျန်ပွဲလေးပွဲအလိုမှာ ရမှတ်နှစ်မှတ်သာ လိုအပ်တာနေတာဖြစ်ပါတယ်။ အသင်းအနေနဲ့ နည်းပြသစ်လက်ထက်မှာလဲ စုဖွဲ့မှုအားနည်းချက်ကြောင့် နိုင်ပွဲရဖို့ ရုန်းကန်နေရသလို ပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာလဲ လီဂါနက်စ်လိုအသင်းကို သရေသာကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ခုနစ်ပွဲဆက်မှာလဲ နှစ်ပွဲသာသရေရလဒ်ရခဲ့ပြီး ငါးပွဲရှုံးနိမ့်ခဲ့တဲ့ ခြေစွမ်းပိုင်းက တိုက်စစ်ကစားပုံကောင်းတဲ့ ဆဲလ်တာဗီဂိုအသင်းကို ပွဲချိန်ပြည့် ယှဉ်ကစားဖို့မဖြစ်နိုင်ပါဘူး။ လက်ရှိမှာလဲ ဗားဂက်စ် ၊ နီယန်ဇူ၊ လိုဂွန်ဂါတို့လို ကစားသမားတွေနဲ့ ကစားသမားခြောက်ယောက်ထိ ပါဝင်နိုင်မှာမဟုတ်လို့ ကစားပုံကျဆင်းနိုင်တာကြောင့် ရမှတ်လိုအပ်နေတဲ့ ဆဲလ်တာဗီဂိုအသင်း အနိုင်ရမှာပါ။

**ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| မာယော့ကာ | ၁ - ၂ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၀ - ၂ | အက်စ်ပန်ညို |
| ဘာစီလိုနာ | ၄ - ၃ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၃ - ၀ | ဗီလာရီးရဲလ် |
| ရီးရဲလ်မက်ဒရစ် | ၃ - ၂ | ဆဲလ်တာဗီဂို |

**ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ဆီဗီလာ | ၁ - ၂ | အေတီကို |
| ဗလင်စီယာ | ၁ - ၀ | ဆီဗီလာ |
| ဆီဗီလာ | ၁ - ၁ | အလာဗက် |
| အိုဆာဆူနာ | ၁ - ၀ | ဆီဗီလာ |
| ဆီဗီလာ | ၂ - ၂ | လီဂါနက်စ် |

## ထာဝရလှပသော အပြုံးအတွက်

FDA အမှတ်-2212 PCE 0013

DENTIST RECOMMENDED




# DENTOMEC




**Fluoride** ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး



ရွှေဖီဦး BLACK TEA (ရောင်တာရှား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။

# ရွှေဖီဦး

Black Tea




Tea Mix

Lemon Tea




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၀၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်နေ ဦးဘုန်းမြင့်နိုင် + ဒေါ်တင်လှတို့၏သား မောင်မင်းအောင်စိုး(၅/ကလတ(နိုင်)၀၀၀၇၈၇)သည် မိဘစကားနားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ငွေးနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံး၀(လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်တင်လှ(၉/မနတ(နိုင်)၀၁၀၄၅၈)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန

အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

### COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




### COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊

စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address – accm@accm.gov.mm။

Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်...

❖ "ပညာတတ်" နိုင်ငံသားများဆိုသည်မှာ "အရည်အချင်း"ကို ဆိုလိုပြီး "အများဆုံး"ရှိသည်ဆိုသည်မှာ "အရေအတွက်"ကို ဆိုလို...

❖ မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များ အရေအတွက်အများကြီးရှိသည့် နိုင်ငံဖြစ်လာရန်လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်တွင်ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RT TV Channel နှင့် Krasnaya Zvezda သတင်းစာတို့၏ တွေ့ဆုံမေးမြန်းမှုများကို လက်ခံဖြေကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RT TV Channel မှ အယ်ဒီတာချုပ်၏ သိရှိလိုသည့် မေးမြန်းမှုများကို ဖြေကြားစဉ်။

**နေပြည်တော် မေ ၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RT TV Channel နှင့် Krasnaya Zvezda သတင်းစာတို့၏ တွေ့ဆုံမေးမြန်းမှုများကို မော်စကိုမြို့ Ararat Park ဟိုတယ်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံ၍ သိရှိလိုသည့် မေးမြန်းမှုများကို ဖြေကြားသည်။

ထိုသို့ တွေ့ဆုံမေးမြန်းရာတွင် RT TV Channel မှ အယ်ဒီတာချုပ်နှင့် Krasnaya Zvezda သတင်းစာမှအထူးသတင်းထောက်တို့၏ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုနှင့် နိုင်ငံတကာမှ ကယ်ဆယ်ရေးနှင့် အကူအညီပေးရေးဆိုင်ရာများကို ကူညီဆောင်ရွက်ပေးခဲ့မှု၊ လူသားချင်းစာနာထောက်ထားမှုဆက်ဆံရေးအပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်မြန်မာနိုင်ငံတို့ကြား အခြားနယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားဆိုင်ရာသမိုင်းကြောင်းအပေါ်

စာမျက်နှာ ၁၆ ကော်လံ ၄ ☆

